ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ [illegible] တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ သောကြာနေ့ (21-2-2014) (၇၇၆၃)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄	ဒီဂရီစင်တီဂရိတ်
ပူတာအို	၅	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်စီ

မာတိကာ

အလေ့အထကောင်းများ ပြုစုပျိုးထောင်ပါ
စာမျက်နှာ - ၂

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုများစွာ ရှိလာကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ပြောကြား
စာမျက်နှာ - ၅

တရုတ်နိုင်ငံတွင် ပထမဆုံးဂီတဖျော်ဖြေပွဲ ပြုလုပ်မည့် ရိန်း
စာမျက်နှာ - ၁၂

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ချင်းအမျိုးသားနေ့ညစာစားပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အားပေးချီးမြှင့်သည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကထံမှပေးပို့သည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထက်က ဖတ်ကြားတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ချင်းတွင်းမြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၀

နွေဥတုတွင် အချို့ရေလမ်းပိုင်းများ၌ ရေနက်လမ်းကြောင်း တည်ငြိမ်မှုမရှိဘဲ ရက်သတ္တပတ်အတွင်းမှာပင် ပြောင်းရွှေ့စီးဆင်းတတ်ရာရေနက်လမ်းကြောင်း ပြောင်းမှုမြန်ဆန်ခြင်းကြောင့် ရေယာဉ်များ ရေလမ်းရှာဖွေခုတ်မောင်းရ၍ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချင်းတွင်းမြစ်အတွင်းရှိ မုံရွာမြို့ဆိပ်ကမ်း၊ အလုံဆိပ်ကမ်းနှင့် မင်းကင်းမြို့ဆိပ်ကမ်း ရေလမ်းကြောင်းများ ကောင်းမွန်ရေးအတွက် မျောတိုင်တန်းကျောက်ဖြည့်ရေကာတည်ဆောက်ခြင်းနှင့် သောင်တူးရေယာဉ်ဖြင့် သဲသောင်များတူးဖော်စုပ်ထုတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီလလယ်မှ စတင်၍လုပ်ဆောင်နေကြပြီဖြစ်ရာ လာမည့်မတ်လအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**

ရထားစီးခရီးသွားပြည်သူများ၏ တောင်းဆိုချက်အရ မြို့ပတ်ရထားများတွင် အထူးတွဲတစ်တွဲစီ ထပ်မံချိတ်ဆွဲပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားတွဲဆိုင်းအားလုံးတွင် အထူးတွဲများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် အပြီးတပ်ဆင်ပေးခဲ့ရာ ခရီးသည်တစ်ဦးလျှင် လက်မှတ်ခ ကျပ် ၂၀၀ နှုန်းဖြင့် ပြည်သူများအထူးနှစ်ခြိုက်စွာ စီးနင်းလျက်ရှိသည်။ ထို့ကြောင့် ခရီးသည်အသွားအလာများသော ရုံးချိန်များတွင် အလုအယက်တိုးဝှေ့စီးနင်းနေကြရသည်ကို တွေ့ရှိရသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်များ၏ သွားလာရေးအဆင်မပြေမှုကို ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ခရီးသွားပြည်သူများ၏ တောင်းဆိုချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့အတွက် အထူးတွဲသစ်တစ်တွဲစီကို မြို့ပတ်ရထားတွဲဆိုင်းများတွင် မကြာမီထပ်မံချိတ်ဆွဲ၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထိုသို့ တပ်ဆင်ပြေးဆွဲသွားမည့် အထူးတွဲများ၏ ရထားလက်မှတ်ခမှာလည်း ယခင်အတိုင်း ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀ နှုန်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အလေ့အထကောင်းများ ပြုစုပျိုးထောင်ပါ

အလေ့အထဆိုသည်မှာ လူတစ်ဦး(ဝါ) လူတစ်စု၊ လူတစ်ဖွဲ့က နေ့စဉ်ပုံမှန်လုပ်လေ့ရှိသည့် အလေ့အကျင့်ပင်ဖြစ်သည်။ အကြောင်းအရာတစ်ခုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းဖြင့် အလေ့အထတစ်ခုသဖွယ်ဖြစ်သွား၏။

လူတိုင်းတွင် အလေ့အထကောင်းများရှိသကဲ့သို့ ဆိုးညစ်သောအလေ့အထများလည်း မှီတွယ်နေတတ်၏။ ကောင်းသောအလေ့အထများကို လေ့ကျင့်မွေးမြူနိုင်ရေးသည် အရေးအကြီးဆုံးပင်ဖြစ်သည်။ "တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသည့်စကားရှိ၏။ ဆိုလိုသည်မှာ ငယ်စဉ်ကပင် အပေါင်းအသင်းသူငယ်ချင်းမိတ်ဆွေများကို ရွေးချယ်ပေါင်းသင်းတတ်ဖို့ လိုရင်းပင်ဖြစ်သည်။

လူတို့သည် အလေ့အထကောင်းတစ်ခုဖြစ်တည်ဖို့ထက် အလေ့အထဆိုးများကိုသာ ပို၍လွယ်လင့်တကူလုပ်တတ်ကြ၏။ "လူတို့၏သဘာဝကိုကပင် အလွယ်ကြိုက်ကြသည်။ နံနက်စောစောထ၍ လမ်းလျှောက်လျှင် ကျန်းမာရေးနှင့်ညီညွတ်၍ ကျန်းမာသန်စွမ်းနိုင်သော်လည်း သက်သောင့်သက်သာအိပ်ရာထဲတွင် လဲလျောင်းနေချင်ကြ၏"။ အမှန်တရားကို ပြောဆိုခြင်း(ဝါ)မိမိ၏မှားယွင်းမှုကိုဝန်ခံခြင်းထက် လိမ်ညာ၍ မုသာဝါဒကံကို လွယ်လင့်တကူချိုးဖောက်လျက်ရှိကြ၏။

စင်စစ် ကောင်းသောအလေ့အထများကို အစဉ်ဂရုပြု၍လေ့ကျင့်နေကြရမည်ဖြစ်သည်။ အလေ့အကျင့်ကောင်းများ ပွားများလာသည်နှင့် အလေ့အထကောင်းများစွဲမြဲလာစေ၏။ ယင်းအလေ့အထကောင်းများသည် ကိုယ်ကျင့်တရား၏အခြေခံဖြစ်၍အရေးကြီးလှ၏။ လူတိုင်းက ကောင်းသောအလေ့အထများကို ပြုစုပျိုးထောင်နိုင်မှသာလျှင် အကျင့်စာရိတ္တကောင်းကိုတည်ဆောက်နိုင်မည်ဖြစ်၏။ အကျင့်စရိုက်ဆိုးများသည် ပျက်ယွင်းသော ကိုယ်ကျင့်တရားကိုသာဖြစ်ပေါ်စေနိုင်လေ၏။ စင်စစ် ကိုယ်ကျင့်တရားကောင်းမွန်သည့်သူတစ်ဦးဖြစ်ဖို့ဆိုသည်မှာ အလေ့အထကောင်းများကို ဦးစွာပြုစုပျိုးထောင်ရမည်သာဖြစ်သည်။

ဆိုရလျှင် အလေ့အထကောင်းများကို စနစ်တကျပြုစုပျိုးထောင်နိုင်သည့်အရာမှာ "ပညာရေး"သာဖြစ်၏။ ကျောင်းနေစဉ် ကျောင်းသားကျောင်းသူများ၏ဘဝသည် 'ဘဝ၏လေ့ကျင့်ရေးကွင်း'ဆိုလျှင် မှားနိုင်မည် မဟုတ်ပေ။ ဘဝတစ်လျှောက်အောင်မြင်မှုများရရှိနိုင်ရန် ကျောင်းနေစဉ်ကပင် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရမည်ဖြစ်သည်။ ကျောင်းနေစဉ်ကာလကပင် ထူးချွန်ထက်မြက်သော အလေ့အထကောင်းရှိသော ကျောင်းသား ကျောင်းသူများဖြစ်မှသာလျှင် ခေါင်းဆောင်ကောင်း၊ နိုင်ငံသားကောင်းများဖြစ်နိုင်ပေလိမ့်မည်။

စင်စစ်ကျောင်းသားကျောင်းသူများအား ပြုစုပျိုးထောင်ရန်အကောင်းဆုံးအချိန်သည် ကျောင်းနေစဉ်ကာလသာဖြစ်သည်၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအား လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်မည့် အလေ့အကျင့်ကောင်းများကို ကျောင်းသင်ရိုးများတွင် ထည့်သွင်းသင်ကြားပေးရမည်ဖြစ်၏။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝရေမြေတောတောင်များကို ချစ်ခင်မြတ်နိုးစိတ် ပိုမိုမြင့်မားလာစေရန် ကလေးများအား သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့ခွင့်၊ ခံစားခွင့်များကိုပါ ဖန်တီးပေးနိုင်ရန်ပင်ဖြစ်သည်။

သို့ဖြင့် ငယ်စဉ်ကပင် အလေ့အထကောင်းများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်မှာ အဓိကကျ၏။ သို့မှသာ အလေ့အထကောင်းများဖြင့် ပြည့်စုံထက်မြက်သည့် စံပြကျောင်းသားကျောင်းသူများပေါ်ထွက်လာမည်ဖြစ်သည်။ ထိုသူတို့တွင် ကိုယ်ကျင့်တရားကောင်းများ တည်မှီနေကြမည်ဖြစ်၏။ ထိုသို့သော စံပြထူးချွန်ထက်မြက်သူများမှတစ်ဆင့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ၊ နိုင်ငံသားကောင်းများဖြစ်ထွန်းလာမည်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် ကိုယ်ကျင့်သိက္ခာမြင့်မားသူများ၊ ထူးချွန်ထက်မြက်သူများ၊ ဖြောင့်မတ်မှန်ကန်သူများ၊ ရဲရင့်ပြတ်သားသူများ၊ ဖွဲလုံ့လဝီရိယရှိသူများ၊ နိုင်ငံချစ်စိတ်ရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ။

လူနာတင်ယာဉ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ လူနာတင်ယာဉ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ Pine Forest Services Co.Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်မင်းဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားရာတွင် Pine Forest Services Co.Ltd. အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၂ ခုနှစ် မေ ၆ ရက်တွင် လူနာတင်ယာဉ်နှစ်စီးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် စိတ္တသုခနာရေးကူညီမှုအသင်းအတွက် လူနာတင်ယာဉ်တစ်စီးကိုလည်းကောင်း လှူဒါန်းခဲ့ပြီးဖြစ်သည်ကို သိရှိရကြောင်း၊ ယနေ့အခမ်းအနားသည် မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လူနာတင်ယာဉ်တစ်စီးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှတစ်ဆင့် Pine Forest Services Co.Ltd. မှ ပေးအပ်လှူဒါန်းသည့်အတွက် တတိယအကြိမ်မြောက် လှူဒါန်းမှုဖြစ်၍ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်မင်းဦးက လူနာတင်ယာဉ်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး လှူဒါန်းသည့် လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်	ရွှေဈေး	၆၈၃၁၀၀	-	၆၈၄၁၀၀
မန္တလေး	ရွှေဈေး	၆၈၃၀၀၀	-	၆၈၄၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၅. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၄၃
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၄၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၆၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၅၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၆၅. ၂၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၁၄၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၈. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၁. ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

(၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

အောင်လံ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် အောင်လံမြို့ အောင်မြေရွှေဝါ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးလှထွန်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းကန်ကျေးရွာမှ အရှိုလူငယ်များက အဖွင့်သီချင်းသီဆိုပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုပြီးနောက် အရှိုချင်းအမျိုးသားနေ့ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဆလိုင်းအောင်ကျော်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အထက(၃)မှ အထက်တန်းပြဆရာမ မိုင်ဇင်မာသိန်းက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစန်းလွင်၊ သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေ၊ စေတုတ္တရာ အရှိုတိုင်းရင်းသား ဦးဟန်ထွန်းတို့က (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အမှတ်တရစကားများ ပြောကြားခဲ့ပြီး အရှိုရိုးရာတိုင်းရင်းသားအကများဖြင့် ဖျော်ဖြေပြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အရှိုတိုင်းရင်းသားအကအဖွဲ့ လူငယ်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(IPRD)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

☆ **ရှေ့ဖုံးမှ**

ထို့နောက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်တီယမ်းက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကိုဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်တရားစီရင်ရေးတိုင်ကြားစာနှင့် အသနားခံစာများစိစစ်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်အားကစားဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သော ချင်းတိုင်းရင်းသူ မအောင်ငိုမ်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌက ၂၀၁၃ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိသော ချင်းတိုင်းရင်းသားတိုင်းရင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးငွန်မောင်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများအား ချင်းရိုးရာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး ချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ချင်းရိုးရာအက၊ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဟားခါး၌ (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပ

ဟားခါး ဖေဖော်ဝါရီ ၂၀

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ဝမ္မသူမောင် အားကစားကွင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်ကိုးမြို့နယ်မှ ကိုယ်စားပြုသဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်၍ သဘာပတိ အဖွဲ့ဝင်တစ်ဦးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးဟုန်းငိုင်းထံမှ ပေးပို့သော (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးက ဖတ်ကြားသည်။

ထို့နောက် သစ်သီးဝလံပန်းမန် ပြိုင်ပွဲဆု၊ ဘက်စုံထူးချွန်ကျောင်းသားဆု၊ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဆု၊ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ ဂေါက်သီးရိုက်နှင့် စစ်တုရင်ပြိုင်ပွဲဆု ရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရိုးရာနတ်တိုင်စိုက်ထူပွဲကျင်းပပြီးနောက် အားကစားပွဲများ၊ ရိုးရာအကဖျော်ဖြေပွဲ၊ ခေါင်ကြွဲပွဲများနှင့် ညပိုင်းတွင် တေးဂီတဖျော်ဖြေပွဲများဖြင့် ကျင်းပကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန (အနောက်ပိုင်းခရိုင်ရုံး)၏ စီစဉ်မှုဖြင့် သိမ်ကြီးဈေး(ဂ)ရုံတွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ပိုင်းက အဆိုပါဈေးအပေါ်ဆုံး ထပ်၌ကျင်းပရာ မီးသတ်ဆေးဘူး ဖြင့် လက်တွေ့သရုပ်ပြကြစဉ်။

(မြို့နယ်မီးသတ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

ရက်စွဲ၊ ၁၉-၂-၂၀၁၄။

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား

၁။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်ကျရောက်သော (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်နေ့တွင် ဝမ်းမြောက်စွာဖြင့် ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ ချင်းအမျိုးသားနေ့သည် ချင်းပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးနှင့် အကျုံးဝင်သက်ဆိုင်သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်သာမက မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သော နေ့တစ်နေ့လည်းဖြစ်ပါသည်။

၃။ ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း ပြည်ထောင်စုသားအားလုံး၏ လိုလားဆန္ဒရှိနေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလလည်းဖြစ်ပါသည်။

၄။ ဝိသေသထူးခြားသော ချင်းပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမများအားလုံးက ပြည်ထောင်စုလွှတ်တော်နှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာအကောင်အထည်ဖော်ဆောင်ရွက်ရင်း ကျွန်ုပ်တို့၏ရည်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်နိုင်ကြပါစေကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

○ **ချင်းတွင်းမြစ်မှ**

ရေနည်းပါးသည့် နေရာများတွင် လတ်တလော ရေအနက်ရရှိရေးအတွက် ရေလုံးတစုတစည်းတည်း ဝင်ရောက်လာစေရန် နွေရေကာများကို ဆောင်ရွက်လျက်ရှိရာ မုံရွာမြို့ ဆိပ်ကမ်း ရေလမ်းကြောင်းကောင်းမွန်ရန်အတွက် ဆားလင်းကြီးမြို့နယ် ရုံးပင်ရိုးရွာအနီး ချင်းတွင်းမြစ်တွင်းမှ သဲသောင်ခုံပေါ်တွင် အလျားပေ ၁၃၅၀ ရှိ မျောတိုင်တန်းကျောက်ဖြည့်ရေကာကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ တည်ဆောက်လျက်ရှိရာ လာမည့်နွေရာသီမတ်လ အပြီးတည်ဆောက်နေကြောင်း သိရသည်။

ထို့အတူ မုံရွာမြို့၏ မြောက်ဘက် ချင်းတွင်းတံတား(မုံရွာ) တည်ရှိရာ အလုံမြို့ဆိပ်ကမ်းရေလမ်းကြောင်း ကောင်းမွန်ရန်အတွက် အလုံ ဆိပ်ကမ်းအနီးတွင် ၉၅၂ ပေရှိ မျောတိုင်တန်းကျောက်ဖြည့်ရေကာကိုလည်းကောင်း၊ ချင်းတွင်းတံတားအဝင် ရေလမ်းကောင်းမွန်ရေးအတွက် အလျားပေ ၆၅၀ ရှိ ကျောက်စီရေကာကိုလည်းကောင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလလယ်မှ စတင်တည်ဆောက်ခဲ့ရာ လာမည့်မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချင်းတွင်းမြစ်အတွင်း စီးဝင်လာသည့် သဲနုန်းနှင့် ရေစီးအားကို အသုံးချ၍ မလိုအပ်သောနေရာများမှ သောင်ကျွန်းများကို တိုက်စားမျောပါစေကာ လိုအပ်သောနေရာများ၌ သဲသောင်ကျွန်းမြေများ ဖြစ်ပေါ်လာစေရန်အတွက် မင်းကင်းမြို့ဆိပ်ကမ်းတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ စတင်၍ (ဗ-၁၅၀၁) သောင်တူးရေယာဉ်ဖြင့် သောင်ပြင်ကြီးကို တူးဖော်လျက်ရှိကြောင်း သိရသည်။ ထိုသို့တူးဖော်ရာတွင် မင်းကင်းမြို့ ဆိပ်ကမ်းရေလမ်းကောင်းမွန်ရေးအတွက် မီတာ ၅၀၀၀ ရှိ သဲသောင်ခုံကြီးရှိ သဲပမာဏ ၁၇၅၂၉၃ ကုဗမီတာကို မတ်လတွင် အပြီးတူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

■ **ဘို့တစ်လုံးမှ**

လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ယခုအခါ ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် ဘို့တစ်လုံးကုလားအုတ်ပြကွက်တွင် အထီးနှစ်ကောင်၊ အမ ငါးကောင် စုစုပေါင်း ခုနစ်ကောင်ပြသထားသည့်အနက် ဘို့တစ်လုံးကုလားအုတ်(အမ) ချောစုသည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြကွက်အတွင်း သဘာဝအတိုင်း သားငယ်(အထီး)တစ်ကောင် မွေးဖွားခဲ့ရာ မိခင်ရောသားငယ်ပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

ကိုရီးယားစစ်ပွဲအပြီး ကွဲကွာနေသည့် မိသားစုများ ပြန်လည်ဆုံစည်းခွင့် သုံးနှစ်ကျော်အတွင်း ပထမဆုံးအကြိမ်ရရှိ

ဆိုးလ် ဖေဖော်ဝါရီ ၂၀

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ ရာနှင့်ချီသော မိသားစုဝင်များသည် ကိုရီးယားစစ်ပွဲကြောင့် နှစ်ပေါင်းများစွာ ကွဲကွာနေရာမှ ပြန်လည်ပေါင်းစည်းခွင့်ရရှိခဲ့ကြောင်း၊ ယင်းမှာ သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ဆုံစည်းမှုဖြစ်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသား သက်ကြီးရွယ်အို ၁၀၀ကျော် ပါဝင်သော အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံပိုင်နက်နယ်မြေသို့ ဖေဖော်ဝါရီ ၂၀ရက်တွင် ရောက်ရှိလာကြသည်။

တောင်နှင့်မြောက် ကိုရီးယား နှစ်နိုင်ငံအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးထူထောင်ရန် မြောက်ကိုရီးယားနိုင်ငံက ကမ်းလှမ်းပြီးနောက် ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ရက်အတွင်း နှစ်နိုင်ငံကွဲကွာမိသားစုများ ပြန်လည်ဆုံစည်းရေး အစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ကွဲကွာမိသားစုများနှင့် ပြန်လည် ဆုံစည်းရေး အစီအစဉ်စတင်ခြင်းသည် ဖေဖော်ဝါရီ ၂၄ရက်တွင် စတင်မည့် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စစ်ရေးပူးပေါင်းလေ့ကျင့်မှု မစတင်မီ ပြုလုပ်ခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စစ်ရေးပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါက နှစ်နိုင်ငံ ကွဲကွာမိသားစုများ ပြန်လည်ဆုံစည်းမှု ဆောင်ရွက်ရေး အစီအစဉ်ကိုဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယား အာဏာပိုင်များက အစောပိုင်းကာလများတွင် ခြိမ်းခြောက်ခဲ့သည်။

ဖေဖော်ဝါရီ ၂၀ရက်တွင် တောင်ကိုရီးယားနိုင်ငံသားသက်ကြီးရွယ်အို ၈၂ဦး ဦးဆောင်သော မိသားစု ၅၈ စု ပါဝင်သည့်အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံဘက်သို့ ခရီးသည်တင်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြသည်။

၎င်းတို့ထဲမှ အများစုမှာ ဘီးတပ်ကုလားထိုင်များဖြင့် လိုက်ပါလာကြပြီး နှစ်ဦးမှာ အရေးပေါ်လူနာတင်ယာဉ်များဖြင့် လိုက်ပါခဲ့သည်။ ၎င်းတို့၏ လိုအပ်ချက်အရ ဆေးအကာအကွယ်ပေးရေးအဖွဲ့များ လိုက်ပါခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံမှ မြောက်ကိုရီးယားနိုင်ငံသို့ ကွဲကွာမိသားစုများနှင့် တွေ့ဆုံရန် လာရောက်သည့် အဖွဲ့များက တစ်ဖက်နိုင်ငံ၌ ၎င်းတို့၏ ဆွေမျိုးသားချင်းများအား လက်ဆောင်ပေးရန် အဝတ်အထည်၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများကိုတစ်ပါတည်း ယူဆောင်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

၎င်းတို့သည် မြောက်ကိုရီးယားနိုင်ငံမှ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် စိတ်လှုပ်ရှားဖွယ် တွေ့ဆုံမှုကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကူမန်းတောင်အပန်းဖြေစခန်းတွင် ပြုလုပ်မည်ဖြစ်ပြီး ညစာစားပွဲ အစီအစဉ်များလည်း ပါဝင်သည်ဟု ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသားဦးရေ ၁၈၀ခန့်သည်လည်း အဆိုပါ ကွဲကွာမိသားစုများ ပြန်လည်တွေ့ဆုံပွဲသို့ တက်ရောက်မည်ဟု သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ကွဲကွာနေသည့် မိသားစုများ ပြန်လည်ဆုံစည်းခွင့် အစီအစဉ်တွင် ပါဝင်သော အသက်(၉၁)နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးကိုတွေ့ရစဉ်။

တရုတ်နှင့် တရုတ်(ထိုင်ပေ) ဆက်ဆံရေး တိုးတက် သဘောတူညီချက်နှစ်ရပ် လက်မှတ်ရေးထိုးရန်စီစဉ်

ပေကျင်း ဖေဖော်ဝါရီ ၂၀

ဆက်ဆံရေး ပိုမိုတိုးတက်လာကြသော တရုတ်နှင့် တရုတ်(ထိုင်ပေ)တို့သည် နောက်ထပ်သဘောတူညီချက်နှစ်ရပ်ကို လက်မှတ်ရေးထိုးကြရန် စီစဉ်လျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် တရုတ်(ထိုင်ပေ)တို့သည် မိုးလေဝသ လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြေလျှင် လေ့လာစောင့်ကြည့်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နှစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံဆိုင်ရာ ထိုင်ဝမ်ရေးလက်ကြားဖြတ် ဆက်ဆံရေးအသင်းဥက္ကဋ္ဌ ချန်ဒီမင်းသည် တရုတ်(ထိုင်ပေ)သို့ သုံးရက်ကြာသွားရောက်ချိန်အတွင်း ဖေဖော်ဝါရီ ၂၇ရက်တွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။ တရုတ်စေ့စပ်ဆွေးနွေးရေးမှူးချုပ်သည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟောင်းဖြစ်သည်။

တရုတ်နှင့် တရုတ်(ထိုင်ပေ)တို့သည် ၂၀၀၈ ခုနှစ်နောက်ပိုင်း သဘောတူညီချက် ၂၁ခု အထိ ရှိလာမည်ဖြစ်သည်။ ယင်းသဘောတူညီချက်များသည် သယ်ယူပို့ဆောင်ရေး၊ ဆေးဝါး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နျူကလီးယားဘေးအန္တရာယ်ကာကွယ်ရေးနှင့် အကောက်ခွန်ကိစ္စရပ်များနှင့် သက်ဆိုင်သည်။

တရုတ်နိုင်ငံလိုလားသော ကူမင်တန်ပါတီ ခေါင်းဆောင် မာယင်ကျောက် အာဏာရရှိလာချိန်နောက်ပိုင်းတရုတ်(ထိုင်ပေ)နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိသည်။ စစ်ပွဲကြောင့် ၆၅နှစ်ကြာမျှ ကွဲကွာခဲ့ကြပြီးနောက် ယခုလအစောပိုင်းတွင် ပထမဆုံးအကြိမ် အစိုးရအချင်းချင်း ဆွေးနွေးပွဲကို ပြုလုပ်နိုင်ခဲ့သည်။ **ပီတီအိုင်။**

တရုတ်(ထိုင်ပေ)သို့ အလည်အပတ်ရောက်ရှိလာသူများကို ရိုးရာတေးဂီတနှင့် အကတို့ဖြင့် ဆီးကြိုနှုတ်ဆက်စဉ်။

ရာဂျစ်ဂန္ဒီလုပ်ကြံသူများ လွှတ်ပေးရေးအမိန့် ဆိုင်းငံ့

နယူးဒေလီ ဖေဖော်ဝါရီ ၂၀

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီကို လုပ်ကြံရာတွင် ပါဝင်၍ ပြစ်မှုကျူးလွန်ခဲ့သူ ခုနစ်ဦးကို လွှတ်ပေးရန် အမိန့်အား နိုင်ငံတော်တရားရုံးချုပ်က ဆိုင်းငံ့လိုက်ကြောင်း ကြာသပတေးနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အဆိုပါခုနစ်ဦးကို ထိန်းသိမ်းထားသည့် တမီလ်နာဒူးပြည်နယ်ဝန်ကြီးချုပ်က ၎င်းတို့ လွှတ်ပေးရန် ဗုဒ္ဓဟူးနေ့တွင် အမိန့်ထုတ်ခဲ့သည်။

သို့သော် အိန္ဒိယဗဟိုအစိုးရက ၎င်းအမိန့်ကို ဥပဒေကြောင်းအရ ချက်ချင်းအရေးယူ တုံ့ပြန်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်အမိန့်သည် ဥပဒေနှင့်အညီ ကျိုးကြောင်းခိုင်လုံသောအမိန့် မဟုတ်ဟု ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးပါ ခုနစ်ဦးသည် သီရိလင်္ကာနိုင်ငံ တမီလ်ကျားသူပုန်အဖွဲ့ဝင်များ ဖြစ်ကြသည်။ **ဘီဘီစီ။**

ဗီယင်နာတွင် အီရန်နျူးဆွေးနွေးပွဲ အခြေခံမူများ သဘောတူညီမှုရ

ဗီယင်နာ ဖေဖော်ဝါရီ ၂၀

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ် ကန့်သတ်ရေးအတွက် ပြီးပြည့်စုံသော သဘောတူညီမှုများ ရရှိရေးအပေါ် ဆွေးနွေးပွဲများကျင်းပရန် အခြေခံမူများကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါသဘောတူညီချက်များကို နှစ်ရက်ကြာဆွေးနွေးပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု အီရန် ထိပ်တန်းကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

သို့သော် အဆုံးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက်မှာမူ နှစ်ဖက်သဘောထားက ကွာဟနေဆဲဖြစ်ကြောင်း ဂျာနယ်လစ်များက ပြောသည်။

အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်(စ်) အာရက်ချီက အိုင်အာအန်အေသတင်းဌာနကို ပြောကြားရာတွင် ဆွေးနွေးပွဲအစီအစဉ်များ၊ ဆွေးနွေးပွဲအခြေခံမူများနှင့် နောက်တစ်ကြိမ် ဆွေးနွေးပွဲကို မတ်လ ဒုတိယပတ်တွင် ဗီယင်နာမြို့၌ ကျင်းပရန် ဤဆွေးနွေးပွဲသို့ တက်ရောက်သော အဖွဲ့အားလုံးက သဘောတူကြသည်ဟုဆိုသည်။

ဗုဒ္ဓဟူးနေ့တွင် ကျင်းပသည့် ဒုတိယနေ့ ဆွေးနွေးပွဲသည်အပြုသဘောဆောင်၍ အကျိုးရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြသည်။

သို့သော်လည်း အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့က အဆုံးသတ် သဘောတူညီမှုရရှိရန်မှာ ဖြစ်နိုင်ဖွယ်ရာ မရှိသေးကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောဆိုသည်။

အနောက်နိုင်ငံများက အီရန်သည် နျူကလီးယားလက်နက် ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲသည်။ အီရန်ကလည်း ၎င်း၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာအသုံးပြုရေးအတွက်သာဖြစ်သည်ဟု ချေပပြောဆိုသည်။ **ဘီဘီစီ။**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ယာဉ်မတော်တဆဖြစ် ကလေးငါးဦးအပါအဝင် ၁၀ဦးသေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကရာချိဆိပ်ကမ်းမြို့တွင် ဖေဖော်ဝါရီ ၁၉ရက် ညနေပိုင်းက ကားတစ်စီး တူးမြောင်းအတွင်းသို့ ထိုးကျသွားကြောင်း၊ ကလေးငါးဦး အပါအဝင် ၁၀ဦးသေဆုံး၍ငါးဦးဒဏ်ရာရရှိကြောင်း ဒေသခံသတင်းမီဒီယာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ကရာချိမြို့ရှိ လာရီအဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာသော ကုန်တင်ကားငယ်လေးတစ်စီးက လမ်းဘေးမှ အရံအတားများကို ဝင်တိုက်ပြီးနောက် တူးမြောင်းအတွင်း ထိုးကျသွားခြင်းဖြစ်ကြောင်း၊ ယင်းနေရာသို့ ဒေသခံများ၊ ကယ်ဆယ်ရေး တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ လျင်မြန်စွာ ရောက်ရှိလာကာ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ။

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုများစွာရှိလာကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်ပြောကြား

ဘာသာပြန် - ဒေါက်တာသာစိန်

မစ္စတာ ကင်တားနား

ကုလသမဂ္ဂ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားက မိမိ၏ ခြောက်နှစ်တာ လုပ်ပိုင်ခွင့်ကာလအတွင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများစွာ တိုးတက်မှုရှိလာကြောင်း မြန်မာနိုင်ငံသို့လာရောက်သော ခြောက်ရက်တာ ခရီးစဉ်အပြီး ဗုဒ္ဓဟူးနေ့က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး တိုးတက်မှုများတွင် ယုံကြည်ချက်ဖြင့် အကျဉ်းချခံထားရသူများအား လွှတ်ပေးခြင်း၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရလာခြင်း၊ နိုင်ငံရေးလွတ်လပ်မှုဖြစ်ထွန်းလာခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခအဆုံးသတ်ရေး ကြိုးပမ်းမှုများတွင် အောင်မြင်မှုရလာခြင်းတို့ဖြစ်ကြောင်း ကင်တားနားကဆိုသည်။

အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မီဒီယာများ ယခုလွတ်လပ်မှုရသော အတိုင်းအတာထက် ပို၍ရရန် အဆင့်ဆင့်သောဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၏ တွေးခေါ်မှုအလေ့အထ (mindset)ပြောင်းရန် လိုအပ်နေသေးကြောင်း ကင်တားနားက ထပ်လောင်းပြောကြားသည်။

ထို့ပြင် ကင်တားနားက မိမိ၏လုပ်ပိုင်ခွင့်ကာလအတွင်း ယခင်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုအပြင် လက်ရှိအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုကိုပါ အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုမှသည် နိုင်ငံတကာအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် လူ့အခွင့်အရေးအခြေအနေတိုးတက်အောင် မည်သို့ဆောင်ရွက်ကြမည်ကို ပို၍သိရှိလာမည်ဟု မိမိယုံကြည်ပါကြောင်း ပြောကြားသည်။

မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ခြောက်ရက်တာခရီးစဉ်၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်များနှင့် တွေ့ဆုံခဲ့ပြီး အကျဉ်းထောင်များသို့လည်း သွားရောက်ခဲ့ကြောင်း၊ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း ကင်တားနားကပြောကြားသည်။

ကချင်ပြည်နယ်သို့သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ကင်တားနားက လိုင်ဇာသို့သွားရောက်ရန် အစိုးရကခွင့်ပြုလိုက်ခြင်းမှာ ကေအိုင်အေအဖွဲ့နှင့် ယုံကြည်မှုတည်ဆောက်ရန် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း၊ လိုင်ဇာသို့သွားရောက်ခြင်းဖြင့် ပဋိပက္ခနှင့် လူ့အခွင့်အရေးကင်းမဲ့မှုများ ဆက်စပ်နေသည်ကို ကောင်းစွာသိရှိလာခဲ့ကြောင်း ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ၂၀၁၁ခုနှစ်မေလကစပြီး သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့် ၁၅ကြိမ်ပေးလိုက်ရာတွင် ယုံကြည်ချက်ဖြင့် အကျဉ်းချခံထားရသူ ၁၁၀၀ ကျော်လွတ်မြောက်သွားသည့်အတွက် မိမိ အထူးအားရကျေနပ်ကြောင်း၊ ဒူချီးရားတန်းကျေးရွာ၌ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး အမှန်တရားကိုဖော်ထုတ်ရန် ယုံကြည်စိတ်ချရသော စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို မိမိတိုက်တွန်းသွားမှာဖြစ်ကြောင်း ကင်တားနားကပြောကြားသည်။

ကင်တားနားက သီလဝါ အထူးစီးပွားရေးဇုန်သို့ မိမိသွားရောက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် သီလဝါ စီမံခန့်ခွဲမှုကော်မတီကို ထောက်ပံ့အားပေးရန်လိုသည်ဟု မိမိသဘောပေါက်ကြောင်း၊ သို့မှသာ သီလဝါ အထူးစီးပွားရေးဇုန်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး မေးမြန်းရာ၌ ကင်တားနားက စေ့စပ်ဆွေးနွေးပွဲများတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းသည် တိုင်းရင်းသားခေါင်းဆောင်များအတွက် အမြတ်အစွန်းထွက်သော စီးပွားရေးလုပ်ငန်း အပေးအယူမှ တစ်ဆင့် အကျိုးအမြတ်ရစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် စေ့စပ်ဆွေးနွေးပွဲများအပေါ် သံသယဖြင့် မေးခွန်းထုတ်စရာဖြစ်လာကြောင်းဆိုသည်။

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မေးမြန်းရာ၌ ကင်တားနားက မြန်မာနိုင်ငံ လူ့အခွင့်အရေး စိန်ခေါ်မှုများကို အလေးထားပြီး တရားဥပဒေစိုးမိုးရေးကို ထူထောင်ရန်လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ထောက်ခံပြောကြားသည်။ ကင်တားနား၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် အစီရင်ခံစာကို မတ် ၁၇ရက်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်ပြသွားမည်ဟု သိရသည်။ **[ဆင်ဟွာ]**

ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စွမ်းအင်ဝန်ကြီးဌာနရှိအရာထမ်းများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ရန် ရည်ရွယ်၍ အမေရိကန်သံရုံး၏ အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံမှ Professor Mr. Joseph Vignos က Energy For Specific Purpose(ESP) သင်တန်းကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး အဆိုပါသင်တန်းသို့ စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်း ၂၆ ဦး တက်ရောက်ခဲ့သည်။

ယခုကဲ့သို့ သင်တန်းများ သင်ကြားပို့ချခြင်းအားဖြင့် ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားရန် စီမံထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခန်းပိတ်လှောင်ခိုင်းစေခံရသည့် မြန်မာအလုပ်သမားများအား ကယ်ထုတ်

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ကောင်ရှိ ဖန်ထစ် IT ကုန်တိုက် မျက်နှာချင်းဆိုင် လမ်းတွင်ရှိသော ထိုင်းအစားအစာ အရောင်းဆိုင်တွင် သုံးလခွဲကြာ အခန်းပိတ်လှောင်ခိုင်းစေခံနေရသည့် မြန်မာအလုပ်သမား သုံးဦးအား ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက ကယ်ထုတ်လိုက်နိုင်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောပြချက် အရသိရသည်။

အဆိုပါ အခန်းပိတ်လှောင် ခိုင်းစေခံနေရသည့် မြန်မာအလုပ်သမား သုံးဦးမှာ ဗန်ကောက်မြို့ ဖက်ဘူရီ (၁၅)လမ်း အိမ်အမှတ် (၂/၃) တွင် ဖွင့်လှစ်ရောင်းချသော Feel @ PRATUNAM စားသောက်ဆိုင်တွင် ကနဦးက လုပ်ခအနည်းငယ်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် လုပ်ခလစာ လုံးဝမရရှိတော့ဘဲ သုံးလခွဲတိုင်တိုင် အခန်းပိတ်လှောင် အလုပ်ခိုင်းခံခဲ့ရသူများ ဖြစ်ကြသည်။

အသက်(၁၈)နှစ်အရွယ် မတင်ဇာနိုင်က "သမီးတို့ကို ပထမလမှာ ဘတ်ငွေ ၄၀၀၀ စီပေးပြီး နောက်ပိုင်းမှာ မပေးတော့ပါဘူး။ သမီးတို့ ညနေ ၃ နာရီမှာ ဆိုင်ဖွင့်ရတယ်။ ဆိုင်ခင်းပြီးမှ သမီးတို့ မနက်ထမင်းစားရတယ်။ ည၁၂ နာရီအထိရောင်းပြီးမှ ညနေထမင်းစားရတယ်။ ပြီးရင် အပေါ်ထပ်မှာ ဖျာတစ်ချပ်မှာ ခေါင်းအုံးမပါဘဲ အိပ်ရတယ်။ စောင်တော့ သမီးတို့ တစ်ထည်စီ ဝယ်ထားကြပါတယ်။ ဆိုင်ထဲမှာရှိတဲ့ရေခဲသေတ္တာနှင့် အခြားအရာတွေ အကုန်သော့ခတ်သွားပါတယ်။ နောက်ပြီး အပြင်က တံခါးကိုလည်း သော့ခတ်သွားပါတယ်။ မနက်ပိုင်းမှာ သမီးတို့ ဘာအစားအစာမှ မစားရပါဘူး။ သမီးထွက်ပြေးဖို့ နှစ်ကြိမ်ကြိုးစားခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါဘူး" ဟု MAT နှင့် ပူးပေါင်းအဖွဲ့ကို ပြောခဲ့သည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) ဒါရိုက်တာ ဦးကျော်သောင်းက "ကျွန်တော်တို့ကို ဖေဖော်ဝါရီ ၁၇ ရက်က အဲဒီကကောင်မလေးတစ်ယောက်က အကြောင်းကြားလာပါတယ်။ ကျွန်တော်လည်း လိုအပ်တဲ့ အချက်အလက်တွေ စုဆောင်းတယ်။ ဖေဖော်ဝါရီ ၁၆ ရက် ညနေက MAT ရုံးတာဝန်ခံ ကိုစိုင်းအေးက ထမင်းဘူးဝယ်ပြီး ခက်ခက်ခဲခဲ သွားပို့ပေးခဲ့ရပါတယ်။ လက်ချောင်းကလေးတွေ တံခါးအောက်ကထုတ်ပြီး ယူနေတာကို ဖုန်းကင်မရာနဲ့ ဓာတ်ပုံသေသေချာချာ ရိုက်ယူလာခဲ့ပါသေးတယ်။ ဒါနဲ့ FEDအဖွဲ့နဲ့ တိုင်ပင်ပြီး ထိုင်းအစိုးရလူကုန်ကူးမှု အထူးစုံစမ်းထောက်လှမ်းရေး DSI ကို အကြောင်းကြားတော့ သူတို့က နောက်နေ့မှ လုပ်ဖြစ်မယ်လို့ပြောတယ်။ ဖြစ်ချင်တော့ ဖေဖော်ဝါရီ ၁၉ ရက် နံနက်မှာပဲ ဈေးဆိုင်ပိုင်ရှင်က အလုပ်သမား သုံးဦးကို ဘတ်ငွေ ၅၀၀ ပေးပြီး အတင်းမောင်းထုတ်တယ်။ ရဲနဲ့ခေါ်ဖမ်းခိုင်းမယ်လို့ ခြိမ်းခြောက်လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ (AHTD) ကိုသွားပြီး ချက်ချင်းဆောင်ရွက်နိုင်ခဲ့ကြတာဖြစ်ပါတယ်" ဟုပြော သည်။

ထို့နောက် သုံးလခွဲကြာအခန်းပိတ်လှောင်ခိုင်းစေခံနေရသည့် မြန်မာအလုပ်သမား သုံးဦးတို့၏ဆန္ဒသဘောထားများအရ မိမိလုပ်ထားသည့် လုပ်အားခများ ပြန်ရလျှင် ကျေနပ်သည်ဟု ပြောဆိုသဖြင့် မတင်ဇာနိုင်အား လုပ်အားခဘတ်ငွေ ၁၂၀၀၀၊ မယဉ်အေးအား လုပ်အားခဘတ်ငွေ ၁၂၀၀၀ နှင့် ကိုမိုးအောင်အား လုပ်အားခ ဘတ်ငွေ ၆၀၀၀ တို့ကို AHTD စခန်းထဲတွင် ဆိုင်ပိုင်ရှင်က ရှင်းပေးခဲ့ကြောင်းသိရပြီး တရားမဝင်နေထိုင်ကြသည့်အထောက်အထားမရှိသော မတင်ဇာနိုင်နှင့် မယဉ်အေးတို့အား နွန်ထဘူရီ ကယ်ဆယ်ရေးစခန်းထဲသို့ AHTD ကပို့ဆောင်ပေးခဲ့ကြောင်းနှင့်တရားဝင်ပတ်စ်ပို့ အထောက်အထားရှိသည့် ကိုမိုးအောင်အား ၎င်း၏ အစ်ကိုရှိသည့် ဖလန်ပက်အရပ်သို့ MAT အဖွဲ့က ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ **(ဝဇဝ)**

စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေး ပညာပေးဟောပြော

မိုးကောင်း ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းများ အခြေပြုမီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် တောင်နီကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးမင်းက ကျေးလက်မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အချက်များကိုလည်းကောင်း၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်စွာထွန်းက မီးလောင်ကျွမ်းမှု သဘောသဘာဝများကိုလည်းကောင်း အသီးသီးဟောပြောကြပြီး မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြလေ့ကျင့်ပေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး

ဇင်

(ယမန်နေ့မှအဆက်)

စွမ်းအင်ကဏ္ဍတွင် စွမ်းအင်ဖူလုံရေးအတွက် ရေနံကို မှီခိုအားထားနေရသဖြင့် အစားထိုးစွမ်းအင်ဖြစ်သည့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝလောင်စာများကို ဖော်ထုတ်ရန်အရေးကြီးလှသဖြင့် ဘင်းမ်စတက်စွမ်းအင် ဗဟိုဌာနကို အိန္ဒိယနိုင်ငံ၌ တည်ထောင်ပြီးနောက် ဒေသတွင်း၌ သန့်ရှင်းသော သဘာဝဓာတ်ငွေ့သုံးစွဲနိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေနံတင်သွင်းမှုအပေါ် မှီခိုနေရခြင်းလျှော့နည်းလာစေပြီး အဖွဲ့ဝင်နိုင်ငံများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ တတိယအကြိမ်မြောက် ဘင်းမ်စတက် အဖွဲ့ဝန်ကြီးများအဆင့်အစည်းအဝေးကို နီပေါနိုင်ငံက လက်ခံကျင်းပခဲ့ပြီး တတိယအကြိမ်မြောက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများကြား စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးကိုမူ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့၍ ဘင်းမ်စတက်စွမ်းအင်ဌာန ပုံမှန်လည်ပတ်နိုင်ရေးကို အဓိကထားဆွေးနွေးခဲ့သည်။ စွမ်းအင်လွှဲပြောင်းမှုဖလှယ်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် အလုပ်အဖွဲ့အစည်းကို အိန္ဒိယနိုင်ငံက လက်ခံကျင်းပခဲ့သည်။ ၂၀၁၃-၂၀၁၆ အတွက် စွမ်းအင်လွှဲပြောင်းဖလှယ်ရေး (၄)နှစ်စီမံချက်ကို သဘောတူညီခဲ့သည်။ ဇီဝလောင်စာဆီထုတ်လုပ်မှုနှင့် အသုံးချမှုဆိုင်ရာ ဘင်းမ်စတက်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်အစီအစဉ်ကို ထိုင်းနိုင်ငံက လက်ခံကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဦးဆောင်နိုင်ငံဖြစ်ရာ စွမ်းအင်အရင်းအမြစ်သစ်များနှင့် အခြားဖြည့်တင်းနိုင်သော စွမ်းအင်များကို ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများ ညီလာခံက ချမှတ်ခဲ့သော လုပ်ငန်းစီမံချက်အတိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍတွင်ပထမအကြိမ် BIMSTEC အဖွဲ့ဝင်နိုင်ငံများ ခရီးသွားလုပ်ငန်းအလုပ်သဘောဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၌ လက်ခံကျင်းပခဲ့၍ အောင်မြင်စွာ လက်ခံကျင်းပနိုင်ကြောင်း အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် အသိအမှတ်ပြုခဲ့သည်။ နယူးဒေလီရှိ BIMSTEC သတင်းဗဟိုဌာန တည်ထောင်နိုင်ခဲ့ပြီး အလုပ်သဘောဆွေးနွေးပွဲရလဒ်ကောင်းမွန်ခဲ့သည်။ အဖွဲ့ဝင်တစ်နိုင်ငံချင်းဆီမှာလည်း BIMSTEC ခရီးသွားလုပ်ငန်း ရန်ပုံငွေအတွက် ရန်ပုံငွေထည့်ဝင်ခဲ့ကြသည်။ နှစ်ပတ်လည်အစည်းအဝေးကို အလှည့်ကျကျင်းပခဲ့ပြီး အဖွဲ့ဝင်တစ်နိုင်ငံများဆီမှ တာဝန်ခံအရာရှိတစ်ဦးခန့်အပ်ပြီး BIMSTEC သတင်းထုတ်ပြန်ရေးဌာန ညှိနှိုင်းရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ပထမအကြိမ် Tourism Working Group အား အိန္ဒိယနိုင်ငံတွင် ကျင်းပနိုင်ရေးနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းမှ ရလဒ်များအပေါ် ကြိုဆိုခဲ့ကြပြီး ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ်မြောက် Minister Round Table Conference နှင့် ဒုတိယအကြိမ်မြောက် Tourism Working Group အစည်းအဝေးပွဲ လက်ခံကျင်းပရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကမ်းလှမ်းခဲ့သည်။

နည်းပညာဆိုင်ရာကဏ္ဍတွင် ဘင်းမ်စတက်နည်းပညာလွှဲပြောင်းမှုဖလှယ်ရေးတည်ဆောက်မှုဆိုင်ရာ တတိယအကြိမ်မြောက် ပညာရှင်များအဖွဲ့အစည်းကို သီရိလင်္ကာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးနှင့် ပူးတွဲဆောင်ရွက်နိုင်ရေးအတွက် ကြီးမားသော မျှော်မှန်းချက်ပေးနိုင်သည့် နည်းပညာနယ်ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးများသည် BIMSTEC Technology Transfer Exchange Facility တည်ထောင်ရေးနှင့် ပတ်သက်ပြီး တတိယအကြိမ်မြောက် Expert Group Meeting အား သီရိလင်္ကာနိုင်ငံမှ လက်ခံကျင်းပရန် သဘောတူညီခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် BIMSTEC Technology Transfer Exchane Facility တည်ထောင်ရေးနှင့် ပတ်သက်သော မိတ်ဖက်သဘောတူညီချက် ဆောလျင်စွာချမှတ်နိုင်ရေးအတွက် အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

> **တိုးပွားလာသည့် လူဦးရေကြောင့် ကမ္ဘာတွင် စားနပ်ရိက္ခာပြတ်လပ်မှု မရှိရအောင် စိုက်ပျိုးရေး ထွက်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရေးနှင့် လူဦးရေတိုးပွားမှု ထိန်းချုပ်ရေးကို သဟဇာတ ဖြစ်အောင် ဆောင်ရွက်ရမည်**

ရေလုပ်ငန်းဆိုင်ရာကဏ္ဍတွင် ဒေသတွင်းပညာရှင်များနှင့် သက်ဆိုင်ရာအေဂျင်စီများအကြား ကွန်ရက်ချိတ်ဆက်မြှင့်တင်မှုနှင့် BIMSTEC ဒေသတွင်းရေနှင့်ဆက်စပ်နေသောအပင်များ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ ခုနှစ်များတွင် BIMSTEC International Training Program on Aquatic Plants Tissue Culture အားဖြစ်မြောက်အောင် ထိုင်းနိုင်ငံက ဆောင်ရွက်ပေးခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် လူသားအားလုံးအတွက် အဓိကအခြေခံအဖြစ် လိုအပ်လှသည့် စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ တိုးပွားလာသည့် လူဦးရေကြောင့် ကမ္ဘာတွင် စားနပ်ရိက္ခာပြတ်လပ်မှု မရှိရအောင် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရေးနှင့်လူဦးရေတိုးပွားမှု ထိန်းချုပ်ရေးကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ BIMSTEC အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ ပြည်သူများ၏ဘဝစားဝတ်နေရေး တိုးတက်စေရန် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအောင်မြင်စေရန် အနီးကပ်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ပညာရှင်အဖွဲ့အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉၊ ၂၀ ရက်တွင် နီပေါနိုင်ငံ၌ ကျင်းပခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံအနေဖြင့် စီမံကိန်းကိုးခုအတွက် အဖွဲ့ဝင်နိုင်ငံများမှ အဓိကတက်ရောက်မည့်သူများ၏ အသေးစိတ်စာရင်းကို update ပြုစုပေးရမည်ဖြစ်ပြီး လေးကြိမ်မြောက် BIMSTEC Expert Working Group Meeting on Agriculture Cooperation ဆောလျင်စွာ ကျင်းပနိုင်ရေးအတွက် တိုက်တွန်းလျက်ရှိသည်။

လူထုကျန်းမာရေးကဏ္ဍတွင် တိုင်းရင်းဆေးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀၊ ၁၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အိန္ဒိယအစိုးရကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ပြီး IPR Issues in Traditional Medicine and Regulatory Aspects of Traditional Medicine ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများအားဖြန့်ဝေပေးခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ဆက်သွယ်ရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးကို မြှင့်တင်ရန် (၁၂) ကြိမ်မြောက် ဘင်းမ်စတက်အဆင့်မြင့်အရာရှိများအဆင့် အစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ တိုင်းရင်းဆေးနယ်ပယ်တွင် BIMSTEC Network of National Centers of Coordination တည်ထောင်ရန် အရှိန်မပြတ် ကြိုးပမ်းဆောင်ရွက်ရန်နှင့် တိုင်းရင်းဆေးပညာနယ်ပယ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းလျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာသုတေသနဆိုင်ရာကွန်ဖရင့်နှင့်စာတမ်းဖတ်ပွဲများ (International Research Conference and Symposium) ကျင်းပရန် သီရိလင်္ကာနိုင်ငံက ကမ်းလှမ်းခဲ့သည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍတွင် ဆင်းရဲမွဲတေမှုသည် ဘင်းမ်စတက်အဖွဲ့အနေဖြင့် နေ့စဉ်နှင့်အမျှ တိုက်ဖျက်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့်ကိစ္စဖြစ်သည်။ ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုရရှိရေးအပေါ် အဓိက အာရုံစိုက်ပြီး ဘက်စုံကဏ္ဍစုံမှ ဖြေရှင်းနိုင်ရန် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်မူကြမ်းရေးဆွဲနိုင်ရေး ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် နီပေါနိုင်ငံ Kathmandu တွင် ပြုလုပ်သော ဒုတိယအကြိမ် BIMSTEC Ministerial Meeting တွင်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ပတ်သက်သော Plan of Action (PPA) သဘောတူညီချက်ဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာလွှဲပြောင်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အလေ့ကျင့်ကောင်းများ မျှဝေပေးခြင်း၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးသူများအတွက် ရည်ရွယ်ထားသော အစီအစဉ်များကို အကောင်အထည်ဖော်ခြင်း၊ လူမှုကာကွယ်ရေးစသည်တို့ကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ် BIMSTEC Ministerial Meeting on Poverty အား လက်ခံကျင်းပရန် သီရိလင်္ကာနိုင်ငံက ကမ်းလှမ်းခဲ့သည်။

အကြမ်းဖက်မှုနှင့်နိုင်ငံဖြတ်ကျော်မှုခင်းကဏ္ဍတွင် (၁၃)ကြိမ်မြောက် ဝန်ကြီးများအဆင့်အစည်းအဝေးတွင် ၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် ဝန်ကြီးများအဆင့်အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှု၊ နယ်စပ်ဖြတ်ကျော်အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်ခြင်းနှင့် နိုင်ငံတကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘင်းမ်စတက်ညီလာခံ လက်မှတ်ရေးထိုးခဲ့ခြင်းသည် နိုင်ငံတကာအကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ စုပေါင်းကျူးလွန်သည့် ရာဇဝတ်မှုများ၊ တရားမဝင်မှောင်ခိုကူးမှုကို ပူးပေါင်းတိုက်ဖျက်ကြမည်ဟု သန္နိဋ္ဌာန်ချထားခြင်းပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်မှုသည် နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ကမ္ဘာ့နိုင်ငံများရှိ ပြည်သူလူထု၏လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့အပြင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုစသည့်နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်နေပြီး ဘင်းမ်စတက်နိုင်ငံတကာ၏အကြမ်းဖက်မှု၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ထောက်ခံကြခြင်းသည် ဘင်းမ်စတက်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ခြင်းပင်ဖြစ်သည်။ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းတန်ပြန်ရေး (၅)ကြိမ်မြောက် ပူးတွဲလုပ်ငန်းကော်မတီကို နီပေါနိုင်ငံ ခေတ္တမန္ဒူတွင်လည်းကောင်း၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဆိုင်ရာ ဘဏ္ဍာရေးသုံးစွဲမှု (၄)ကြိမ်မြောက် ဆပ်ကော်မတီအစည်းအဝေးကို ထိုင်း နိုင်ငံတွင်လည်းကောင်း ကျင်းပခဲ့သည်။

ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတွင် ပထမအကြိမ်ဝန်ကြီးများအဆင့်အစည်းအဝေးကို ၂၀၀၄ ခုနှစ် မေ ၂၃၊ ၂၄ ရက်တွင် ဘူတန်နိုင်ငံ၌ ကျင်းပခဲ့သည်။ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးအတွက် အနှစ်ချုပ်စာတမ်းကို ဘူတန်မှ ချပြခဲ့ပြီး ယဉ်ကျေးမှုဆိုင်ရာလုပ်ပိုင်ခွင့်အခြားအစီအစဉ်များချမှတ်နိုင်ရန် နည်းလမ်းရှာဖွေခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❖

ဒီမိုကရေစီ
အနှစ်သာရ
ခံစားလိုက
အချိန်ပေးကြ

လွှတ်တော်ရေးရာ

●ပြည်ထောင်စုလွှတ်တော်မှ

၂၀၁၃ ခုနှစ် ဩဂုတ်လ (၂၇)ရက်စွဲပါအမှတ်၊ ၁၆၂၄/၃၇၉-လမ်းညွှန်ချက် /၁-၁၉/အဖရ(၂၀၁၃)ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့အား လယ်ယာမြေဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဝန်ကြီးချုပ်ဦးဆောင်သည့် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသည် ဒေသအတွင်းရှင်းလင်းရန်ရှိသောအမှုကိစ္စများကို ဥပဒေနှင့်အညီ Case by Case ရှင်းလင်းဆောင်ရွက်ရန်၊ ဝန်ကြီးချုပ်ဦးဆောင်သည့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရှင်းလင်းပြီးပြတ်မှုအစီရင်ခံစာကို တစ်လတစ်ကြိမ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လိပ်မူပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသို့ မိတ္တူပေးပို့ရန်၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အမှုတွဲကိုင်အဖွဲ့ သီးခြားသတ်မှတ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ သဝဏ်လွှာပေးပို့နိုင်ရေး အစီရင်ခံစာပြုစုပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့မှစ၍ (၂)လတစ်ကြိမ် သမ္မတဦးစီးရုံးသို့ ပေးပို့ရန်လိုအပ်သော အကြံပြုချက်များအား နိုင်ငံတော်သမ္မတသို့ ရှင်းလင်းတင်ပြရန် ညွှန်ကြားခဲ့ပါကြောင်း။

ယင်းပြင် အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ မြေယာကိစ္စရပ်များကို ထိရောက်မြန်ဆန်စွာဖြေရှင်းပေးနိုင်ရေးအတွက် ဒုတိယသမ္မတဦးဆောင်သော မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါမြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ ၂၄ ရက်၊ အောက်တိုဘာလ ၂၅ ရက်နှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့များတွင် စုစုပေါင်း (၄)ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ အစည်းအဝေးများတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သိမ်းဆည်းမြေများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆောင်ရွက်ပေးသွားမည့်အစီအမံများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် သတင်းစာရှင်းလင်းပွဲများပြုလုပ်ပေးခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ခြင်း၊ စွန့်လွှတ်မြေများနှင့် ပတ်သက်၍ သက်ဆိုင်သူများလက်ဝယ်သို့ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရောက်ရှိစေရေးအတွက် သိမ်းဆည်းမြေများဆိုင်ရာ လုပ်ထုံးလုပ်နည်းများစာအုပ်ကိုရေးသားဖြန့်ဝေခြင်း၊ မြေသိမ်းယူခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သည့် သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်စေခြင်း စသည်တို့ကို ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးဆောင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် မြေယာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်များသို့ ကွင်းဆင်း၍ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီအဆင့်ဆင့်နှင့် တွေ့ဆုံညှိနှိုင်းဖြေရှင်းဆွေးနွေးခဲ့ပါကြောင်း။

မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်အနေဖြင့် မြေယာကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် သိမ်းဆည်းထားသည့်မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်နေမှု အခြေအနေ၊ ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းလိုအပ်ချက်များအရ အဆောက်အအုံများ ဆောက်လုပ်ထားမှု အခြေအနေ၊ အများပြည်သူ အကျိုးပြုအခြေခံအဆောက်အအုံများ (Infrastructure) အတွက် အသုံးပြုထားသည့် အခြေအနေစသည်ဖြင့် မြေအမှန်တကယ်အသုံးချမှုကို စိစစ်ရန်၊ သိမ်းဆည်းထားသည့်မြေများအား ဒေသစီးပွားတိုးတက်မှုနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုတို့အတွက် အကျိုးရှိစွာ အသုံးချမှု ရှိ/မရှိစိစစ်ရန်၊ မြေကေများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ခြင်း မရှိဘဲ အကျိုးမဲ့ဖြစ်နေမှုများကို စိစစ်ရန်၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ်ထိရောက်စွာ အသုံးပြုနေသည့် မြေများကိုဆိုင်ရာဌာနများမှ စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာသိမ်းဆည်းထားသည့်ဌာနနှင့် အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင် အစစ်အမှန်များသို့ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်လွှဲပြောင်းပေးရန်ညွှန်ကြားထားပါကြောင်း။

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ မြေယာကိစ္စစုစုပေါင်း (၇၄၅) မှုတွင် တိုင်ကြားသူများမှ ၎င်းတို့သိမ်းဆည်းခံရသည်ဟု တင်ပြထားသည့် အစီရင်ခံစာအပိုင်း(၁)ပါ (၅၆၅)မှုတွင် (၃၂၁၅၆၇. ၄၉၈) ဧက၊ အစီရင်ခံစာအပိုင်း(၂)ပါ (၆၃)မှုတွင် (၅၃၂၁၆. ၀၁၄)ဧက၊ အစီရင်ခံစာအပိုင်း(၃)ပါ (၁၁၇)မှုတွင် (၁၃၇၄၂၀. ၁၈၉) ဧက ဖြစ်ရာ စုစုပေါင်းတိုင်ကြားမှု (၇၄၅) မှုတွင် မြေဧရိယာ (၅၁၂၇၀၄. ၇၀၁) ဧက ဖြစ်ပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များအရ အစီရင်ခံစာများပါ စုံစမ်းစစ်ဆေးမှုစုစုပေါင်း (၇၄၅)မှုသည် ယခင်အစိုးရအဆက်ဆက်ကာလ နှစ်ပေါင်း (၅၀) နှစ်အတွင်းက ဖြစ်ပွားခဲ့သော ဖြစ်ရပ်များဖြစ်ပြီး ခေတ်အဆက်ဆက်ကာလက နိုင်ငံတော်၏အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြခြင်း၊ ထိုသို့စီမံခန့်ခွဲကြရာတွင် မြေအမျိုးအစားအပေါ်တည်၍ ဝန်ကြီးဌာနအသီးသီးက ပြည်ထဲရေးဝန်ကြီးဌာနက မြို့မြေ၊ ရွာမြေ၊ သာသနာ့မြေ၊ ဗဒ္ဓသိမ်မြေ၊ မြစ်ကမ်း၊ သဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံမြေ၊ စားကျက်မြေများနှင့် နိုင်ငံသားအမည်ပေါက်မြေများ စီမံခန့်ခွဲခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာမြေ၊ မြေလွတ်/မြေလပ်နှင့် မြေရိုင်းများကိုစီမံခန့်ခွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ၊ ဘေးမဲ့တောများ၊ သဘာဝ တောရိုင်းနယ်မြေများ သတ်မှတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းများကိုဆောင်ရွက်ခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက ဓာတ်သတ္တုကန့်သတ်နယ်မြေများနှင့် ရတနာ့နယ်မြေများ သတ်မှတ်ဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်လမ်းမကြီးများ၊ စက်မှုဇုန်များ၊ အိမ်ရာစီမံကိန်းများ၊ လူနေမြေကွက်များဖော်ထုတ်ခြင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနက မြစ်ချောင်း၊ ရေအောက်မြေများကို စီမံခန့်ခွဲခြင်းနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများက စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြေများကိုစီမံခန့်ခွဲခြင်းတို့ဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အထက်ပါအတိုင်း မြေအမျိုးအစားအလိုက် စီမံခန့်ခွဲဆောင်ရွက်ရာတွင် လယ်ယာမြေအငြင်းပွားမှုများအတွက် လယ်ယာမြေဥပဒေ၊ အခန်း(၈)၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေဥပဒေပုဒ်မ ၂၂ မှ ၂၅ အထိ တိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဥပဒေပုဒ်မ ၂၅(ဂ)တွင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည်အပြီးပြတ်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စွာ မြေယာအငြင်းပွားမှု (တစ်)မှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ဦးစွာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းကို ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးကြားနာပြီး အမှုတွဲစတင်ဖွင့်လှစ်သည့်နေ့မှ (၁၅) ရက်အတွင်း ဆုံးဖြတ်ချက်အမိန့်ချမှတ်ခြင်း၊ ရက်ပေါင်း (၃၀)အတွင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အယူခံလွှာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဆုံးဖြတ်ချက်အမိန့်ချမှတ်ခြင်း၊ ရက်ပေါင်း (၃၀) အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ အယူခံလွှာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ဆုံးဖြတ်ချက်အမိန့်ချမှတ်ခြင်း၊ ရက်ပေါင်း (၆၀) အတွင်း တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အယူခံလွှာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အပြီးအပြတ် ဆုံးဖြတ်ချက် အမိန့်ချမှတ်ခြင်းတို့အား သာမန်အားဖြင့် ရက်ပေါင်း (၁၃၅)ရက်ခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း။

အချို့သောတောင်သူများ တင်ပြသည့် မြေအမျိုးအစားများမှာ ၎င်းတို့မပိုင်ဆိုင်သည့် မြေလွတ်၊ မြေရိုင်းများ၊ စားကျက်မြေများ၊ သစ်တောမြေများဖြစ်ကြောင်းတွေ့ရှိရပါကြောင်း၊ ထိုသို့တင်ပြမှုလွဲမှားနေခြင်းများအပေါ်တွင်လည်း အထောက်အထားခိုင်မာစွာရရှိရေးအတွက် ဆောင်ရွက်နေရခြင်း၊ ဥပဒေနှင့်ညီညွတ်စွာ စိစစ်ဆောင်ရွက်နေရခြင်းတို့ကြောင့် အချိန်ကြန့်ကြာရခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါမြေများဖြစ်ပါက စွန့်လွှတ်မြေများအား သက်ဆိုင်သူများ လက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီတို့ကလည်းကောင်း၊ စားကျက်မြေဖြစ်ပါက ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ သစ်တောမြေဖြစ်ပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနကလည်းကောင်း စသည်ဖြင့်အဆင့်ဆင့်စိစစ်ခြင်းနှင့် မူလမြေအမျိုးအစားမှ ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်ရခြင်းကြောင့် အချိန်ကာလတစ်ခုထိ ကြာမြင့်နေရခြင်းဖြစ်ပါကြောင်း။

ပြန်လည် စွန့်လွှတ်သည့်မြေများကို ပြန်လည် ရယူလိုသူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ မိမိအမှန်တကယ် ပိုင်ဆိုင်သည့် အထောက်အထား ခိုင်ခိုင်မာမာဖြင့် လျှောက်ထားရန် လိုအပ်ပြီး အထောက်အထားခိုင်လုံမှသာ သက်ဆိုင်သူများ လက်ဝယ်သို့ မြန်မြန်ဆန်ဆန် ပြန်လည် ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌကို လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင် ဒေသခံရပ်မိရပ်ဖတစ်ဦးဦးကိုလည်းကောင်း အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားသဖြင့် လျှောက်ထားသည့်တောင်သူများအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အစီရင်ခံစာအပိုင်း(၁)၊(၂)၊(၃)ပါ မြေယာအငြင်းပွားမှု စုစုပေါင်း ၇၄၅ မှုအား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်အထိ အကြောင်းရင်းခိုင်မာ၍ စွန့်လွှတ်ခြင်းမပြုသည့် မြေယာများဖြစ်သည့် နိုင်ငံတော် စီမံကိန်းများဖြစ်သည့် လမ်းဖောက်လုပ်ခြင်း၊ တံတားကြီး/ငယ်များ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံများ တည်ဆောက်ခြင်း၊ တပ်ရင်းတပ်ဖွဲ့များ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးခြံများ တည်ဆောက်ခြင်းအတွက် ဥပဒေနှင့်အညီ မြေသိမ်းမြေလွှဲခြင်းများ ဆောင်ရွက်ပြီး၍ သိမ်းဆည်းမြေများအား အကြောင်းရင်း ခိုင်မာမှုကြောင့် စွန့်လွှတ်ခြင်းမပြုနိုင်သည့် မြေ (၃၅၈)မှု၊ ဧရိယာ (၃၃၂၈၉၄. ၇၂၃) ဧကနှင့် လျော်ကြေးပေးပြီးဖြစ်၍ ညှိနှိုင်းပြေလည်သွားသဖြင့် မစွန့်လွှတ်သည့် မြေ(၅)မှု၊ ဧရိယာ (၁၆၉၈. ၉၈) ဧကဖြစ်ပါကြောင်း၊ စုစုပေါင်း (၃၆၃)မှုတွင် မြေဧရိယာ (၃၃၄၅၉၃. ၇၀၃) ဧကကို စွန့်လွှတ်ခြင်းမပြုနိုင်ကြောင်း တင်ပြအပ်ပါကြောင်း၊ ဥပမာအနေဖြင့် နေပြည်တော်၊ လယ်ဝေးမြို့နယ်တွင် တည်ရှိသော လေယာဉ်ကွင်းတည်ဆောက်ရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သိမ်းယူခဲ့သည့်မြေများအတွက် လျော်ကြေးပေးချေခဲ့ပြီး ဖြစ်ခြင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းဆောက်လုပ်ပြီး ဖြစ်ခြင်းတို့ကြောင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ကြောင်းကို တင်ပြအပ်ပါကြောင်း။

တစ်စိတ်တစ်ဒေသကို စွန့်လွှတ်သည့်မြေယာများဖြစ်သည့် နိုင်ငံတော်စီမံကိန်းများဆောင်ရွက်ပြီး ပိုနေသည့်မြေများကို ပြန်လည်ပေးအပ်ရန် စိစစ်ခဲ့ရာတွင် မြေယာ (၅၁)မှုတွင် သိမ်းဆည်းမြေဧရိယာ (၇၉၀၂၆. ၆၉) ဧကရှိသည့်အနက် ဧရိယာ (၃၈၉၅၆. ၀၆) ဧကကို ပြန်လည်ပေးအပ်မည်ဖြစ်ပြီး ၎င်းမြေများအနက်မှ (၅၈၇၂ . ၆၅) ဧကအား သက်ဆိုင်သူများကို ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်မြေများကို ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပြည်သူများ လက်ငင်းအကျိုးခံစားခွင့်ရရှိအောင်လုပ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

World Bank ၏ ၂၀၁၄ ခုနှစ် Doing Business Report ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် အကဲဖြတ်သည့် နိုင်ငံ ၁၈၉ ခုအနက် ၁၈၂ နေရာတွင် ရှိခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ၏ Doing Business အဆင့်တိုးမြှင့်နိုင်ရန် ဝန်ကြီးဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရေးအတွက် International Finance Corporation (IFC)မှ အကူအညီပေးလျက်ရှိသည်။ ယင်းကူညီထောက်ပံ့မှု၏ အစီအစဉ်တစ်ရပ်အနေဖြင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မိမိတို့နိုင်ငံအနေဖြင့် ယခင်က Doing Business အကဲဖြတ်သည့် နိုင်ငံစာရင်းတွင် မပါဝင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ် အစီရင်ခံစာတွင် ပါဝင်လာခဲ့ကြောင်း၊ သို့ရာတွင် အဆင့်သတ်မှတ်ချက်မှာ ၁၈၂ ဖြစ်နေသဖြင့် ကျေနပ်ဖွယ်မကောင်းသေးကြောင်း၊ သို့ဖြစ်၍ ယခုထက် ပိုမိုကောင်းမွန်သည့်အနေအထားသို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့ဆန္ဒများကို ဖြည့်ဆည်းရာတွင် ပြည်သူလူထုအနေဖြင့် ချက်ချင်းအကျိုးခံစားရမည့်လုပ်ငန်းများနှင့် ရေရှည်အကျိုးခံစားရမည့်လုပ်ငန်းများကို ခွဲခြားသုံးသပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်သူတို့၏ လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်သူတို့အတွက် အရေးကြီးသည့်အချက်များကိုလည်းကောင်း လေ့လာသုံးသပ်ရန်လည်း လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပိုကုန်ကျမှုများ မရှိစေဘဲ လုပ်ငန်းအဆင့်များလျှော့ချခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် လက်ငင်းအကျိုးခံစားခွင့်ရရှိအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများ လုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေနှင့် တန်းတူလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် အဓိကကျသည့် အစိုးရယန္တရားကိုပိုမိုကောင်းမွန်အောင်ပြုပြင်ရာ၌ မလိုအပ်သည့်လုပ်ငန်းအဆင့်များ လျှော့ချခြင်း၊ အချိန်ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် နည်းလမ်းများ ရှာဖွေခြင်းအားဖြင့် ပြည်သူ့အကျိုးကို စေတနာဖြင့် အဆင်ပြေအောင် ကူညီပံ့ပိုးသည့်စိတ်ဖြင့် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အစိုးရယန္တရားတွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ပေါ်လွင်ထင်ရှားသည့် ရလဒ်များပေါ်ထွက်လာအောင် လုပ်ကိုင်ကြရန် လိုကြောင်း၊ သို့မှသာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများအနေဖြင့် ရေတိုရေရှည်အကျိုးကို ခံစားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်ချိန်ကာလအဖြစ် ယခုနှစ်မတ်လကုန်အတွင်း လိုအပ်သည်များ ပြီးပြတ်အောင်ပြင်ဆင်၍ လာမည့်ဘဏ္ဍာနှစ် နှစ်ဆန်းမှစတင်ကာ သိသာထင်ရှားသည့် အကျိုးရလဒ်များ ပေါ်ထွက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အဓိကဦးတည်ချက်မှာ Doing Business အဆင့် ပိုမိုကောင်းမွန်လာစေရေးသက်သက်ကိုသာ ဆောင်ရွက်ခြင်း မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားအခြေအနေများ ပိုမိုမြင့်မားလာအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ရာ၌လည်း ဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းမှုကောင်းမွန်စွာဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် International Finance Corporation မှ Senior Officer Mr.Charles Schneider က ရှင်းလင်းဆွေးနွေးရာတွင် နောက်ဆုံးထုတ်ပြန်ခဲ့သည့် Doing Business 2014 အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၈၂ ဖြစ်ခဲ့ကြောင်း၊ သို့သော် ဤတိုင်းတာမှုသည် အခြေခံအချက်ကြီး ၁၁ ချက်အပေါ်တွင်သာ လေ့လာအကဲဖြတ်ထားခြင်းဖြစ်ပြီး ကဏ္ဍအားလုံးကို လွှမ်းခြုံအကဲဖြတ်ခြင်း မဟုတ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း၊ အစိုးရအနေဖြင့် Doing Business အဆင့်ပိုမိုကောင်းမွန်ရေးကိုသာ ဦးတည်နေသည်မဟုတ်ဘဲ ပြည်သူလူထု၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးတည်ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် မှန်ကန်သော လုပ်ဆောင်ချက်ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း ပြောကြားကာ ကမ္ဘာ့ဘဏ်၏ Doing Business အကဲဖြတ်ချက်အရ ကဏ္ဍအလိုက် တွေ့ရှိရသည့် အားနည်းချက်များနှင့် ၎င်းအားနည်းချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည့် အချက်များအား အကြံပြုဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်အပေါ် တက်ရောက်လာသူများက ပြန်လည်ဖြည့်စွက်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ Doing Business နှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **စာမျက်နှာ ၇ မှ**

ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ မြောင်းမြဂုန်နီစက်ရုံပိုင် မြေဧရိယာ ၃၈၈ ဧကအနက် စက်ရုံအတွက် အသုံးပြုရန်မလိုအပ်သဖြင့် ၁၁၅ ဒသမ ၉၈ ဧကအား သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုံးဝစွန့်လွှတ်သည့် မြေယာများဖြစ်သည့် စီမံကိန်းများဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်ရွယ်၍ သိမ်းယူခဲ့သော်လည်း မူလရည်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် သိမ်းဆည်းမြေများအားလုံး စွန့်လွှတ်မည့် မြေယာကိစ္စ (၁၀၁) မှုအတွက် တိုင်ကြားစာပါမြေဧရိယာ (၁၉၇၈၈ ဒသမ ၂၅၀)ဧကဖြစ်သော်လည်း ပြန်လည်စွန့်လွှတ်ပေးမည့် မြေဧရိယာမှာ (၂၅၃၃၆ ဒသမ ၄၄၀) ဧကဖြစ်သဖြင့် တိုင်ကြားစာပါဧကထက် (၅၅၄၈ ဒသမ ၁၉)ဧကပိုမိုစွန့်လွှတ်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ စွန့်လွှတ်မြေများအနက် (၅၆၅၅ ဒသမ ၁၃) ဧကအား သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ခဲ့ပြီး ကျန်မြေများကိုလည်း သက်ဆိုင်သူများထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဥပမာအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တိုင်ကြားစာပါဧကမှာ (၁၁၀၆) ဧကဖြစ်ပြီး တပ်မတော်မှ ပြန်လည်စွန့်လွှတ်ပေးသည့်ဧကမှာ (၁၆၃၇)ဧကဖြစ်ပါကြောင်း၊ တပ်မတော်မှပြန်လည်စွန့်လွှတ်ပေးခဲ့သော်လည်း မြေယာပိုင်ဆိုင်မှုအငြင်းပွားမှု ဖြစ်ပွားနေသဖြင့် သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်နိုင်ခြင်း မရှိသေးကြောင်း သိရှိရပါကြောင်း၊ အကြောင်းအရာတူ တိုင်စာများဖြစ်သည့် အစီရင်ခံစာ အပိုင်း (၁)၊ (၂)၊ (၃)တွင် ပါဝင်သည့် (၇၄၅)မှုအနက် (၃၈)မှုမှာ အကြောင်းအရာတူ တိုင်ကြားစာများဖြစ်ပြီး မြေဧရိယာမှာ (၃၆၁၆ ဒသမ ၆၀) ဧကဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အငြင်းပွားသည့် မြေယာများဖြစ်သည့် မြေယာကိစ္စ (၁၃၅) မှုမှ မြေဧရိယာ(၃၈၃၀ ဒသမ ၉၁) ဧကမှာ ဌာနဆိုင်ရာများက သိမ်းယူခဲ့ခြင်းမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များက တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားရယူခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တိုင်ကြားသူများအကြား သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ပြေလည်မှုမရသဖြင့် ၎င်းတို့နှစ်ဦးနှစ်ဖက် ဥပဒေကြောင်းအရသာဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ ဦးမြတ်ညွန့်ပါ တောင်သူ (၂၉) ဦးနှင့် MFF ကုမ္ပဏီသို့ အငြင်းပွားမှုဖြစ်ပွားရာတွင် သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများက နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းပေးသော်လည်း ညှိနှိုင်း၍ မရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းရန် သက်ဆိုင်သူများသို့ အကြောင်းကြားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က ပေးပို့ခဲ့သည့် အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)ပါ မြေယာကိစ္စ (၇၄၅) မှုအနက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ မြေယာကိစ္စရပ် (၆၈၈) မှုကို စိစစ်ပြီးကြောင်း၊ စွန့်လွှတ်မြေများအား သက်ဆိုင်သူများ၏ လက်ဝယ်သို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အကြောင်းရင်းခိုင်မာ၍ မစွန့်သည့် မြေအချို့တွင် မြေယာ၊ နစ်နာကြေးနှင့် လျော်ကြေးပေးအပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေစာရင်း၌ တောင်းခံထားဆဲဖြစ်ခြင်း၊ မူလပိုင်ရှင်များ၏ လက်ဝယ်သို့ မှန်မှန်ကန်ကန် ရောက်ရှိအောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထပ်မံပေးပို့ခဲ့သည့် တိုင်ကြားစာ (၃၃၈၇) စောင်၊ အစီရင်ခံစာအပိုင်း(၄) တိုင်ကြားစာ နှစ်စောင်တို့ကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်၊ မိုင်းပြင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် တင်သွင်းသည့် "အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃) အပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာဖြင့် အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးရေး" အဆိုပါ တင်ပြချက်များအရ စုံစမ်းရေးကော်မရှင်အနေဖြင့် နစ်နာသူတောင်သူများ၏ တိုင်ကြားစာများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ (၄၂၄၃) စောင်ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနသို့ (၂၁၉၂)စောင်၊ စုစုပေါင်း (၆၄၃၅)စောင်ကိုလည်းကောင်း လွှဲပြောင်းပေးပို့ခဲ့သည်ဆိုသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ထပ်မံပေးပို့လာသော အထက်အပိုဒ်ဖော်ပြပါ (၃၃၈၉) စောင်ကိုသာ လက်ခံရရှိခဲ့ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်က ကာကွယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တိုက်ရိုက်ပေးပို့ခဲ့သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မသိရှိရဘဲ အမြန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တွင် ထပ်မံပေးပို့မည့် တိုင်ကြားစာများအား ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့သင့်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပေးပို့ပြီး ဗဟိုကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ ပေးပို့ဖြေရှင်းဆောင်ရွက်စေပါက လုပ်ငန်းများစနစ်တကျ စီမံဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းအပြင် တိုင်ကြားစာများပေးပို့ရာတွင် နောက်ဆက်တွဲအနေဖြင့် မပေးပို့ဘဲ အစီရင်ခံစာ အပိုင်းလိုက် အမှတ်စဉ်တပ်၍ ပေးပို့ပါက ရှင်းလင်းလွယ်ကူမည်ဖြစ်ပါကြောင်း။

ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ရုံးများသို့ ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် မိမိတို့ တိုင်ကြားထားသည့် မြေများပါဝင်ခြင်း ရှိ၊ မရှိကို စုံစမ်းပြီး ပါဝင်ပါက သက်ဆိုင်ရာ၊ ရပ်ကွက်/ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားရန်ဖြစ်ပြီး မှန်ကန်မှုရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်သူများသို့ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃) အပါအဝင် ထပ်မံပေးပို့လာသော တိုင်ကြားစာများကို ဒုတိယသမ္မတဦးစီးသော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီက ကြီးကြပ်ဆောင်ရွက်လျက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကော်မတီများက ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဆိုင်ကယ်ဦးထုပ်များ အခမဲ့ဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ယာဉ်မတော်တဆမှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများ လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းသစ်တောတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့တွင် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (နေပြည်တော်) ကွပ်ကဲမှုအောက်ရှိ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းသူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ပြီး သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်နှင့် ကထိကဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၇၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ခဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကေသီထွန်းနှင့် တပ်ဖွဲ့ဝင်များက ဆိုင်ကယ်ဦးထုပ်အလုံး ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

နည်းပညာ၊ ဈေးကွက်တို့အား နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းသမဝါယမအသင်းစု ညှိခန်းမ၌ ခရမ်းအသင်းစု၊ ခရမ်းစတိုးနှင့် ရွှေငါးကြင်းငါးမွေးမြူရေးကုန်ထုတ်သမဝါယမမှ အမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရမ်းစတိုးအသင်းစု ဥက္ကဋ္ဌ ဦးချိုက နိုင်ငံတော်မှ ယခုလိုအားပေးသည့်အတွက် အသင်းစုတွင် သမဝါယမအသင်း ၄၇ သင်း၊ အစုဝင်ငွေပေါင်း ကျပ်ငွေ ၂၅၉ ဒသမ ၈၇ သိန်းဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ အသင်း ၁၅ သင်း ထပ်မံပါဝင်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်မှ ပထမအကြိမ် ပံ့ပိုးချေးငွေနှင့် အသင်းပိုင်ငွေကျပ် ၂၅၈ သိန်းနှင့် စုပေါင်း၍ အသင်းသားများသို့ အသေးစားချေးပေးနိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရမ်းစတိုး အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဝင်းက ခရမ်းစတိုးအထွေထွေစီးပွားရေး သမဝါယမအသင်း လီမိတက်ကို ၁၇-၉-၁၉၉၂ ရက်တွင် အစုတစ်စုလျှင် ကျပ်၁၀၀၀၀ ဖြင့် အသင်းသား ၂၆၂ ဦးနှင့် သမဝါယမအသင်း ၁၈ သင်းမှ အစုငွေကျပ် ၅၂ ဒသမ ၉၄ သိန်း မတည်၍ ခရမ်းသမဝါယမစတိုးအမှတ်(၃)လီမိတက်အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအခါ အသင်း၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၅၃၅ ဒသမ ၃၉ သိန်းနှင့် အသင်းသားများ၏ စုစုပေါင်းပိုင်ဆိုင်မှု ကျပ် ၆၄၀ ဒသမ ၃၉ သိန်းထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စင်ကာပူနိုင်ငံတွင် အောင်မြင်နေသည့် Fair Price သမဝါယမအရောင်းဆိုင်များကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ရန် သမဝါယမအသင်းဆိုင်တွင် အကြံပြုချက်မှတ်တမ်းစာအုပ်ထားရှိပြီး ပြည်သူများ၏ Complain လုပ်သည့်အချက်ကို လက်ခံပေးရန်၊ ဝယ်ယူသူများအတွက် ဈေးနှုန်းသက်သာပြီး ပစ္စည်းမှန်ရန်နှင့် သက်သက်သာသာရောင်းချနိုင်ရန် ပင်ရင်းမှ ပစ္စည်းကို ဝယ်ယူ၍ ရောင်းချသင့်ပါကြောင်း၊ ထို့အပြင် ပြည်သူများ၏ ယုံကြည်မှုကို တည်ဆောက်ရန် ဝန်ဆောင်မှုသည် အရေးကြီးပါကြောင်း၊ ခရမ်းသမဝါယမစတိုး ပြည့်စုံတည်တံ့အောင် အခင်းအကျင်းကျယ်ပြန့်၍ သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းမွန်စေရေးထိ လုပ်ဆောင်၍ တစ်နိုင်ငံလုံး တိုးချဲ့နိုင်အောင် ကြိုးစားပြီးလုပ်ရန် လိုအပ်ပါကြောင်း၊ ခရမ်းသမဝါယမစတိုး အဆင့်မြှင့်တင်ရန်အတွက် လိုအပ်သည့် ပံ့ပိုးချေးငွေရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရွှေငါးကြင်းငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းသို့ သွားရောက်တွေ့ဆုံပြီး ဝန်ကြီးဌာနအနေဖြင့် အသင်းက တောင်းခံထားသော ငါးကန်ဧကပေါင်း ၄၀၀ အတွက် လုပ်ငန်းချေးငွေ ကျပ်သန်း ၈၅၀၀ အား အရစ်ကျစနစ်ဖြင့် ထုတ်ချေးပေးနိုင်ရေး ကြိုးစားဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ သို့သော် အာမခံစနစ် အပေါင်ပစ္စည်း (Collateral) ထားရှိရမည်ဖြစ်ကြောင်း၊ ၎င်းပြင် လိုအပ်သည့် နည်းပညာ၊ ဈေးကွက်တို့အား သက်ဆိုင်ရာဝန်ကြီးဌာန၊ နိုင်ငံတကာတို့နှင့် ချိတ်ဆက်၍ ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

၎င်းနောက် ပြည်ထောင်စုဝန်ကြီးက သုံးနှစ်တာကာလအတွင်း နိုင်ငံ၌ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ခန့်ထိ ရှိလာပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလာသည်နှင့်အမျှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံတကာမှ အကူအညီများ ရရှိလာမှာဖြစ်ပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူများသို့ ထုတ်ချေးပေးထားသောငွေမှာ ကျပ်ဘီလီယံပေါင်း ၁၅၇ ဘီလီယံကျော်ရှိပါကြောင်း၊ ပြည်သူများ အတိုးကြီးကြီးဖြင့် ချေးငှားရခြင်းမှ ကင်းလွတ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ **မြောက်ဥက္ကလာပ**

ဝဲယာလက်ဖူးရောင်ဒဏ်ရာတို့ဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါထွန်းလင်းနိုင်(၂၉)နှစ် ဝေဘာဂီရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတွင် ဝဲလက်မောင်းဖူးရောင်၊ ဝဲနောက်စေ့စုတ်ပြဲ(မစိုးရိမ်ရ)ဒဏ်ရာ၊ မျိုးအောင်(၂၄)နှစ် (၈)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတွင် ညာခြေချင်းဝတ်စုတ်ပြဲ၊ ညာပေါင်ပွန်း(မစိုးရိမ်ရ)ဒဏ်ရာ၊ ခင်မောင်ဌေး(၂၅)နှစ် (၄)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတွင် ကုတ်ပိုးပြတ်ရှ၊ ဝဲမျက်ခုံးဖူးရောင်၊ ယာပခုံး၊ ယာဒူးပွန်း(မစိုးရိမ်ရ)ဒဏ်ရာ၊ မောင်မောင်စိုး(၃၁)နှစ် (၈)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတွင် ယာနားထင်ဖူးရောင်(မစိုးရိမ်ရ) ဒဏ်ရာနှင့် ကျော်မင်းလွင်(၂၃)နှစ် (၈)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတွင် ယာချိုစောင်းစုတ်ပြဲ၊ ဝဲမျက်စိပွန်း၊ နှုတ်ခမ်းပွန်း(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က မြောက်ဥက္ကလာဆေးရုံသို့ ပို့အပ်ပေးခဲ့သည်။

"ညဉ့်သန်းခေါင်အချိန်ကြီး "ဝုန်း"ဆိုတဲ့ အသံအကျယ်ကြီးကြားလိုက်တော့ ကားတစ်စီးနဲ့တစ်စီး တိုက်လိုက်ပြီလို့ထင်တာ၊ ဒါပေမယ့် ပတ်ဝန်းကျင်ကဆူညံသံတွေကြားလို့သွားကြည့်တော့ တံတားအောက် သံလမ်းပေါ်မှာ လဲနေတဲ့ကားထဲက ဂတ်(စ်)တွေ ယိုစိမ့်ထွက်နေတဲ့ အသံတွေကြားနေရလို့ ပတ်ဝန်းကျင်က သွားမကြည့်ရဲဘူး။ ကယ်ဆယ်ရေးအဖွဲ့တွေအချိန်မီရောက်လာလို့ တော်သေးတယ်"ဟု အခင်းဖြစ်ရပ်အနီးရှိ ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

"ဒီခုံးကျော်တံတားက ကျွန်တော်တို့ရုံးနဲ့နီးတော့ တံတားပေါ်က ကားပြုတ်ကျတဲ့အသံကိုကြားလို့ စခန်းရုံးတိုက်ကင်း တာဝန်ကျတပ်ဖွဲ့ဝင်တွေက လူနာတင်ယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က အခင်းဖြစ်အရပ်ကို သွားရောက်ရှာဖွေပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ခဲ့တယ်"ဟု အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုယာဉ်မတော်တဆမှုကြောင့် တံတားပေါင်နှင့် ယာဉ်ပျက်စီးခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး သိန်း ၃၀ ခန့်ရှိပြီး ယာဉ်ပေါ်ပါ အမျိုးသားငါးဦး ဒဏ်ရာရရှိကာ ယာဉ်မောင်းသေဆုံးခဲ့သဖြင့် မြောက်ဥက္ကလာပမြို့နယ် (မြို့မ) ရဲစခန်းက ယာဉ်(ပ)၁၀/၂၀၁၄၊ ပုဒ်မ- ၂၇၉/၃၃၇/၃၃၈/၃၀၄-က ဖြင့် ယာဉ်မောင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် Yangon International School(YIS) မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ MDRI ၏ CENTRE FOR STRATEGIC AND INTERNATIONAL STUDIES (CSIS) မှ သင်တန်းသား သင်တန်းသူ ၇၆ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၁၆၄ ဦးနှင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၁၆၆ ဦးတို့သည် လွှတ်တော်အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ(ပဥ္စမတွဲ)စာအုပ် ထုတ်ဝေဖြန့်ချိ

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်မှ အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းကာ ယင်းအချက်အလက်အထောက်အထားများအား အသုံးပြု၍ စာအုပ်စာတမ်းများကို ပြုစုရေးသားပြီး စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ယခု မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ(ပဥ္စမတွဲ) စာအုပ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မန္တလေး မဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာရုံနှစ်ရုံတွင် ဗဒုံမင်းလက်ထက်က ထပ်ဆင့်ရေးထိုးခဲ့သော ကျောက်စာတိုင်ပေါင်း ၇၁၉ တိုင်ရှိသည်။ ထိုကျောက်စာများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ကူးယူ၍ တည်းဖြတ်ထုတ်ဝေခဲ့သည်မှာ စတုတ္ထတွဲအထိ ၂၀၇ တိုင် ထုတ်ဝေပြီးဖြစ်သည်။ ယခု သက္ကရာဇ် ၄၃၆ မှ ၆၇၇ (ခရစ်နှစ် ၁၀၇၄ မှ ၁၃၁၅) အထိ ပဥ္စမတွဲအဖြစ် ဆက်လက်ထုတ်ဝေခြင်းဖြစ်သည်။

ယခု ထုတ်ဝေသည့် "မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ"ပဥ္စမတွဲတွင် ပါဝင်သော ကျောက်စာများသည် ပုဂံခေတ်ကျောက်စာအများစု ၅၇ တိုင်ဖြစ်ပြီး ပင်းယခေတ်ကျောက်စာ ၁၈ တိုင်ဖြစ်သည်။ မန္တလေး မဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ ပဥ္စမတွဲ စာအုပ်သည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို သင်ကြားပို့ချပေးနေကြသော ဆရာဆရာမများနှင့် သမိုင်းကျောင်းသားကျောင်းသူများအတွက်လည်း မရှိမဖြစ် ဝယ်ယူစုဆောင်းထားရမည့် စာအုပ်များဖြစ်သည်။



ဤစာအုပ်ကို ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေခဲ့သည့် စာအုပ်များ၊ မြန်မာသမိုင်းသုတေသနစာစောင်များကိုလည်း ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးများညီလာခံ မတ်လအတွင်း ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နိုင်ငံတစ်ဝန်း၌ အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ ဌာနဆိုင်ရာ ရည်ညွှန်းစာကြည့်တိုက်များ၊ သံရုံးများက ဖွင့်လှစ်ထားသော စာကြည့်တိုက်များ စသည်ဖြင့် ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားသော စာကြည့်တိုက်အများအပြားရှိသည်။ ထိုသို့ နိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်မှူးများ ဆုံတွေ့နိုင်မည့် စာကြည့်တိုက်မှူးများညီလာခံကို မတ် ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ပူးပေါင်းစီစဉ် ကျင်းပမည်ဖြစ်ပြီး စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူး ၃၀၀ ခန့် တက်ရောက်မည်ဖြစ်သည်။ အဆိုပါညီလာခံကို ကျင်းပရာတွင် စာကြည့်တိုက်မှူးများ အချင်းချင်း စာကြည့်တိုက်ဆိုင်ရာ အတွေးအမြင်များနှင့် အတွေ့အကြုံများဖလှယ်ရန်၊ စာကြည့်တိုက်မှူးအချင်းချင်း စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမျှဝေနိုင်ရန်၊ စာကြည့်တိုက်လုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို သိရှိနားလည်၍ ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပူးပေါင်းရှာဖွေရန်၊ စာကြည့်တိုက်မှူးများ အချင်းချင်း ရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် အဓိကရည်ရွယ်ထားသည်။

ထို့ပြင်ညီလာခံတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးရမည့် စာကြည့်တိုက်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ၊ စာကြည့်တိုက်များတွင် ကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ e-Library အဆင့်တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ စာကြည့်တိုက်များတွင် ပြည်သူများ စာပေလေ့လာဖတ်ရှုမှု တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတကာပြည်သူ့စာကြည့်တိုက်များက ဆောင်ရွက်လျက်ရှိသော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို အဓိကဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့တက်ရောက်လိုသည့် စာကြည့်တိုက်မှူးများအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၈၇၅၆၊ ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး ကွင်းဆင်းစစ်ဆေး

မောင်တော ဖေဖော်ဝါရီ ၂၀

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ (မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ)နှင့် အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ ဂေါ်ဒူသာရ ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာမူလတန်းလွန်ကျောင်း၌ ဘင်္ဂါလီရွာသူရွာသားများအား တွေ့ဆုံ၍ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်ရေးအတွက် သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ အသေးစိတ် ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဇော်မတက်ကျေးရွာအုပ်စုသို့ ရောက်ရှိကြပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ရိက္ခာသိုလှောင်ရုံ၌ ဒုချီးရားတန်းကျေးရွာမှ ဘင်္ဂါလီရွာသူရွာသားများ ရိက္ခာထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး သိရှိလိုသည်များကို အသေးစိတ်ထပ်မံ ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နူရုလ္လာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာမူလတန်းလွန်ကျောင်း၌ ဘင်္ဂါလီရွာသူရွာသားများအားတွေ့ဆုံ၍ သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ အသေးစိတ်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘင်္ဂါလီရွာသူရွာသားများ၊ ဖြစ်စဉ်နှင့်ပတ်သက်သည်ဟု ယူဆရသော သံသယရှိသူများနှင့် တွေ့ဆုံမေးမြန်းစဉ်အတွင်း ဇန်နဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့်အကြောင်းရင်း၊ ဇန်နဝါရီ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် ဒုချီးရားတန်း(အနောက်)ကျေးရွာ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း၊ ဖြစ်စဉ်များကြောင့် သေဆုံးဒဏ်ရာရရှိမှု၊ နေအိမ်ပစ္စည်းများပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို လွတ်လပ်ပွင့်လင်းစွာ ကဏ္ဍအလိုက် အသေးစိတ်တွေ့ဆုံမေးမြန်းခဲ့ကြသည်။ **(သတင်းစဉ်)**

❖ စာမျက်နှာ ၆ မှ

ဘူတန်နိုင်ငံ၌ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ လေ့လာရေးဌာနတည်ဆောက်ရေးသည် ဘင်းမ်စတက်ဒေသ၏ ကြွယ်ဝလှသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက ပိုမိုသိရှိလာရေးအတွက် အရေးပါပြီး ကမ္ဘာကစိတ်ဝင်စားမှု တိုးမြင့်လာခြင်းသည် ဘင်းမ်စတက်ဒေသ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုမည်ဖြစ်သည်။

ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍတွင် အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေသည် စုစုပေါင်း ၁ ဒသမ ၃ ဘီလီယံရှိပြီး သယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသည့် ဘင်းမ်စတက်အဖွဲ့သည် ဒေသတွင်းသာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရန်နှင့် နိုင်ငံအချင်းချင်း အပြန်အလှန်ယုံကြည်ကိုးစားမှု၊ ညှိနှိုင်းတိုင်ပင်မှုနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ခိုင်မာသည့် ယှက်နွယ်မှုများဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်အထောက်အကူပြုကာ ပြည်သူလူထုချင်း ပိုမိုထိတွေ့ စည်းလုံးမှုဖြစ်ပေါ်စေလျက်ရှိသည်။ ပြည်သူအချင်းချင်းဆက်သွယ်ဆောင်ရွက်မှုသည် အပြန်အလှန်နားလည်မှု၊ ရင်းနှီးချစ်ခင်မှု၊ စည်းလုံးညီညွတ်မှုများကို အထောက်အကူများစွာပြု၍ အိန္ဒိယနိုင်ငံက ဘင်းမ်စတက်မူဝါဒဆိုင်ရာ အသိပညာရှင်အဖွဲ့ကွန်ရက်ထူထောင်ရန် ကြေညာခဲ့သည်။ BIMSTEC Network of Policy Think Tanks တည်ထောင်ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူလူထုစိတ်ပါဝင်စားမှုရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်နေချိန်တွင် BIMSTEC International Conference on BIMSTEC Connectivity and People to People Contact ဖြစ်မြောက်စေရေးနှင့် Seminar of Curtain Raiser on BIMSTEC ကို ပြုလုပ်ရန် ဖြစ်သည်။ ပြည်သူ၊ ပြည်သူချင်း ဆက်သွယ်ဆောင်ရွက်ရေးနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများ ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ BIMSTEC နိုင်ငံတကာ ကွန်ဖရင့်ကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံက တွန်းအားပေးခဲ့ပြီး အိမ်ရှင်အဖြစ်လည်း လက်ခံကျင်းပခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များ၊ ရုပ်ရှင်များ၊ ရုပ်ရှင်ပွဲတော်များ၊ ကျောင်းသားအစီအစဉ်ဖလှယ်ခြင်းနှင့် ပြည်သူ့အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံးကို အဆင့်မြင့်အရာရှိများအစည်းအဝေးက တိုက်တွန်းခဲ့သည်။

ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍတွင် ကမ္ဘာ့ဒေသအနှံ့သဘာဝဘေးအန္တရာယ်များ ကျရောက်နေမှုကြောင့် လူမှုဒုက္ခများနှင့်ရင်ဆိုင်နေရ၍ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့်ကြိုတင်ပြင်ဆင်ရေး၊ ကာကွယ်တားဆီးရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကဏ္ဍသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍဖြစ်ပြီး ဦးဆောင်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက Concept Paper ဖြန့်ဝေခဲ့ပြီး ယင်းနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘင်းမ်စတက်အမြဲတမ်းရုံးတည်ဆောက်ရန် အဆောက်အအုံနှင့် မြေနေရာအတွက် သတ်မှတ်ကမ်းလှမ်းချက်ပြုထားသည်။ ဘင်းမ်စတက် ရာသီဥတုဆိုင်ရာ ဗဟိုဌာနတည်ထောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးသတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အဖြေရှာရန် ကြိုးစားရာတွင် မှန်းဆရခက်သော ရာသီဥတုဖောက်ပြန်မှုများသည် နေထိုင်ရာဒေသသို့ တိုက်ရိုက်ထိခိုက်စေပြီး အထူးသဖြင့် လယ်ယာနှင့် သားငါးကဏ္ဍကို လုပ်ဆောင်လျက်ရှိသည့် ပြည်သူများကို ထိခိုက်နစ်နာစေလျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်သည် လူသားအားလုံး၏ အခြေခံအကျဆုံး အခွင့်အရေးဖြစ်၍ ဘင်းမ်စတက်အဖွဲ့သည် ထူးခြားသော အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းနိုင်သည့် ရှေ့အလားအလာရှိသော အဖွဲ့တစ်ခုဖြစ်ပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးထားသည့် ပေါင်းကူးတံတားသဖွယ် တည်ရှိနေသောအဖွဲ့တစ်ခုဖြစ်သည်။ ကမ္ဘာ့စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးအကျပ်အတည်း၊ အကြမ်းဖက်မှုပြဿနာများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရရှိပြီးဖြစ်သည်။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်အပါအဝင် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေလျက်ရှိသည်။ BIMSTEC ၏ လုပ်ငန်းဆောင်တာများနှင့် ဒေသတွင်း ပူးပေါင်းလုပ်ဆောင်မှုများကို လေ့လာပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘင်းမ်စတက်ဆိုင်ရာ ဦးဆောင်ကော်မတီကို ၁၉၉၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းသည်။ မြန်မာနိုင်ငံသည် အလှည့်ကျဘင်းမ်စတက်ဥက္ကဋ္ဌရာထူးကို ၂၀၀၉ ခုနှစ် နေပြည်တော်၌ ကျင်းပခဲ့သော ဝန်ကြီးအဆင့်အစည်းအဝေးနောက်ပိုင်း တာဝန်ယူခဲ့သောကြောင့် ထိုင်းနိုင်ငံမြန်မာသံရုံးမှ လုပ်ငန်းအဖွဲ့ (BIMST-EC Working Group) အစည်းအဝေးကို ဥက္ကဋ္ဌအနေဖြင့် လစဉ်အစည်းအဝေးများ ဆောင်ရွက်နေလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ တတိယအကြိမ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ထိုအစည်းအဝေးတွင် ဘင်းမ်စတက်အမြဲတမ်းရုံးအဖွဲ့အတွက် အရေးကြီးသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် BIMSTEC ၏ ပထမဦးဆုံး အတွင်းရေးမှူးချုပ်ခန့်အပ်မှုကို တရားဝင်ထုတ်ဖော်ကြေညာသွားနိုင်ရန် စီစဉ်ထားသည်။ ဘင်းမ်စတက်အဖွဲ့နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်သည် ကမ္ဘာ့နိုင်ငံများအကြား ပိုမိုအရေးပါသည့် ကဏ္ဍအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ ရွှေဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် အဆိုပါစေတီတော် တောင်ဘက်မုခ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးအေးကိုက အမှာစကားပြောကြားကာ မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ သမားတော်ကြီး မိုးကုတ်ဦးကျော်စိန် (ခရိုင်သာသနာ့နုဂ္ဂဟဥက္ကဋ္ဌ) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကြွရောက်ချီးမြှင့်ကြသည့် ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များအား ကျောင်းသူလေးများက ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်၍ မတ် ၁ ရက်အထိ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ချား၊ ရဟတ်၊ မျက်လှည့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

သဲကုန်း ဖေဖော်ဝါရီ ၂၀

ပြည်ခရိုင် သဲကုန်းမြို့နယ် ကန်နှစ်ဆင့်အုပ်စု ဘန့်ဘွေးကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပွဲကို အဆိုပါကျေးရွာ၌ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တိုင်းတာဝန်ခံ ဦးခင်မောင်ဇင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်စိုးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည့်စွက်ဖတ်ရှုပါရန်

၂၀-၂-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) တွင် ဖော်ပြပါရှိသည့် "ဒလ-တွံတေး၊ လှိုင်သာယာ-တွံတေး . . . ပြေးဆွဲခွင့်ပြု" သတင်းကော်လံ (၄) စာကြောင်းရေ (၇)တွင် "ယာဉ်များသည် စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်များတွင် ခရီးသည်"ဟု ပြည့်စွက်ဖတ်ရှုပေးပါရန်။ **(ကြေးမုံ)**

"ပန်းချီအနုပညာပွဲတော်နှင့်စာအုပ်ဈေးရောင်းပွဲ"
[illegible]
The Last Leaf Gallery-Ph: 09 450055908 သို့ [illegible]

ကျေးဇူးတင်လွှာ
၁။ [illegible]
၂။ [illegible]
၃။ [illegible]
၄။ [illegible]
၅။ [illegible] FEEL RESTAURANT [illegible]
၆။ [illegible]
[illegible]

ယာဉ်လုပ်သားများနှင့် ခရီးသည်များအဆင်ပြေစေရန် မထသ(ဗဟို)မှ E TICKET စနစ် မျှော်မှန်းထားဟုဆို

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သော မထသ(ဗဟို)မီဒီယာတွေ့ ဆုံပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ယာဉ်လိုင်းများအတွင်း သတ်မှတ်ယာဉ်စီးခ ကောက်ခံရမည့်အစား အများပြည်သူများမှ E TICKET စနစ်ဖြင့် အသုံးပြုသူများလာမည်ဆိုလျှင် ယာဉ်လုပ်သားများနှင့် ခရီးသည်များအတွက် ပို၍အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ E TICKET စနစ်အတွက်လည်း မျှော်မှန်းထားရှိကြောင်း သိရသည်။

အဆိုပါ E TICKET စနစ်နှင့်စပ်လျဉ်း၍ မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်က "ယာဉ်စီးခပိုတောင်းတဲ့ကိစ္စကို လျော့နည်းသွားအောင် လက်မှတ်စနစ်ကိုလုပ်ဆောင်ဖို့ဆိုပြီး ယာဉ်လိုင်းအသီးသီးနဲ့ဆွေးနွေးတဲ့အခါမှာ အဆင်မပြေပါဘူး။ ဒီအတွက်ကြောင့်လည်း E TICKET စနစ်မျိုးကိုမျှော်မှန်းနေတာပါ။ လက်ရှိလည်း I PAY က အကောင်အထည်ပြုလုပ်နေပါတယ်၊ I PAY ကုမ္ပဏီက ပြုလုပ်တဲ့ကတ်စနစ်ကလည်း ယာဉ်အစီးရေ ၃၀၀ ကျော်လောက်ရနေပါပြီ။ ပြီးတော့ မြို့ပတ်ရထားတွေလည်းလုပ်မယ်။ ဒဂုံတက္ကသိုလ် စားသောက်ဆိုင်တွေမှာဆိုလည်း TICKET နဲ့စားသုံးလို့ရအောင် လုပ်နေပါတယ်။ ယာဉ်လိုင်းတွေမှာဆိုလည်း I PAY ကတ်ထိုးတဲ့စက်တွေကို ဘက်ထရီကုန်သွားခဲ့ရင်တောင် ယာဉ်ပေါ်ထိတက်ရောက်ပြီး ဝန်ဆောင်မှုပေးနေပါတယ်။ အခုကဘယ်လိုဖြစ်နေသလဲဆိုတော့ ဒီစက်ကိုကိုင်တွယ်အသုံးပြုနေကြတဲ့ ယာဉ်လုပ်သားတွေကလည်း ငွေကိုပဲ အဓိကထားပြီး ကိုင်ချင်တာလည်းပါတယ်လေ။ အဘက်ဘက်ကနေအကြောင်းပြပြီး ယာဉ်စီးခ ငွေကိုပဲတောင်းနေကြတာပါ။ ဒီတော့ ဒီလိုမျိုး E TICKET စနစ်နဲ့ အဆင်ပြေလာမယ်ဆိုရင် ယာဉ်လုပ်သားတွေက ခရီးသည်တွေကို ယာဉ်စီးခပိုတောင်းတာရှိမှာမဟုတ်တော့ပါဘူး။ ယာဉ်ပိုင်ရှင်တွေလည်း ပြည့်ပြည့်ဝဝရရှိသွားကြမှာပါ။ ကျွန်တော်တို့ မထသ(ဗဟို)ကလည်း ကြိုးစားနေကြပါတယ်။ ခရီးသည်များကလည်း ဒီစနစ်ကိုသိကြစေချင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုလည်း ဒီလို E TICKET စနစ်က BUS STATION မှာတင် ကောင်တာဖွင့် ရောင်းချနေပါတယ်။ ဒီလိုမျိုးလေးတွေ အဆင်ပြေလာမယ်ဆိုရင် ယာဉ်လုပ်သားနဲ့ ခရီးသည် ကတောက်ကဆဖြစ်စရာမရှိနိုင်တော့ပါဘူး"ဟု ပြောသည်။

E TICKET စနစ် အကောင်ထည်ဖော်ဆောင်ရွက်လာနိုင်စေရန်အတွက် ပြည်ပတွင် နှစ်အတန်ကြာနေလာသူတစ်ဦးက "ဒီလို ယာဉ်စီးခ မပေးရဘဲ လက်မှတ်ကတ်လို့ခေါ်တဲ့ ဒီ E TICKET စနစ်ဟာ အဆင့်မြင့်ပြီး လွန်စွာကောင်းမွန်ပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင် ယာဉ်လိုင်းအသုံးပြုခရီးသည်အားလုံးနီးပါး သုံးစွဲကိုင်ဆောင်နေကြပါပြီ။ အခြားနိုင်ငံတွေနဲ့ ကျွန်တော်တို့နိုင်ငံ ကွာခြားနေတဲ့အရာတွေရှိနေပါတယ်။ သူတို့ဆီမှာက ယာဉ်စီးခနှုန်းထားကို အသွားအပြန်အတွက်မပြောနဲ့။ ဒီ အီလက်ထရွန်နစ်လက်မှတ်ကတ်ကိုအသုံးပြုပြီး ကိုယ်စီးချင်တဲ့ယာဉ်ကိုစီးနိုင်ကြသလို တစ်နေကုန်လည်းကြိုက်သလောက်စီးခွင့်ပြုပေးထားပါတယ်။ ယာဉ်စီးခနှုန်းထားကိုလည်း သုံးပုံနှစ်ပုံ ဒါမှမဟုတ် ထက်ဝက်နီးပါးလျှော့ပေးထားပါတယ်။ ယာဉ်လိုင်းကုမ္ပဏီတွေကလည်း သူတို့ရောင်းရအောင် အပြိုင်အဆိုင် ဈေးလျှော့ရောင်းနေကြပါတယ်။ ကျွန်တော်တို့ဆီမှာက ဒီလိုမျိုးခရီးသည်တွေအတွက် အစီအစဉ်တွေမရှိတော့ သူတို့ ဒီလက်မှတ်ကတ်ဝယ်ထားပြီးလည်း ဘာမှမထူးဘူးလေ။ ပြီးတော့ ဒီလက်မှတ်ကတ်တွေကဝယ်ရတာလည်း ဝေးတယ်။ အဲဒီတော့ ဘယ်သူမှခေါင်းအရှုပ်မခံကြတော့ဘူးလေ။ ယာဉ်စီးခနှုန်းထားက ဒီလို E TICKET ဝယ်ထားလည်း ယာဉ်စီးခနှုန်း မလျှော့ပေးထားဘူးဆိုတော့ မဝယ်ကြတာဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ လက်မှတ်ကတ်ကုမ္ပဏီတွေကလည်း အခြားနိုင်ငံများနည်းတူ ယာဉ်လိုင်းစီးခရီးသည်တွေအတွက် အခွင့်အရေးလေးတွေ လုပ်ပေးလာကြမယ်ဆိုရင်တော့ သေချာပါတယ်။ အသုံးပြုသူများလာကြမှာပါ" ဟုအကြံပြုပြောကြားသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော I PAY ကုမ္ပဏီကဲ့သို့ အခြားကုမ္ပဏီတစ်ခုကလည်း E TICKET စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကမ်းလှမ်းလာကြောင်းနှင့် ယင်းကဲ့သို့သော E TICKET စနစ်သာ အောင်မြင်လာမည်ဆိုပါက ယာဉ်လိုင်းအသီးသီးရှိ ယာဉ်လုပ်သားများနှင့် ယာဉ်လိုင်းအသုံးပြုသူခရီးသည်များအတွက် ပို၍ အဆင်ပြေလာနိုင်မည်ဟု မထသ(ဗဟို)မှ သိရသည်။ **(စိုးဝင်း-MLA)**

အာဟာရဒါန နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ယင်းမာပင် ဖေဖော်ဝါရီ ၂၀

ယင်းမာပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပူးပေါင်းပြီး အာဟာရဒါန နေ့ဆွမ်းကပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ယင်းမာပင်မြို့နယ် ဦးပေါက်ပင်ကူး တိုင်းရင်းဆေး သီလရှင်ပရဟိတကျောင်း ဆွမ်းစားဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် အဖွဲ့ဝင်များက ကျောင်းထိုင်ဆရာလေး ဒေါ်နန္ဒဝတီအား အမှူးထားပြီး သီလရှင်ဆရာလေး ၆၂ ပါးအား နေ့ဆွမ်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဆက်လက်ပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး သီရိမင်္ဂလာမြို့ ဦးပေါက်ပင်ကူး တိုင်းရင်းသား သီလရှင် ပရဟိတကျောင်းထိုင်ဆရာလေး ဒေါ်နန္ဒဝတီထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုလို အာဟာရဒါနအလှူများကို ယင်းမာပင်မြို့နယ်အတွင်း ဆက်လက်လှူဒါန်းပေးသွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ကျောင်းထိုင်ဆရာလေးက "အခုလို ကျောင်းအရောက် လှူဒါန်းပေးကြတဲ့ တာဝန်ရှိသူများကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဆရာလေးကတော့ ယခုလို ဆက်လက်ပြီး လှူဒါန်းနိုင်ပါစေ။ သာဓုလည်း ခေါ်လို့ မဆုံးနိုင်ပါဘူး။ ပြည်သူများကလည်း ယခုလို လှူဒါန်းနိုင်ပါတယ်။ ပြီးတော့ အမြဲမေတ္တာပို့ ဆုတောင်းနေပါတယ်" ဟု ဆရာလေး၏ ရင်တွင်းစကားသံကို ကြားခဲ့ရသည်။ **(စိုးစိုး-ယင်းမာပင်)**

မကွေးမြို့သို့ နိုင်ငံခြားခရီးသွားများဝင်ရောက်မှုကြောင့် အနေ့းယာဉ်ဆိုက်ကားသမားများ အဆင်ပြေ

မကွေး ဖေဖော်ဝါရီ ၂၀

မကွေးမြို့သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များလာရောက်လည်ပတ်မှုကြောင့် အနေ့းယာဉ်ဆိုက်ကားသမားများ အလုပ်ဖြစ်၍ ဝင်ငွေကောင်းလျက်ရှိသည်။

ယမန်နေ့နံနက်တွင် ဩစတြေးလျနိုင်ငံမှ နိုင်ငံခြားသားဧည့်သည် ၂၅ ဦးသည် အပျော်စီးသင်္ဘောဖြင့် မကွေးမြို့သို့ရောက်ရှိလာပြီး အနေ့းယာဉ်ဆိုက်ကားများဖြင့် မကွေးမြို့မဈေး၊ ဗိုလ်ချုပ်ပန်းခြံနှင့် ပြည်တော်သာလမ်းတစ်လျှောက် လှည့်လည်လေ့လာပြီး မြသလွန်စေတီတော်မြတ်သို့ ရောက်ရှိလေ့လာခဲ့သည်။

အနေ့းယာဉ် ဆိုက်ကားသမားတစ်ဦးက "သူတို့က ရန်ကုန်ကနေမန္တလေးသွားမှာ၊ မကွေးဆိပ်ကမ်းကပ်မှာကို နှစ်ရက်အလိုက အသင်းဥက္ကဋ္ဌထံ ကြိုပြီးဖုန်းဆက်ထားတယ်။ သူတို့သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးရတယ်။ တစ်မနက်ကို ဆိုက်ကားခ ကျပ် ၄၀၀၀ ရတယ်။ တစ်နေကုန် ညအပါအဝင်ဆို ကျပ် ၁၀၀၀၀ ထိပေးတာလဲရှိတယ်။ အခု ပွင့်လင်းရာသီဆို နိုင်ငံခြားသားတွေ အလာများတယ်။ အရင်နှစ်ထက် အခုနှစ်ပိုပြီးများလာကြတယ်" ဟု ပြောကြားသည်။ အဆိုပါ အနေ့းယာဉ်ဆိုက်ကားသမားများသည် မကွေးမြို့ပေါ်တွင် ၁၇၉ စီးရှိပြီး နိုင်ငံခြားသားများ လာရောက်ပါက အသင်းဥက္ကဋ္ဌဦးကျော်တိုးက ဆိုက်ကားသမားများအား တူညီဝတ်စုံဝတ်စေပြီး သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်ပါပို့ဆောင်ပေးရကြောင်း သိရသည်။ **သူရထွန်း(မကွေး)**

မူကြိုကလေးငယ်များ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

သရက် ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စာရေးဆရာအသင်းနှင့် သတင်းစာဆရာအသင်းတို့ပူးပေါင်း ကျင်းပသည့် မူကြိုကလေးငယ်များ၏ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် သရက်မြို့ ရွှေဘုံသာမူကြိုကျောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီဝင်တစ်ဦးထံမှ သိရသည်။ ပြိုင်ပွဲသို့ မြို့ပေါ်ရှိ မူကြိုကျောင်းများမှ ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

ဇော်ထက်(IPRD)



အမြန်ဆက်သွယ်ပါ

သမီး-စိုးနန္ဒာထိုက်

သမီးဖြစ်ချင်သောဆန္ဒ လိုက်လျောပေးမည်။ မိဘများနှင့် အမြန်ဆက်သွယ်ပါ။

မိဘများ-ဦးစိုးလွင်-ဒေါ်သန်းသန်းအေး

သွေးသည် အသက်



ခြံမြေကွက်ရောင်းမည်

မင်္ဂလာဒုံမြို့နယ် -ပျဉ်းမပင်အုပ်စု
အမှတ်(၃၄) - ရှမ်းစုရပ်ကွက်
စေတနာလမ်း - ဘိုးဘိုးပိုင်
ပေ(၉၅×၁၀၅) - ဘိုးခြံမှတ်တိုင်အနီး
ပြည်လမ်းဘေး ဂုတ်ခြံ
ဖုန်း-၀၉ ၃၁၄၂၇၂၄၉

ပထပ်အခန်းကျယ်ငှားလိုသည်

ပုဇွန်တောင်ဈေး၊ ယုဇနပလာဇာ၊ မင်္ဂလာ ဈေးအနီး Ph, Aircon ပါရမည်။ ပိုင်ရှင်များ ကိုယ်တိုင် ဆက်သွယ်ပါ။
Ph: 095017043, 09450018563

ဥတုရာသီ တောကိုမှီ၍



ကျောင်းအားလပ်ချိန်တွင် ဇာတ်ကားများရိုက်ကူးသွားမည့် လီအင်ဟီး

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် လီအင်ဟီးက ယခုလက်ရှိတွင် Koryeo တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် တက်ရောက် ပညာသင်ကြားလျက်ရှိသော်လည်း စာမေးပွဲအပြီး အားလပ်ချိန်တွင် ရုပ်သံဇာတ်လမ်းတွဲများ၌ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် သရုပ်ဆောင် လီအင်ဟီးသည် အခက်အခဲအတားအဆီးများ ကြုံတွေ့ရသော်လည်း ချစ်ခြင်းမေတ္တာတရားအပေါ် သစ္စာမပျက်သည့် ဇနီးမောင်နှံအကြောင်းကို ပုံဖော်ထားသည့် သမိုင်းမှတ်တမ်းဇာတ်ကား Into The Flames တွင် Choi Soo-jong နှင့်အတူ ဇနီးမောင်နှံအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

"သရုပ်မဆောင်ဖြစ်တာကြာပြီးမှ အခုပြန်သရုပ်ဆောင်ရတာ စိတ်ထဲမှာတစ်မျိုးတော့ဖြစ်မိပါတယ်၊ ကျောင်းစာတွေနဲ့အလုပ်ရှုပ်နေပေမယ့်လည်း အဲဒီအချိန်တွေကို လွမ်းမိပါတယ်၊ အကောင်းဆုံးဆက်လုပ်သွားမှာပါ" ဟု သရုပ်ဆောင် လီအင်ဟီးက ဆိုသည်။

သရုပ်ဆောင် လီအင်ဟီးသည် ၁၉၉၂ ခုနှစ်မှ စတင်ကာ အနုပညာလောကသို့စတင်ဝင်ရောက်ခဲ့ပြီး ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာနှင့် ရုပ်ရှင်ကားပေါင်းများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်က 2013 Korea Cable TV Awards ဆုပေးပွဲတွင် Star of the Year ဆုကို ရရှိဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

အက်စ်အမ်အင်န်တာတိန်းမန့်မှ မျိုးဆက်သစ် အနုပညာရှင်သစ်များရှာဖွေကာ အားပေးမြှင့်တင်သွားမည်

တောင်ကိုရီးယားနိုင်ငံ အက်စ်အမ်အင်န်တာတိန်းမန့်မှ နာမည်ကြီးအနုပညာ ကြယ်ပွင့်များစွာကို မွေးထုတ်ပေးလျက်ရှိရာ ယခုတစ်ဖန်လည်း ၂၀၁၄ ခုနှစ်အတွက် မျိုးဆက်သစ်အနုပညာရှင်သစ်များ ရှာဖွေကာ အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်စ်အမ်အင်န်တာတိန်းမန့်၏ ၂၀၁၄ ခုနှစ်အတွက် မျိုးဆက်သစ်အနုပညာရှင်သစ်များ ရှာဖွေပွဲများကို ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ရှိ မြို့ပေါင်း ၁၈ မြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ မေ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းမြို့များရှိ အရည်အချင်းရှိသော မျိုးဆက်သစ်လူငယ်များကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံးပွဲအနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ စတင်ကျင်းပသွားမည်ဖြစ်ပြီး လျှောက်လွှာပေါင်း နှစ်သောင်းကျော် လက်ခံရရှိထားကြောင်းနှင့် ဖေဖော်ဝါရီလကုန်တွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် ပြိုင်ပွဲများအတွက် လျှောက်လွှာပေါင်း တစ်သောင်းခွဲကျော် လက်ခံရရှိထားကြောင်း သိရသည်။

၂၀၁၄ ခုနှစ်အတွက် မျိုးဆက်သစ်အဆိုနှင့် သရုပ်ဆောင်ပညာရှင်သစ်များရှာဖွေခြင်းကို အဆို၊ အက၊ သရုပ်ဆောင်၊ မော်ဒယ်(ဖက်ရှင်၊ စီးပွားရေး)၊ ဟာသ၊ သီချင်းရေး/စပ်စသည့် ကဏ္ဍခြောက်ခုခွဲခြား ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသူများကို အက်စ်အမ် အင်န်တာတိန်းမန့်မှ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာပုံစံများကို အဆိုပါ အင်န်တာတိန်းမန့် ကုမ္ပဏီ၏ တရားဝင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www.smtown.com တွင် ရယူနိုင်ကြောင်း သိရသည်။ ❒❒

တောင်ကိုရီးယား၏ ပထမဆုံးသော သည်းထိတ်ရင်ဖိုသရီးဒီဇာတ်ကားတွင် ပါဝင်ထားသည့် ဒိုဟီး

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Tiny G မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒိုဟီးက Tunnel အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ထားသည်။

ဒိုဟီးသည် အဆိုပါဇာတ်ကားသစ်တွင် ဇာတ်ကား၏ အဓိကဇာတ်ကောင်ဖြစ်သည့် အလွန်နားလည်ရခက်သော မိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် တောင်ကိုရီးယား၏ ပထမဆုံးသော ဒစ်ဂျစ်တယ်သည်းထိတ်ရင်ဖိုသရီးဒီဇာတ်ကားတစ်ကားဖြစ်ပြီး အပန်းဖြေခရီးတစ်ခုမှ အစပြုကာ ပဟေဠိဆန်သောဖြစ်ရပ်များဖြစ်ပွားခဲ့ပုံများကို ပုံဖော်ထားသည့် သရီးဒီဇာတ်ကားတစ်ကားဖြစ်သည်။ အဆိုပါ Tunnel 3D ဇာတ်ကားတွင် တောင်ကိုရီးယား၏ နာမည်ကြီးသရုပ်ဆောင်ပေါင်းများစွာ ပါဝင်ကြပြီး ဒိုဟီးက အထူးသရုပ်ဆောင်အဖြစ် ပါဝင်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ပထမဆုံးဂီတဖျော်ဖြေပွဲပြုလုပ်မည့် ကေပေါ့ပ်ကြယ်ပွင့် ရိန်း

တောင်ကိုရီးယားအနုပညာကြယ်ပွင့် ရိန်းက ၎င်း၏ ဆဋ္ဌမမြောက်ထွက်ရှိခဲ့သည့် Rain Effect တေးအယ်လ်ဘမ်၏ ပရိုမိုးရှင်းပွဲစဉ်တစ်ခုအဖြစ် တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို လာမည့်မတ်လတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင်ရိန်း၏ အဆိုပါ Rain Effect တေးအယ်လ်ဘမ်သည် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ထွက်ရှိခဲ့ခြင်း ဖြစ်ပြီး ယခုကျင်းပမည့် ဂီတဖျော်ဖြေပွဲကို မတ် ၂၈ ရက်တွင် ပရိသတ်ကိုးထောင်ကျော်နှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းဂီတဖျော်ဖြေပွဲသည် ရိန်း၏ တရုတ်နိုင်ငံတွင်ပြုလုပ်သည့် ပထမဆုံးသော ဂီတဖျော်ဖြေပွဲတစ်ခုလည်း ဖြစ်ပြီး ယင်းခရီးစဉ်နှင့်အတူ အခြားသော အစီအစဉ်ကဏ္ဍရပ်များနှင့် အလည်အပတ်ခရီးစဉ်များကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂီတဖျော်ဖြေပွဲအတွက် လက်မှတ်များကို ယခုလ ၂၈ ရက်မှစတင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၁-၂-၂၀၁၄ (သောကြာနေ့)

- ၅း၀၀ ပဉ္စာန်းပါဠိတော် + မေတ္တာသုတ်
- ၅း၄၀ "မစိုးရိမ်ကြောင်း ငြိမ်းအေးကြောင်း" တရားတော် (ဆရာတော်အရှင်သိရိကဥ္စနာဘိဝံသ)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (JVC ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့် ညစာစားပွဲအခမ်းအနား)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၅း၀၅ Minute to Win It
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၇)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၁၀)
- ၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၉၀)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၄)
- ၉း၅၀ Movie Talk (လွမ်းပါတယ်မေ) (အပိုင်း-၂)





ဘိုင်ယန်မြူးနစ်နှင့် အက်သလက်တီကိုမက်ဒရစ် နိုင်ပွဲကိုယ်စီရရှိ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များအဖြစ် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း၊ အေစီမီလန်အသင်းနှင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်အသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်တို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဆာနိုင်ဂို၊ ကာဇိုလာ၊ အိုဇေးလ်၊ ချန်ဘာလိန်၊ ဝီရှိုင်းယား၊ ဖလာမီနီ၊ ကီရန်ဂစ်၊ ကိုစီယယ်နီ၊ မာတီဆက်ကာ၊ ဆက်ဂ်နာစသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းသည် မန်ဇူကစ်၊ ဂေါ့ဇီ၊ တိုနီခရစ်၊ ရော်ဘင်၊ အယ်လ်ကန်တာရာ၊ မာတီနက်ဇ်၊ အယ်လာဘာ၊ ဒန်တီး၊ ဘိုတန်စသည့် ကစားသမားများကို ပွဲထွက် ကစားစေခဲ့ရာ ပရီမီယာလိဂ်၏ အကောင်းဆုံးအသင်းနှင့် ဘွန်ဒက်လီဂါ၏ အကောင်းဆုံးအသင်းတို့ ဆုံတွေ့ခဲ့သည့်ပွဲစဉ်ဖြစ်၍ ပထမပိုင်းတွင် ပြိုင်ဆိုင်မှု ပြင်းထန်ကာ ဂိုးမရှိသရေရလဒ်သာ ဆောင်ကြဉ်းနိုင်ခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းတွင်မူ လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်အသင်း၏ ထိန်းချုပ်ကစားမှုအောက်တွင် နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်အသင်း အကောင်းဆုံးပုံစံ မတုံ့ပြန်နိုင်ခဲ့သည့်အပြင် အာဆင်နယ်ဂိုးသမားဇက်ဇနီပင် အနီကတ်ပြသထုတ်ပယ်ခံရခြင်းကြောင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပွဲကစားချိန် ၅၄ မိနစ်တွင် တိုနီခရစ်၏သွင်းဂိုးနှင့် ၈၈ မိနစ်တွင် သောမက်မူလာ၏ သွင်းဂိုးတို့ကို ခွင့်ပြုပေးလိုက်ရကာ ဘိုင်ယန်မြူးနစ်အသင်းက

အာဆင်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အေစီမီလန်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် အဝေးကွင်းလာရောက်ကစားခဲ့ရသော အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဒီယေဂိုကော်စတာနှင့် ဂါဘီယာတို့၏ တိုက်စစ်အတွဲဖြင့် အကောင်းဆုံးပုံစံရရှိကာ ဘာလော့တယ်လီ၊ ကာကာ၊ ဒီဂျောင်၊ အက်ဆီယံတို့ ဦးဆောင်လာသည့် အေစီမီလန်အသင်းကို အကောင်းမွန်ဆုံးခြေစွမ်းဖြင့် ထိန်းချုပ်ကစားခဲ့ပြီး ပွဲကစားချိန် ၈၃ မိနစ်တွင် ဒီယေဂိုကော်စတာ၏ သွင်းဂိုးရရှိခဲ့ပြီး ယင်းသွင်းဂိုးဖြင့်ပင် တစ်ဂိုး-ဂိုးမရှိဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းက အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့သည်။

တင်းနစ်အကျော်အမော်ရော်ဂျာဖက်ဒဲယား ဝင်ဘယ်ဒန်ဖလား ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ဖွယ်ရှိ

တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယားသည် ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရှစ်ကြိမ်မြောက်အဖြစ်ဆွတ်ခူးနိုင်ဖွယ်ရှိကြောင်းသိရသည်။ အသက် (၃၂)နှစ်အရွယ် တင်းနစ်ကစားသမားရော်ဂျာဖက်ဒဲယားသည် ဂရင်းဆလမ်းချန်ပီယံတင်းနစ်ဆုဖလားကို(၁၇)ကြိမ်အထိ ဆွတ်ခူးရရှိထားသူလည်းဖြစ်သည်။

ရော်ဂျာဖက်ဒဲယားသည် ၎င်း၏အသက် (၃၅)နှစ်အရွယ်ဖြစ်လာမည့် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်လည်း ရည်ရွယ်ထားပြီး ဖက်ဒဲယားသည် ဝင်ဘယ်ဒန်ဖလားကို ရှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်မည့်အရည်အချင်းရှိကြောင်းကို တင်းနစ်အကျော်အမော် ဆမ်းပရက်စ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ တင်းနစ်ကစားသမားဆမ်းပရက်စ်သည် ၂၀၀၂ ခုနှစ်က အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ဂရင်းဆလမ်းချန်ပီယံဆုကို (၁၄)ကြိမ်မြောက်အဖြစ်ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

ကွင်းလယ်ဒိုင် အဲရစ်ဆင်အား ပယ်လီဂရီနီက စွပ်စွဲခဲ့ပြီးနောက် အဲရစ်ဆင်၏ဆုံးဖြတ်ချက် မှန်ကန်ကြောင်း ဖီဖာအကြီးအကဲဂျင်ဘွိုင်းစီ ထောက်ခံ

မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်တွင် မန်စီးတီးအသင်းက ဘာစီလိုနာအသင်းအား နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ယင်းပွဲစဉ်တွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သော ဆွီဒင်ကွင်းလယ်ဒိုင် အဲရစ်ဆင်သည် ဘာစီလိုနာအသင်းဘက်ကို ဘက်လိုက်သည့် ကွင်းလယ်ဒိုင်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက စွပ်စွဲခဲ့သည်။

ထိုသို့ နည်းပြပယ်လီဂရီနီက စွပ်စွဲခဲ့ပြီးနောက် ကွင်းလယ်ဒိုင် အဲရစ်ဆင်၏ ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်း ဖီဖာအကြီးအကဲ ဂျင်ဘွိုင်းစီက ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ် အရွယ်ရှိ ကွင်းလယ်ဒိုင် အဲရစ်ဆင်သည် ယခုနှစ်နွေရာသီတွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူရန် ရွေးချယ်ခံထားရသူဖြစ်ပြီး မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ်အား အနီကတ်ပြခဲ့ခြင်းနှင့် ဘာစီလိုနာအား ပင်နယ်တီကန်ခွင့်ပေးခဲ့ခြင်းတို့နှင့်ပတ်သက်၍ မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီက ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

- အီတလီစီးရီးအေကလပ်အင်တာမီလန်အသင်းသည် ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ကွင်းလယ်ကစားသမား လာမီလာအား အီတလီစီးရီးအေသို့ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- စပို့တင်းလစ္စဘွန်းအသင်းသည် ကွင်းလယ်ကစားသမား ဝီလီယံကာဗယ်ဟိုအား ကစားသမားသစ်ဖြင့်အစားထိုးရန် စီစဉ်ခဲ့ပြီးနောက် အဆိုပါ ပေါ်တူဂီကြယ်ပွင့် ကာဗယ်ဟိုအား မန်ယူအသင်းက စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။
- အာဆင်နယ်အသင်းသည် အသက်(၁၇)နှစ်အရွယ်ရှိ အူဒီးနီးစ်ဂိုးသမား စကက်ဖက်အားခေါ်ယူစာချုပ်နိုင်ရေး ဆွေးနွေးမှုများပြုလုပ်ရန် အူဒီးနီးစ်အသင်းအား ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- နယူးကာဆယ်အသင်းမှ ပြင်သစ်နောက်တန်းကစားသမား ဒီဘူချီသည် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ပစ်မှတ်ထားလျက်ရှိခြင်းကြောင့် နယူးကာဆယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုထားကြောင်း သိရသည်။
- မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ်သည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် မန်စီးတီးအသင်းက ဘာစီလိုနာအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ကြမ်းတမ်းစွာကစားခဲ့ခြင်းနှင့်ပတ်သက်၍ ကွင်းလယ်ဒိုင်အား လိမ်လည်ပြောကြားခဲ့ခြင်းမရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။
- စပါးအသင်းနည်းပြတင်ရှားဝုဒ်သည် ပရီမီယာလိဂ်တွင် ထိပ်ဆုံးအသင်းလေးသင်းစာရင်းဝင်ရန် ကြိုးစားခြင်းအားဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- မန်ယူကွင်းလယ်ကစားသမား ဂျာနျူဇာသည် လာမည့်လတွင် ဟေတီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည့်ပွဲစဉ်တွင် ကိုဆိုဗိုအသင်းအတွက် ပါဝင်ကစားပေးရန် ငြင်းဆိုထားကြောင်း သိရသည်။
- ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အသက် (၃၀) အရွယ်ရှိ မန်ယူအသင်းမှ နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီအား အမ်းမရိတ်သို့ ပြန်လည်ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။
- လီဗာပူးအသင်းသည် အာဆင်နယ်နောက်တန်းကစားသမား ဘာကာရီဆက်ဂ်နာအား ခေါ်ယူရန် ချယ်လ်ဆီး၊ မန်စီးတီး၊ အင်တာမီလန်တို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ချန်ပီယံရှစ်ကလပ် ချာတန်အသင်းသည် အသက် (၃၂)နှစ်အရွယ်ရှိ ကျူပီအာတောင်ပံကစားသမား ရိုက်ဖီးလစ်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- ဘယ်လ်ဂျီယံကြယ်ပွင့် ဗာမေလန်သည် ယခုနှစ်နွေရာသီကာလတွင် အမ်းမရိတ်မှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်းနှင့်ပတ်သက်၍ နည်းပြအာစင်ဝင်းဂါးအား ပြောကြားခဲ့ကြောင်း ဗာမေလန်၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။
- နယူးကာဆယ်ဗဟိုခံစစ်မှူး ဒီဘူချီသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် တောင်းဆိုခဲ့ပြီးနောက် နယူးကာဆယ်၌ ဆက်နေရန် အာမခံချက်မပေးနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



ရေနံချောင်းမြို့နယ်တွင် ကားနှင့်သုံးဘီးမျက်နှာချင်းဆိုင်တိုက်

ရေနံချောင်း ဖေဖော်ဝါရီ ၂၀

ရေနံချောင်းမြို့ မြေနီခင်တောင်ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ် (၃၀၄/၇) အနီးရှိ မြစိမ်းရောင်တံတားပေါ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့တွင်းမှ မြို့ပြင်သို့ ယာဉ်မောင်းကောင်းစံ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် နေသူမောင်းနှင်သော လိုက်ထရပ် အဖြူရောင်ယာဉ်နှင့် မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ယာဉ်မောင်း အောင်ပြည့်စုံ ရေနံချောင်းမြို့နယ်နေသူ မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်အပြာရောင် ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာမှ သုံးဘီးဆိုင်ကယ်ပေါ်ပါသူ ခရီးသည် ရှစ်ဦးအနက် မနွယ်နီမိုး (၃၅)နှစ် ရေနံချောင်းမြို့နေသူတွင် ယာမျက်ခုံးပွန်းပဲ့ ဒဏ်ရာ၊ ဦးကျော်ဆွေ (၅၄)နှစ် ရေနံချောင်းမြို့နေသူတွင် ဝဲပေါင်ကျိုးဒဏ်ရာ (စိုးရိမ်ရ)၊ မအိသန္တာလွင် (၂၇)နှစ် ရေနံချောင်းမြို့နေသူတွင် ဝဲဘက်ခန္ဓာကိုယ် နာကျင်ဒဏ်ရာ၊ မအိမွန်ဆွေ (၂၈)နှစ် ရေနံချောင်းမြို့နေသူတွင် ခါးနာကျင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ လေးဦးအနက် မနွယ်နီမိုး၊ မအိသန္တာလွင်နှင့် မအိမွန်ဆွေတို့အား ရေနံချောင်းပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပြီး ဦးကျော်ဆွေအား ရေနံချောင်းပြည်သူ့ဆေးရုံမှ မကွေးပြည်သူ့ဆေးရုံသို့ လွှဲပြောင်းဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ကောင်းစံနှင့် အောင်ပြည့်စုံတို့အား လက်မှတ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သူရထွန်း (မကွေး)

အရှိန်မထိန်းနိုင်သည့်ကား ဘယ်ရီယာတုံးများကို တိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၁၈/၂-၃) ကြား၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ မကွေးသို့ မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆေးရုံလမ်းနေ မောင်မောင်ညွန့် (၅၀)နှစ် မောင်းနှင်လာသော ၃C/. . . အေဒီဗင်အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘယ်ရီယာတုံးများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ် ရောက်ရှိရပ်တန့်သွားခဲ့သည်။**(အပေါ်ပုံ)** ထိုသို့ တိုက်မိမှုကြောင့် ယာဉ်မောင်း ဦးမောင်မောင်ညွန့်တွင် ဝဲလက်ဖျံပွန်းပဲ့ဒဏ်ရာ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နေ ဒေါ်မာလာရီ (၅၇)နှစ်တွင် ဦးခေါင်းယာဘက်ပေါက်ပြဲ၊ ဝဲပခုံးနာကျင်ဒဏ်ရာ၊ မကွေးမြို့ ရန်မျိုးနိုင်ရပ်ကွက်နေ ဦးမော်စီ (၅၈)နှစ်တွင် မျက်ခုံးနှစ်ခုကြား၊ နှာခေါင်းနှင့် ယာဒူးခေါင်းတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်မှာ ရှေ့ဘန်ဘာ/ဘောနက် ပိန်ချိုင့်ပြုတ်ထွက်၊ ရှေ့လေကာမှန်ကွဲ၊ ယာဘက်ရှေ့တံခါးအမိုးပိန်ချိုင့်တို့ ပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ မောင်မောင်ညွန့်အား ပန်းတင်အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

တစ်မနက်တည်း ခါးပိုက်နှိုက်နှစ်ဦးဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်းမှ အလုံမြို့နယ်ဘက်သို့ လာရောက်၍ ခါးပိုက်နှိုက်မှုများ ကျူးလွန်တတ်ကြောင်း သတင်းအရ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်တွင် စောင့်ဆိုင်း၍ ခါးပိုက်နှိုက်မှုဖြင့် ပြစ်ချက်ဟောင်းရှိသူ ထွန်းထွန်း (၂၅)နှစ် ငုဝါလမ်း ငါးစင်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းထံမှ အပြာအဖြူကွက်ဇစ်ပါ ဘေးလွယ်အိတ်တစ်လုံး၊ SAMSUNG GALAXY GIOGT 55660 အဖြူရောင် ဖုန်း (လိုင်းကတ်ပါ ဖုန်းတစ်လုံး ခေါက်အိတ်ပါ)၊ GL တံဆိပ်ပါ စတီးရောင်နာရီတစ်လုံး၊ တစ်ထောင်ကျပ်တန် ပလတ်စတစ်ကတ်လောင်း အဆောင်ကတ်တစ်ခု၊ ငွေကျပ် ၁၉၉၀၀ တို့ကို တွေ့ရှိသဖြင့် မေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် မိမိမြို့နယ်နှင့် အခြားမြို့နယ် ယာဉ်လိုင်းတစ်ခုခုမှ နှိုက်ယူလာသည်ဟု မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ၎င်းအား အလုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ယင်းနေ့ နံနက် ၉ နာရီတွင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သစ်တောလမ်းမှတ်တိုင်တွင် ပြစ်ချက်ဟောင်းရှိသူ လှဝင်းထွန်း (၁၉)နှစ် အမှတ် (၁၀) ဝေဘူဇာလမ်း ငါးဇင်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် နေသူအား ခေါ်ယူစစ်ဆေးရာ ၎င်းထံမှ NOKIA အမျိုးအစား အနီရောင်စပ်ကျား ဟန်းဆက်တစ်လုံး (လိုင်းကတ်မပါ)၊ Seagate စာတန်းပါ ဘက်ထရီတုံးတစ်ခု၊ အားသွင်းကြိုးတစ်ခု၊ အိတ်အနက်တစ်လုံး၊ ပန်းရောင်ကွက်စိပ်ခေါက် ပိုက်ဆံအိတ်တစ်လုံး၊ ငွေကျပ် ၃၅၀၀၀၊ LOVE စာတန်းပါ နံ့သာရောင်အိတ်တစ်လုံး၊ နားကြပ်တစ်ခု၊ ဇစ်ပါ အနက်ရောင် ခါးပတ်အိတ်တစ်လုံး၊ အစိမ်းရောင် မိန်းမကိုင်အိတ်တစ်လုံးတို့ကို တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ မပြသနိုင်သဖြင့် ၎င်းအား အလုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

(တင်မောင်ဦး-အလုံ)

လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးနှင့်အတူ ဆေးခြောက်ဟုယူဆရသောအရွက်များသိမ်းဆည်းရမိ

တောင်ငူ ဖေဖော်ဝါရီ ၂၀

တောင်ငူမြို့ အမှတ်(၂) ရဲစခန်း နယ်မြေအပိုင် (၂)ရပ်ကွက် ကန်ပတ်လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ရောက်ရှိစားသောက်နေသော လူငယ်နှစ်ဦးအား တောင်ငူမူးယစ်တပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ ဝင်ရောက်စစ်ဆေးရာ ၎င်းတို့စီးနင်းလာသည့် လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးနှင့်အတူ ဆေးခြောက်ဟု ယူဆရသော မူးယစ်ဆေးဝါးများ ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တောင်ငူမြို့နယ် မူးယစ်တပ်ဆွယ်မှ ဒု-ရဲအုပ်အောင်မျိုးနှင့် နယ်မြေခံပူးပေါင်းရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ တောင်ငူမြို့ (၂)ရပ်ကွက် ကန်ပတ်လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်း စားသောက်နေသူ တောင်ငူမြို့ ဆိပ်ဖူးတောင်ကျေးရွာအုပ်စု ဘုရားခြေရင်းကျေးရွာနေ အောင်သူ (၁၉)နှစ်နှင့် ဖြိုးကိုကို (ခ) ကိုဖြိုး (၁၉)နှစ်တို့အား ၎င်းတို့ စီးနင်းလာသည့် အနက်ရောင် Kanbo 125 လိုင်စင်မဲ့ဆိုင်ကယ်နှင့် JLM 125 အနက်ရောင်လိုင်စင်မဲ့ဆိုင်ကယ်တို့အား ရှာဖွေရာ Kanbo 125 ဆိုင်ကယ်ထိုင်ခုံအောက်ဘောက်ထဲမှ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထုပ်ပိုးထားသည့် ဆေးခြောက်ဟု ယူဆရသော (အစေ့၊ အရိုး၊ အရွက်) အခြောက်

၁ ဒသမ ၃၈၈ ကီလိုဂရမ် တန်ဖိုးကျပ် ၆၉၇၀၀၀ နှင့် huawei အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးကို တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်စစ်ဆေးရာ ကရင်ပြည်နယ် လိပ်သိုမြို့နယ် ပလော့ကျေးရွာနေသူ အသက်(၄၅)နှစ်အရွယ် အမည်မသိ အမျိုးသားတစ်ဦးထံမှ တစ်ဦးလျှင် ကျပ် ၃၀၀၀၀ ထည့်ဝင်၍ ငွေကျပ် ၆၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး တောင်ငူတွင် တစ်ဆင့် ပြန်လည်ရောင်းချရန်ယူလာခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၀၃/၃-၄)ကြား၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကြိုင်းအုံရွာနေ နီနမော့ (၅၃)နှစ် မောင်းနှင်လာသော လော့ဂျား -၁၁၀ အနက်ရောင်ဆိုင်ကယ်သည် လမ်းအရှေ့မှ အနောက်သို့ အမြန်လမ်းအား ရုတ်တရက်ဖြတ်မောင်းစဉ် သာစည်မှ ရန်ကုန်သို့ ကိုကိုဦး (၅၀)နှစ် မောင်းနှင်လာသည့် ၈ဈ/------- “အောင်စစ်ခိုင်” ခရီးသည်တင် မှန်လုံယာဉ်နှင့် တိုက်မိခဲ့ကြောင်း သိရှိရသည်။ ထိုသို့ တိုက်မိမှုကြောင့် နီနမော့တွင် နောက်စေ့ဝဲဘက် ပေါက်ပြဲ၊ နဖူးပွန်းပဲ့၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘန်ဘာပိန်ချိုင့် ဖြစ်ခဲ့ပြီး ဆိုင်ကယ်မှာ တစ်စီးလုံး ပျက်စီးကြေမွခဲ့သည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ နီနမော့အား မြို့ချောင်း အမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၇/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားသည်။

(ရဲပြန်ကြား)









သီလဝါအထူးစီးပွားရေးဇုန်မှ ရှယ်ယာများကို မတ်လ ၃ ရက်မှစတင်၍ တစ်လကြာ ရောင်းချပေးသွားမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

မြန်မာ-ဂျပန် ပုဂ္ဂလိကနှင့် အစိုးရတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar Japan Thilawa Dvelopment Limited မှ မြန်မာအများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Thilawa SEZ Holdings Public Limited ၏ ရှယ်ယာ ၄၁ ရာခိုင်နှုန်းကို အများပြည်သူများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် လာမည့် မတ် ၃ ရက်မှ စ၍ တစ်လကြာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"ဒီရှယ်ယာတွေကို လူများများဝယ်စေချင်တယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေကို ဝယ်စေချင်သလို ငွေကြေးမတတ်နိုင်သူတွေလည်း ဝယ်နိုင်အောင် ရှယ်ယာတစ်စုကို ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ရောင်းချပေးသွားမှာပါ။ ဝယ်တဲ့အခါမှာလည်း နည်းနည်းချင်းဝယ်တဲ့သူကို ဦးစားပေးပြီး ကျန်တဲ့ရှယ်ယာတွေကို အများစုဝယ်တဲ့သူတွေကို ရောင်းချသွားမှာပါ။ ဒါကလည်း နိုင်ငံတကာ ထုံးစံအတိုင်းဆောင်ရွက်ပေးတာပါ" ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ပြောသည်။

ရှယ်ယာများကို မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပြီး ကနဦးအနေဖြင့် စုစုပေါင်းရှယ်ယာ ၂ ဒသမ ၁၄၅ သန်းကို ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူသူများအနေဖြင့် ဝယ်ယူမည့် အရေအတွက်ကို လျှောက်လွှာတင် အဆိုပြုရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားတစ်ဦးချင်းကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုချင်းကိုသော်လည်းကောင်း ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရှယ်ယာရောင်းချမည့်ကုမ္ပဏီနှင့် သဘောတူညီမှုရရှိထားသော ဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရိုးမဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်တို့မှ မြန်မာနိုင်ငံအနှံ့ရှိ သတ်မှတ်ထားသည့် ဘဏ်ခွဲအသီးသီးမှ အဆိုပြုလွှာများ လက်ခံကာရောင်းချပေးသွားမည် ဖြစ်သည်။

သီလဝါအထူးစက်မှုဇုန်စီမံကိန်းတွင် မြန်မာမှ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်းရှယ်ယာများပါဝင်သည်ဟု သိရသည်။ **စိုးအောင်ဖေ**

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဆက်အောင် ရှင်းလင်းပြောကြားနေစဉ်။

သတင်းတိုများ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၃၈ ခု ဆောင်ရွက်နေ

ပြည်ထောင်စုလွှတ်တော်၏ ဘဏ္ဍာငွေကျပ်သိန်းတစ်ထောင်စီမံချက်မှ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် နွားထိုးကြီးမြို့နယ်၌ လုပ်ငန်း ၁၃၈ ခုကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ နွားထိုးကြီးမြို့နယ် ရွာကြီးအုပ်စု ရွာသစ်ရွာတွင် ကျေးရွာလမ်းနှင့်တံတားကို ကျပ်ငါးသိန်းဖြင့် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။ **ဌေးမြင့်မောင်**

စာအုပ်ဖတ်ရှု၊ ငှားရမ်း၊ လှူဒါန်းမှုအများဆုံး ဆုပေး

ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြို့နယ်ခွဲပြည်သူ့စာကြည့်တိုက်သို့ ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း စာဖတ်ရှုမှု၊ စာအုပ်ငှားရမ်းမှုနှင့် စာအုပ်လှူဒါန်းမှုအများဆုံး ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါဌာနတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးပေါင်ကျင့်တုန်း၊ ပြန်/ဆက်ဦးစီးမှူး ဦးလာလ်ပက်လောမ်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းပြပြီး မြို့နယ်ခွဲပြည်သူ့စာကြည့်တိုက်သို့ ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း စာအုပ်ဖတ်ရှုမှု၊ စာအုပ်ငှားရမ်းမှုနှင့် စာအုပ်လှူဒါန်းပေးမှု အများဆုံးဆုရှင်ကိုးဦးတို့အား ဆုများချီးမြှင့်ပေးခဲ့သည်။ **ဇိုဟေဆာ (ချင်းတောင်ခြေ)**

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းလှူဒါန်း

သရက်ခရိုင်၊ ကံမမြို့နယ်၊ ဒါန်းကိုင်းကျေးရွာတွင် မီးဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်သုံးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးတို့က တက်ရောက်လှူဒါန်းကြသည်။ **ကျော်ဇေယျဝင်း (ပြန်/ဆက်)**

မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြေနေရာမလွတ်သည့် ဆိုင်ခန်းများ ရှင်းလင်း

ဖျာပုံ၊ ဖေဖော်ဝါရီ ၂၀

ဖျာပုံမြို့ မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်မည့်ပစ္စည်းများ စုပုံရန် အရှည်ပေ ၁၀၀၊ အကျယ်ပေ ၅၀ အတွင်းရှိ မြေနေရာမလွတ်ကင်းသော ဆိုင်ခန်း ၁၃ ခန်းကို ရှင်းလင်း ဖယ်ရှားပြီး အနော်ရထာလမ်းမတစ်လျှောက်တွင် ယာယီဆိုင်ခန်းနေရာများ ချထားမည်ဖြစ်ပြီး တည်ဆောက်မည့်ကာလမှာ နှစ်လမှသုံးလခန့်အထိ ကြာမြင့်မည်ဖြစ်ကြောင်း စည်ပင်အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးက ဆိုသည်။

ဖျာပုံမြစ်အတွင်း သောင်တူးခြင်းလုပ်ငန်းနှင့် မြို့မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်က ဆိပ်ကမ်းသာယာဈေး သဘော်ဆိပ် မြစ်ကမ်းပါးဘေးတွင် စတင်ဆောင်ရွက်လျက်ရှိပြီး PILE CAP လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ကျောက်စီနံရံတည်ဆောက်မည်ဖြစ်သည်။ **ချမ်းသာ**

ဖျာပုံခရိုင်၌ ဆောင်းစပါးများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

ဖျာပုံ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်သည် မိုးစပါးနှင့် ဆောင်းစပါးများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းမှုနှင့် ရေထွက်သယံဇာတများ ပေါကြွယ်ဝမှုတို့ကြောင့် နိုင်ငံတော်က အားထားရသည့် ခရိုင်တစ်ခုဖြစ်သည်။

ယခုနှစ် ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်းစပါး စိုက်ပျိုးဧက ၁၂၈၁၃၃၅ တွင် ဖျာပုံခရိုင်အနေဖြင့် ၃၅၈၄၂၄ ဧက စိုက်ပျိုးထားရှိပြီး လယ်သမားများအား အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်းစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် မြို့နယ်အလိုက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးထားရှိဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက်က ဖျာပုံ-မအူပင် ကားလမ်းဘေး သာယာဝဲ ကျေးရွာမှ တောင်သူဦးခင်လှ၏ ဧက ၂၀ တွင် စပါးအထွက်ကောင်းမျိုးဖြစ်သည့် ဆင်းသွယ်လတ်နှင့် မနောသုခ စပါးများစိုက်ပျိုးထားပြီး ယခင်နှစ် အတွေ့အကြုံအရ တစ်ဧက စပါးတင်း ၁၂၀ ကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ဂျုံမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းဆင်းသရုပ်ပြ

ရှောင်းဦး ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ ဂျုံ၊ ကုလားပဲသီးနှံများကို သီးထပ်စိုက်ပျိုးကြသည်။ ဂျုံသီးနှံ စိုက်ဧက ၂၀၂၃၄ နှင့် ကုလားပဲစိုက်ဧက ၂၃၅၆၆ ဧက စိုက်ပျိုးကြသည်။ ဒေသရေမြေရာသီ ဥတုနှင့် သင့်လျော်ပြီး အထွက်ကောင်း သော မျိုးသစ်များကို တောင်သူများ သိရှိနိုင်ရန် ရည်ရွယ်၍ ဂျုံမျိုးသစ်ဖြစ်သော ရေဆင်း(၈)၊ ရေဆင်း(၉)၊ ရေဆင်း(၁၀)မျိုးများကို ဒေသတွင် လက်ရှိစိုက်ပျိုးနေသော ရေဆင်း(၃) ဂျုံမျိုးနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို မုန်ချိုကျေးရွာအုပ်စု တောင်သူ ဦးပေါက်စ၏ ကွင်းအမှတ်(၁၉၈၃/က) ဦးပိုင်(၂၀) တွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းပြသခဲ့သည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းလှက ဂျုံမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များနှင့် စိုက်ပျိုးနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
CTP (Computer to Plate) Machine
ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
(က) CTP (Computer to Plate) Machine

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
(က) Web Offset Ink (Black)
(ခ) Web Offset Ink (Cyan)
(ဂ) Web Offset Ink (Magenta)
(ဃ) Web Offset Ink (Yellow)
(င) Sheet Fed Ink Black
Film Developer
Film Fixer
Rubber Blanket
Duplicating Ink Tube
Developing Lacquer

လယ်သမားများအား ချေးငွေထုတ်ပေးခြင်းထက် စက်မှုလယ်ယာစနစ် ကူးပြောင်းရန်အထောက်အကူပေးစေလို

ကလေးမြို့ဖောင်ကူးတံတားမှ အင်ဒိုင်းကြီးသွားရာလမ်းမနှင့် ကျီကုန်းသွားရာလမ်းမဘေးများ နှစ်စဉ် မြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် မြစ်ရေလမ်းကြောင်းသစ်ဖောက်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်နေကြောင်း သိရသည်။ ယင်းလမ်းမများသည် အိန္ဒိယ–မြန်မာ ချစ်ကြည်ရေးလမ်းမ၊စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၏ အလွန်အရေးပါသောလမ်းမဖြစ်ပြီး ကားလမ်းမဘေးများတွင် ကပ်လျက်စီးဆင်းနေသော နေရဥ္စရာမြစ်ကြောင့် လမ်းမဘေးရှိ မြစ်ကမ်းပါးများ မြစ်ရေတိုက်စားကာ ကမ်းစပ်ပြိုကျမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည်။ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးမောင်ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း လမ်းမဘေးကပ်လျက် စီးဆင်းသည့် နေရဥ္စရာမြစ်ရေစီးဆင်းမှု အခြေအနေအားစစ်ဆေးကာ မြစ်ရေလမ်းကြောင်း အမြန်ဆုံးထိန်းသိမ်းနိုင်ရန်အတွက် ကွင်းဆင်းလေ့လာခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ - ဂျူနိုင်း

မန္တလေး၊ ဖေဖော်ဝါရီ ၂၀

တောင်သူ လယ်သမားများအား စိုက်ပျိုးစရိတ်အတွက် ချေးငွေပေးနေခြင်းထက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်မည့် စက်ပစ္စည်းများကို ထောက်ပံ့ပေးပါက စိုက်ပျိုးရေးကဏ္ဍ ပိုမိုအဆင်ပြေနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များနှင့်တာဝန်ရှိသူများကပြောကြားသည်။

"တောင်သူတွေကို ငွေထုတ်ချေးတာ အတိုးနှုန်းသက်သာတယ်ဆိုပေမယ့် တစ်နှစ်အတွင်းပြန်ဆပ်ရတာပဲ။ ချေးငွေအစား စပါးခြွေတဲ့စက်၊ ထွန်စက်လိုမျိုး လယ်ယာသုံး အထောက်အကူပစ္စည်းတွေကို ကူညီထောက်ပံ့ပေးမယ်ဆိုရင် သူတို့ပိုပြီး အဆင်ပြေလာမယ်၊ ရိတ်သိမ်းခလည်း သက်သာမယ်"ဟု မန္တလေးတိုင်း ကုန်စည်ဒိုင်မှ အတွင်းရေးမှူးက ပြောသည်။

ငွေထုတ်ချေးတာ အတိုးနှုန်းသက်သာတယ်ဆိုပေမယ့် . . .

ကျေးရွာများတွင် စပါးရိတ်သိမ်းပါက လယ်တစ်ဧကကို လုပ်အားခ ကျပ် ၁၂၀၀၀၀ ကုန်ကျပြီး စက်ဖြင့် ရိတ်သိမ်းလျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်သာ ကုန်ကျကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်းဖြင့် စရိတ်စကသက်သာမည့်အပြင် အထွက်နှုန်း တိုးလာခြင်းကြောင့် တောင်သူများ၏ ဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်းနှင့် စုပေါင်းလယ်ယာဖော်ထုတ်ပေးခြင်းတို့ လုပ်ဆောင်ပေးသင့်ကြောင်း ၎င်းက ပြောသည်။

"ခုရွာတွေမှာ အားလုံးနီးပါး မြို့ပေါ်တက်တဲ့သူ၊ နယ်စပ်ထွက်သွားသူတွေတော့ အလုပ်သမားမရှိတော့ဘူး။ ကျန်တဲ့သူတွေက လုပ်အားခပိုတောင်းလာတယ်" ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေကြီး စိုက်ပျိုးရေးရုံးမှ ဦးစီးအရာရှိဖြစ်သူ ဒေါ်မြင့်မြင့်အေးက တောင်သူများအနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာများကို လိုလိုလားလားလက်ခံမည်ဆိုလျှင် ကူညီမှုများပေးသွားမည်ဖြစ်ကြောင်း၊သဘာဝအော်ဂဲနစ်မြေဩဇာ အသုံးပြုနည်းစနစ်များကို အသုံးချစိုက်ပျိုးလျှင် နိုင်ငံခြားဈေးကွက်ဝင်လာမည်ဖြစ်၍ ယခုထက် ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း ပြောသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်သူအသင်းဥက္ကဋ္ဌက ၎င်းတို့အနေဖြင့် လုပ်ငန်းစဉ်ခုနစ်ရပ်ချမှတ်ထားပြီး စိုက်ပျိုးရေးနည်းပညာအသစ်များ ပံ့ပိုးပေးခြင်းနှင့် ရွက်ဖျန်းပိုးသတ်ဆေးများကိုလည်း ပြန်လည်ဖြန့်ဖြူးပေးသွားမည်ဟုဆိုသည်။

ပြောင်း၊ နှမ်း၊ ပဲစသည့်သီးနှံများမှာ ဈေးကောင်းရရှိ၍ တောင်သူများ အဆင်ပြေလာသော်လည်း အထွက်နှုန်း တဖြည်းဖြည်း လျော့ကျနေရာ လက်မှုမှ စက်မှုလယ်ယာသို့ ပြောင်းလဲစိုက်ပျိုးခြင်းတို့ လုပ်ဆောင်ပါက အထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **အောင် (မန်း)**

ကျေးလက်နေပြည်သူများအား မီးဖိုသုံးထင်း ၄ ဒသမ ၅၇၂ တန် ထောက်ပံ့

ကံမ၊ ဖေဖော်ဝါရီ ၂၀

သရက်ခရိုင်ကံမမြို့နယ်ရွာသာလှကျေးရွာတွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက သဘာဝသစ်တောများမှ ထင်းထုတ်ယူသုံးစွဲမှု လျော့ပါးစေရန်ရည်ရွယ်၍ မီးဖိုသုံးထင်းများ ထောက်ပံ့ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါပွဲသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမြင့်စိန်နှင့် ဝန်ထမ်းများက ပေးအပ်ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့ဝင်များ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါထောက်ပံ့သော ထင်းများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဧက ၂၀၀ မှ ထွက်ရှိသော ၄ ဒသမ ၅၇၂ တန်ရှိထင်းများဖြစ်ပြီး မြို့နယ်ဦးစီးဌာနအနေဖြင့် လာမည့်မိုးရာသီတွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာ အပင် ၂၀ဖြင့် တစ်ရွာတစ်ဧကနှုန်းဖြင့် ကျေးရွာသုံးစိုက်ခင်းများ စိုက်ပျိုးထူထောင်နိုင်ရန်အတွက် ပြုစုပျိုးထောင်ထားပြီးဖြစ်သည်။

ကျော်ဇေယျဝင်း(ပြန်/ဆက်)

နွားထိုးကြီးတွင် စက်ရေတွင်းတူးရန် ငွေကျပ် ၅၁၅ သိန်း ထုတ်ချေးထား

နွားထိုးကြီး၊ ဖေဖော်ဝါရီ ၂၀

နွားထိုးကြီးနယ်တွင် မိုးခေါင်မှုဒဏ်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စက်ရေတွင်းများတူးဖော်ရန် ငွေကျပ် ၅၁၅ သိန်းကို ထုတ်ချေးထားရာ စက်ရေတွင်းပေါင်း ၁၆၅ တွင်းကို တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းများကို ရေအရင်းအမြစ်ဦးစီးဌာနက နိုင်ငံတော်၏အစီအစဉ်ဖြင့် စက်ရေတွင်း ၅၀ ကျော် စည်ပင်သာယာရေးဦးစီးဌာနက စက်ရေတွင်း ၁၂ တွင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကျေးလက်ဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စက်ရေတွင်း ၁၀၃ တွင်းကို ယမန်နှစ်က တူးဖော်နိုင်ခဲ့၍ မြေအောက်ရေဖြင့် ယခုနှစ် နွေဦးသီးနှံအပါအဝင် ကိုင်းသီးနှံအတွက် စိုက်ပျိုးရေရရှိပြီ ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းလုပ်သူ တောင်သူများကလည်း ကိုယ်ပိုင်စက်ရေတွင်းများကို ကျပ် ၂၅ သိန်းဝန်းကျင် အကုန်ခံ၍ လယ်ယာကွင်းထဲတွင် တူးဖော်ပြီး ရေပေးစိုက်ကြ၍ နွေသီးနှံများဖြစ်သော ကွမ်း၊ ကြက်သွန်၊ ငရုတ်၊ ဖရဲနှင့် သခွားမွှေးများ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဝက်လူးရွာမှ ဦးခင်မောင်သန်းက "နွေမှာရေမခန်းတော့ ဈေးကောင်းသီးနှံစိုက်ပြီး မြေအောက်ရေကို အကျိုးရှိရှိ အသုံးချနိုင်တော့ စိုက်ပျိုးရေးအတွက် တော်တော်လေးကို အဆင်ပြေနေပြီ"ဟုပြောသည်။

စက်ရေတွင်းတူးဖော်ရေးအတွက် နွားထိုးကြီးနယ်တွင် တောင်သူတစ်ဦးကို ငါးသိန်းနှုန်းဖြင့် ယမန်နှစ်က ထုတ်ချေးခဲ့သည်။ **ခင်ဇာမွန်မြင့် (ဥပဒေ)**

သတင်းတို

ဆက်သွယ်ရေး တာဝါတိုင်နှစ်တိုင် စိုက်ထူနေ

နွားထိုးကြီးတွင် မိုဘိုင်းဖုန်းများဆက်သွယ်ရေး လျင်မြန်စွာဆက်သွယ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နွားထိုး ကြီးနယ်၌ တာဝါတိုင်နှစ်တိုင် ထပ်မံစိုက်ထူနေကြောင်း သိရသည်။ နွားထိုးကြီးမြို့ပေါ်တွင် မြန်မာ့ဆက်သွယ်ရေးဝင်း၌လည်းကောင်း၊ မြို့နှင့် ၁၀ မိုင်ကွာဝေးသော ဝက်လူးရွာတွင်လည်းကောင်း တည်ဆောက်လျက်ရှိပြီး ယခုတည်ဆောက်နေသော တိုင်နှစ်တိုင် မှာ GSM နှင့် CDMA နှစ်မျိုးသုံး တိုင်များ ဖြစ်သည်။ **ဌေးမြင့်မောင်**

Summer English Program 2014
GETC building a better future
7th March - 30th May
Pre-school
- Emotional Development
- Intellectual Development
- Moral Development
- Physical Development
- Social Development
- Languages (English, Burmese, Chinese)
- Maths
- Science
- Music
Young Learners
- English 4 skills
- Cambridge ESOL Exams Preparation
- Grammar and vocabulary
- Essay & letter writing
- Life skills for children
10% OFF in February
School Bus Available
တာမွေကျောင်းခွဲ ဖွင့်ပြီ
မြေနီကုန်း 537895, 502775
လှိုင် 530097, 09254148005
540590, 09254148006

Ph : 09-73121112
09-420064446

ပြည်သူ့အမြင်

ထိရောက်စွာ ဖြေရှင်း ပေးမှု ဖြစ်စေချင်

Ekarnif

ရန်ကုန်မြို့တွင်းရှိ ခရီးသွားပြည်သူများ နိစ္စဓူဝတွေ့ကြုံနေရသည့် ကိစ္စတစ်ခုမှာ ယာဉ်စီးခပိုတောင်းသည့် ပြဿနာဖြစ်သည်။ ထိုကိစ္စကို သတင်းစာများ၊ ဂျာနယ်များတွင် မကြာခဏရေးသားကြသည်။ ယာဉ်စီးခပိုတောင်းမြဲ တောင်းနေကြသည်။ ယာဉ်စီးခပိုတောင်းမှုနှင့်ပတ်သက်၍ လေ့လာမိသလောက် ရေးရလျှင် လိုင်သာယာနှင့်အင်းစိန် ဆက်သွယ်သည့် အောင်ဇေယျကြိုးတံတားပေါ်မှ ဖြတ်သန်းပြေးဆွဲနေသောလိုင်းကားများအကြောင်း ဖော်ပြလိုပါသည်။

ထိုလမ်းကြောင်းတွင်ပြေးဆွဲနေသော ၁၂၉၊ ရွှေမြင်းပျံ၊ ၂၀၀၀၊ မေတ္တာလှိုင်း (၃)၊ ၁၂၄ ယာဉ်ကြီးများမှာ ခရီးစဉ်တစ်ပိုင်းလျှင် ကျပ် ၅၀ သတ်မှတ်ထားပါသည်။ သို့သော် မည်သည့်ယာဉ်မျှ ကျပ် ၅၀ ပေးစီး၍မရပါ။ တစ်မှတ်တိုင်စီးလျှင်ပင် ၁၀၀ ကျပ်ပေးရပါသည်။ ထိုထဲတွင် အဆိုးဆုံးမှာ ၁၂၄ ယာဉ်ကြီးများပင်ဖြစ်သည်။ အထူးယာဉ်များသဖွယ် ပုံသေ ကျပ် ၂၀၀ ဖြင့် တစ်လိုင်းလုံးညီညွတ်စွာ တောင်းနေကြသည်။ ၁၂၄ ယာဉ်ကြီးလိုင်းမှ ပြေးဆွဲလျက်ရှိသော ခရီးစဉ်များကို ဇန်နဝါရီလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ တွင် ဤသို့ဖော်ပြထားသည်။ ရန်ကုန်မြောက်ပိုင်း (မ-ထ-သ) ကော်မတီ၏ စီမံမှုအောက်တွင် ၁၂၄ အထူး ယာဉ်လိုင်းအဖြစ် City Bus ယာဉ် ၃၅ စီးဖြင့် ကွန်ပျူတာတက္ကသိုလ်မှ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်၊ City Bus ယာဉ် ၂၉ စီးဖြင့် ရွှေပြည်သာအိမ်မဲကြီးမှ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်အထိ ပြေးဆွဲလျက် ရှိပါသည်။

၁၂၄ (ရိုးရိုး) ယာဉ်လိုင်းအဖြစ် City Bus ယာဉ် ၅၁ စီးဖြင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ အမျိုးသား စီမံခန့်ခွဲမှုကောလိပ်အထိ ပြေးဆွဲလျက်ရှိပြီး သတ်မှတ်ခရီးစဉ်တစ်ပိုင်းကို ၅၀ ကျပ်သတ်မှတ်သော ရိုးရိုးယာဉ်ကြီးလိုင်းသာဖြစ်သည်။ဤ၌ ယခင်က ယာဉ်စီးခပိုတောင်းမှုနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပုံကို တင်ပြလိုပါသည်။ ယာဉ်ကို ဂိတ်ဖွင့်မပေးမီ အချိန်မှူး၊ ဂိတ်မှူး၊ ကြီးကြပ်ရေးမှူးတစ်ယောက်ယောက်က ယာဉ်ကြေခိုင်မှု၊ ယာဉ်စီးခနှုန်းထားနှင့် တိုင်ကြားရန် ဖုန်းနံပါတ်ကို မြင်သာထင်ရှားအောင် ရေးသားခြင်းရှိ-မရှိ စစ်ဆေးပါသည်။ (ယခုယာဉ်များလို စာရွက်ဖြင့်ကပ်ထားခြင်းမဟုတ်၊ မမြင်ရသောနေရာတွင် ကွယ်၍ ကပ်ထားခြင်းလည်း မဟုတ်ပါ။ မြင်သာထင်ရှားသည့် နေရာတွင် သင်္ဘောဆေးဖြင့် ရေးရပါသည်။) ယာဉ်ကြေခိုင်မှုမရှိလျှင်၊ ရေးထားသည့် စာများပျက်နေလျှင်၊ စာလုံးမပီပြင်လျှင် ထိုကားကို ဂိတ်ဖွင့်မပေးပါ။

ယာဉ်စီးခပိုတောင်းသည့်ယာဉ်လိုင်းကိုလည်း တိုင်ကြားမှ အရေးယူခြင်းမျိုးမဟုတ်ဘဲ ကွင်းဆင်းစစ်ဆေး အရေးယူပါသည်။ ယခင်က မ-ထ-သ တွင် ကော်မတီအဖွဲ့ရှိပါသည်။ ထိုအဖွဲ့သည် ခရီးသည်အသွင်ဆောင်၍ လိုက်ပါ စီးနင်းကာ ယာဉ်စီးခပိုတောင်းသောယာဉ်နှင့် ယာဉ်နောက်လိုက်ကို မှတ်သားအရေးယူပါသည်။

အရေးယူပုံကလည်း ထိရောက်လှသည်။ ယာဉ်ကို လိုင်းဆွဲခွင့်ပိတ်၍ ယာဉ်နောက်လိုက်ကိုလည်း လိုက်ခွင့်ပိတ်ပါသည်။ ယာဉ်စီးခပိုတောင်းသည့်ကိစ္စကို တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းစစ်ဆေး၍ ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းပေးစေချင်ပါသည်။

ပဲခူးမြို့ရှိ ရွှေမောဓောဘုရားသို့ ပြည်ပခရီးသွား လာရောက်မှုမှာ တစ်ရက်လျှင် ဦးရေ ၈၀မှ ၁၃၀ အကြားရှိပြီး၊ ၂၀၁၃ ဇန်နဝါရီလထက် ၂၀၁၄ ခုနှစ် ကာလတူတွင် ပြည်ပခရီးသွားလာရောက်မှုနှုန်း ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်။ လာရောက်သူအများစုမှာ ထိုင်းလူမျိုးများဖြစ်သည်။ သတင်းနှင့်ဓာတ်ပုံ - စိုးအောင်ဖေ

၂၀၁၅ တွင် ဟိုတယ်အခန်းပေါင်း ၅၀၀၀ ကျော် ဖွင့်နိုင်ရေး စီးပွားရေးဆွေးနွေးပွဲ မတ်လတွင် ကျင်းပမည်

ရန်ကုန်၊ ဖေဖော်ဝါရီလ ၂၀

၂၀၁၅ ခုနှစ်တွင် ဟိုတယ်အခန်းပေါင်း ၅၀၀၀ကျော် အသစ်ထပ်မံ ဖွင့်လှစ်နိုင်ရေး အထောက်အကူပြုရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ထိုင်းဟိုတယ်လုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာ စီမံခန့်ခွဲမှု အသင်း၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မတ် ၂၂ ရက်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ရန်ကုန် ဟိုရီကစီးပွားရေးဆွေးနွေးပွဲ (Yangon HoReCaBizmatch) ကျင်းပမည်ဖြစ်ကြောင်း သတင်းရသည်။

"လက်ရှိ မြန်မာနိုင်ငံမှာ ဟိုတယ်နဲ့ စားသောက်ဆိုင်လုပ်ငန်းတွေ များလာတဲ့အမျှ နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့် စားသောက်ဆိုင်သုံး ပစ္စည်းများဝန်ဆောင်မှုတွေကို မြန်မာလုပ်ငန်းရှင်တွေ နားလည်သိရှိနိုင်ဖို့ လုပ်ပေးတာပါ။ နိုင်ငံတကာခရီးသွားဧည့်သည်တွေကို နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရင် နိုင်ငံတော်ရဲ့ ဝင်ငွေကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်မှာပါ" ဟု TTF(Yangon)Co.,Ltd မှ အထွေထွေ မန်နေဂျာဒေါ်စန္ဒာဝင်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံရှိ ဟိုတယ်နှင့်ဆက်စပ်ကုန်ပစ္စည်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီ ၂၅ ခုမှ လုပ်ငန်းရှင်များက ဟိုတယ်သုံး ပစ္စည်းများအကြောင်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်သုံး စီမံကွပ်ကဲမှု ကွန်ပျူတာပရိုဂရမ်များအကြောင်း၊ ဟိုတယ်နှင့်ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ဟိုတယ်လုပ်ငန်း ရင်းနှီးမြှုပ်နှံရန် မြေနေရာများအကြောင်း ဆွေးနွေးမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ဆက်စပ်လုပ်ငန်းရှင်များ၊ လက်ရှိ လုပ်ကိုင်နေသူများနှင့် အသစ်စတင်လုပ်ကိုင်လိုသူများအပြင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လိုသူများကလည်း ဆွေးနွေးနိုင်ရန်အတွက် အမည်စာရင်း ကြိုတင်ပေးသွင်းနိုင်ကြောင်းသိရသည်။

ထိုင်းနိုင်ငံမှတက်ရောက်မည့် ကုမ္ပဏီ ၂၅ ခုမှ တစ်ခုလျှင် ဆွေးနွေးချိန် မိနစ် ၃၀ ခန့်ဖြင့်အစီအစဉ် ၁၁ ခု စီစဉ်ထားရှိပြီး မြန်မာနိုင်ငံရှိလုပ်ငန်းရှင်များအနေဖြင့် ဆွေးနွေးပွဲတက်ရောက်လိုပါက ပြပွဲစီစဉ်သည့် TTF(Yangon) Co.,Ltd ဖုန်း-၀၁-၂၉၄၀၀၆၊ ၃၉၂၅၇၉/၈၀ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး www.bizmatch-myanmar.com တွင် အသေးစိတ် ဝင်ရောက်လေ့လာနိုင်သည်။

လက်ရှိ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်ထိ ဟိုတယ်ပေါင်း ၉၄၇ လုံး၊ အခန်းပေါင်း ၃၅၈၂၆ ခန်းရှိပြီး ရန်ကုန်တွင် ဟိုတယ် ၂၃၅ လုံး၊ အခန်း ၁၀၂၈၉ ခန်း၊နေပြည်တော်တွင် ဟိုတယ် ၅၁ လုံး၊ အခန်းပေါင်း ၄၁၀၃ ခန်း၊ မန္တလေးတွင် ဟိုတယ် ၁၀၉ လုံး၊ အခန်းပေါင်း ၄၆၃၀ ခန်း၊ ပုဂံညောင်ဦးတွင် ဟိုတယ် ၇၇ လုံး၊ အခန်း ၂၃၈၆ ခန်းနှင့် တောင်ကြီးအင်းလေးတွင် ဟိုတယ် ၇၃ လုံး၊ အခန်း ၂၀၃၁ ခန်းတို့ ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **စိုးအောင်ဖေ**

မူလတန်းကြိုကျောင်းတွင် မီးဘေးကြိုတင် လုပ်ငန်းဆောင်ရွက်

နေပြည်တော်၊ ဖေဖော်ဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းတွင် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောဆွေးနွေးမှုနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြမှုများကို ကျင်းပခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲတွင် နေပြည်တော် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းမောင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အခမ်းအနားသို့ တက်ရောက်လာသူများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီးနောက်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြခဲ့သည်။

သန်းနိုင်(ဇမ္ဗူသီရိ)

သတင်းတို

ထောပတ်ပဲ အထွက်နည်း

နွားထိုးကြီးမြို့နယ်တွင် ထောပတ်ပဲ စိုက်ပျိုးမှုများပြီး ထောပတ်ပဲစိုက်ဧက ၉၀၀၀၀ ထိ ရှိလာသော်လည်း ယခုနှစ်တွင် အသီးနည်း၍ အထွက်နှုန်းနည်းကြောင်း ဒေသခံတောင်သူများက ပြောသည်။ ထောပတ်ပဲမှာ ပြည်ပသို့ တင်ပို့နိုင်သော ရောင်းတန်းဝင်ပဲဖြစ်၍ ရန်ကုန်ဝယ်လက်ဆင်းဝယ်နေရာ နေ့စဉ် ကားများနှင့် ထောပတ်ပဲအိတ်များ တင်ပို့နေကြသည်။ ထောပတ်ပဲအရနည်း၍ ဈေးနှုန်းများ ယခုထက် ပိုမိုမြင့်တက်နိုင်ကြောင်းပဲကုန်သည်တစ်ဦးက ပြောကြားသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၄/ ၂၀၁၄)

၁။ [illegible]

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	[illegible]
(၁)	IFB-185(2013-2014)	Fire Fighting Truck	(1) Unit	US$
(၂)	IFB-186(2013-2014)	CAT D 3508 Marine Engine Assy With Gear Box	(2) Sets	US$
(၃)	IFB-187(2013-2014)	Spares for CAT D 399 Engine & CAT D 379 Engine	(7) Items	US$
(၄)	IFB-188(2013-2014)	30" LSAW API 5L Grade X65,3LPE Coated Steel Line Pipe(35Miles)& Accessories	(1) Lot	US$
(၅)	IFB-189(2013-2014)	2" & 3" Pipe Fittings	(8) Items	US$
(၆)	IFB-190(2013-2014)	6"x8" B Mixing Pump	(3)Sets	US$
(၇)	IFB-191(2013-2014)	20" LSAW API 5L Grade X 46, 3LPE Coated Steel Line Pipe (5Miles) & Accessories	(1) Lot	US$
(၈)	IFB-192(2013-2014)	Surveying, Transferring, Laying, Welding, Construction, NDT, Land and Crop Compensation of 20" Gas Pipe Line	(1) Lot	US$
(၉)	DMPL-062(2013-2014)	Spares for CAT-D399 Engine Ex USS Oil Well Rig	(4)Items	Ks
(၁၀)	DMPL-063(2013-2014)	Spares for CAT-D3512 Engine Ex ZJ 50 D SR I & II Rig	(3)Items	Ks
(၁၁)	DMPL-064(2013-2014)	Roller Bearing(Elbows for K-700 Rig Pump's Jack Shaft and 100 Tons Jack Hydraulic Hand Pump	(1)Lot	Ks

၂။ [illegible]

၃။ [illegible]

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
[illegible]

အတွေးအမြင်

အရောင်မဆိုးတဲ့ မေ့မရတဲ့ စိတ်ထား

atnifrnif

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၅ နှစ်ခန့်က မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုပါ။ ရန်ကုန်တက္ကသိုလ်က ကျောင်းပိတ်ချိန် မိဘရှိရာ မြစ်ကြီးနားမြို့သို့အပြန်၊ မန္တလေးမှ ညရထားစီးခဲ့ပါတယ်။ နောက်နေ့မနက် ငါးနာရီလောက် မျက်နှာသစ်မှာ ကျွန်တော့်လက်စွပ်ကလေး ကျွတ်ကျသွားပါတယ်။ ထိုစဉ်က ငွေကျပ် ၃၅၀ နဲ့ ရွှေဘုံသာလမ်းက အမေဝယ်ပေးခဲ့တဲ့ လက်စွပ်လေးပါ။ တစ်ကျပ်သားလောက်ရှိမယ်ထင်ပါတယ်။ ဘီလူးခေါင်းပုံဆန်း လက်စွပ်လေးပါ။ ဖြစ်ဖြစ်ချင်း ဝန်းကျင်ကို မှတ်လိုက်တော့ ထန်းပင်သုံးပင်ကို နှင်းတောထဲမှာ တွေ့လိုက်တယ်။ ကျွန်တော်လည်း ရထားဆိုက်တဲ့ ရွှေဘူတာ မော်ဟန်မှာဆင်းပြီး အသိဖြစ်တဲ့ သစ်တောရုံး တောခေါင်းအိမ်ကို ရှာပြန်တော့ တောထဲသွားနေလို့ မတွေ့ခဲ့ရပါ။ မိတ်ဆွေ၏ဇနီးထံမှာ အဝတ်အိတ်ကလေး အပ်၊ လက်စွပ်ကျခဲ့တဲ့ နန်စီအောင်ကိုလျှောက်ပြီး ရှာပါတော့တယ်။ နောက် အမေဆူမှာ စိုးရိမ်စိတ် တစ်ခုတည်းနဲ့ မီးရထားလမ်းကိုလျှောက်၊ တစ်နာရီလောက် ခြေကုန်လက်ပန်းကျအပြီးမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နဲ့ တွေ့ပါတယ်။ ဗမာလိုပြောတတ်သူရဲ့မေးတာကို ကျွန်တော်ပြန်ဖြေတော့သူတို့က ဝိုင်းရယ်ကြပါတယ်။ တက္ကသိုလ်ကျောင်းသားလေး ဒုက္ခရောက်နေပုံကို သနားပြီး ထမင်းထုပ်နဲ့ ရေဘူးပေးပြီး ဆက်မသွားဖို့ တားကြပါတယ်။ မတွေ့နိုင်တာကို မရှာဖို့နဲ့ ချော့လို့လဲမရတော့ သူတို့က နှုတ်ဆက်ကြပါတယ်။ နောက် မော်ဟန်ရွာလေးမှာ ညအိပ်ပြီး မြစ်ကြီးနားကို ပြန်ရောက်ပါတယ်။ လက်စွပ်အကြောင်း အမေကမမေးတော့ ရင်တထိတ်ထိတ်နဲ့ နေခဲ့ရပါတယ်။

နောက် ၁၀ ရက်လောက်အကြာ အဖေရုံးကအပြန်မှာ စာအိတ်ကလေး တစ်အိတ် ပါလာတယ်။ စာအိပ်ထဲမှာ ကျွန်တော့်လက်စွပ်ပါပါတယ်။ မော်ဟန်ရွာက မိတ်ဆွေတောခေါင်းလေးက လူကြုံနဲ့ထည့်ပေးလိုက်တာပါ။ အမေကတော့ ငိုလည်းငို၊ ရိုက်လည်းရိုက်။ ကျေးဇူးတင်ပြီး မေတ္တာလည်းပို့။ သူတို့တစ်တွေ ခရိုင်သစ်တောဝန်တစ်ယောက်ရဲ့သားကို ဘာမှမလုပ်တဲ့အပြင် ထမင်းလည်းကျွေး၊ လက်စွပ်တောင် ဝိုင်းရှာပေးလိုက်ပါသေးတယ်။ ရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ အရောင်မဆိုးတဲ့ စိတ်အရင်းခံက အယူဝါဒနဲ့ လူမျိုးစွဲမရှိခဲ့ပါဘူး။ ကျွန်တော့်နှလုံးသားမှာတော့ ရိုးသားဖြူစင်တဲ့ တိုင်းရင်းသားတွေကို ချစ်ခင်တဲ့ စိတ်က တစ်သက်လုံး ပါသွားခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်က ကိုယ်တွေ့ တကယ့်အဖြစ်အပျက်လေးပါခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း စီးပွားရေးတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၂ ရက် နေ့လယ်က မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် အမှတ် ၄၁ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်အရှေ့) က ဒုတိယရဲမှူးမျိုးမြင့်က မူးယစ်ဆေးဝါး အလွဲသုံးမှုဆိုးကျိုးအန္တရာယ်နှင့် ကော်ရှူသုံးစွဲခြင်း၏နောက်ဆက်တွဲဆိုးကျိုးများအကြောင်းအားလည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလှိုင်က မှုခင်းကျဆင်းရေးအကြောင်းအားလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာဖြိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအားလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းလှိုင်က မူးယစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်ဆိုးကျိုးများအကြောင်းအားလည်းကောင်း အသီးသီး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မော်ကွန်းထိန်းအဆင့် (၁) ဦးသန်းစိုးဦးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ- ရဲပြန်ကြား

သတင်းတို

မှုခင်းကျဆင်းရေး ဟောပြော

တနင်္သာရီတိုင်းဒေသကြီး၊ ခမောက်ကြီးမြို့နယ်ခွဲ၊ ၃၈ မိုင်၊ ယုဇနဆီအုန်းစက်ရုံ အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁၅ ရက် နေ့လယ်ပိုင်းက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဦးက မှုခင်းဆိုင်ရာ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိမှတ်ဖွယ်ရာများအား ဟောပြောခဲ့ပြီး ကော့သောင်းမြို့နယ်မှတာဝန်ရှိသူအသီးသီးကလည်း ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ စက်ရုံလုပ်သား ၇၇ ဦးတက် ရောက်ခဲ့သည်။

ရဲပြန်ကြား

မန္တလေးမြို့တွင် နာကျင်မှုဝေဒနာကုသရေး ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး နည်းပြသင်တန်းဖွင့်လှစ်

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက နာကျင်မှုဝေဒနာ ကုသရေးဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး နည်းပြသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်ငံနာကျင်မှုဝေဒနာ ကုသရေးအဖွဲ့မှ ဒိန်းမတ်နိုင်ငံမှ ပါမောက္ခ Dr.Troels Jensen ၊ ပါမောက္ခ Dr. Cynthia Goh၊ တွဲဖက်ပါမောက္ခ Dr. Pradit Prateepaanich တို့က နာကျင်မှုဝေဒနာ ကုသရေးနှင့်ပတ်သက်၍ ရောဂါရာဇဝင်၊ အဆင့်အလိုက်လေ့လာဆန်းစစ်ချက်များ၊ နောက်ဆုံးပေါ်ကုသနည်းများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးနှင့် အရိုးအထူးကုဆေးရုံကြီးတို့မှ သင်တန်းသား စုစုပေါင်း ၄၁ ဦးတက်ရောက်ရာတွင် ဆရာဝန် ၁၈ ဦး၊ သူနာပြု ၁၆ ဦး၊ အကြောပညာရှင် ၇ ဦး ပါဝင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ခွင့်ပြုရန်ပုံငွေ ကျပ်သန်း၁၀၂၃ဖြင့် ၈မိုင်၆ဖာလုံအရှည်ရှိ မိုးညှင်းမြို့ မြို့ရှောင်လမ်းဖောက်လုပ်

မိုးညှင်း၊ ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၂၃ ဖြင့် ၈ မိုင် ၆ ဖာလုံအရှည်ရှိ မိုးညှင်းမြို့ မြို့ရှောင်လမ်းအား မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက "ပြည်ထောင်စုကားလမ်းမကြီးက မြို့ကိုဖြတ်သွားတယ်၊ လမ်းကကျဉ်းပြီး တံတောင်ဆစ်ကွေ့တွေရှိတဲ့အပြင် ဆယ်ဘီးကား၊ ဆယ့်နှစ်ဘီးကား၊ စက်ယန္တရားတင်တဲ့ကားနဲ့ စက်သုံးဆီတင်တဲ့ကားတွေမောင်းတော့ အန္တရာယ်များတယ်။ ဒါကြောင့် ဒီလမ်းရဖို့ လွှတ်တော်မှာ တင်ပြပေးခဲ့ကြတယ်" ဟု ပြောသည်။

ယခုအခါ မိုးညှင်းမြို့ မြို့ရှောင်လမ်းအတွက် တောရှင်းခြင်း၊ တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးနေကြောင်းနှင့် ၅ ပေ တံတားငယ် ၃၁ စင်း၊ ၁၀ ပေ တံတားငယ် ၄ စင်းနှင့် ၂၀ ပေတံတားငယ် ၆ စင်းကို တည်ဆောက်နေဆဲဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးမြင့်ဇော်က ပြောကြားသည်။ **ကျော်စိုးလေး**

ပြေတီဦးဖောင်ဒေးရှင်း ရန်ပုံငွေ ဖျော်ဖြေပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၀

ပြေတီဦးဖောင်ဒေးရှင်း ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း ဒိုင်းမွန်းပလာဇာ ပရိုမိုးရှင်းဧရိယာ၌ ကျင်းပမည်ဖြစ်ပြီး ဇော်ဝင်းထွဋ်၏ အင်ပါယာတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေမည်။ ပြေတီဦးဖောင်ဒေးရှင်းရန်ပုံငွေသို့ လှူဒါန်းလိုသော အလှူရှင်များထံသို့လည်း ကိုယ်တိုင်သွားရောက် အလှူခံမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်ပြည်သူ








ရှမ်းကလေးကျွန်းတွင် ပြောင်းဖူးလှိုင်လှိုင်ပေါ် စစ်ကိုင်း – မန္တလေး ကားလမ်းတစ်လျှောက် ရောင်းချသူများပြား

အမရပူရ ဖေဖော်ဝါရီ ၂၀

အမရပူရမြို့နယ် ရှမ်းကလေးကျွန်းနှင့် ရေဝင်ကိုင်းမြေများတွင် ဆောင်းသီးနှံအဖြစ်စိုက်ပျိုးထားသည့် ဖူးစားပြောင်းများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ မန္တလေး-စစ်ကိုင်းကားလမ်းတစ်လျှောက် နေရာအနှံ့တွင် ပြောင်းဖူးရောင်းချသူများ များပြား လျက်ရှိနေကြောင်း၊ ပြောင်းဖူးရောင်းချသူများသည် ခရီးသွားများကို အဓိကထားရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ စစ်ကိုင်း-မန္တလေးလမ်းဟောင်းနှင့် ကမ်းနားကန်ပတ်လမ်းတစ်လျှောက်တွင် ပြောင်းဖူးစိမ်းများအများအပြား ရောင်းချလျက်ရှိသည်။ ရှမ်းကလေးကျွန်းနှင့် ရေဝင်ကိုင်းမြေများတွင် စိုက်ပျိုးထားသည့် ဖူးစားပြောင်းခင်းများတွင် ပြောင်းဖူးများ လှိုင်လှိုင်ပေါ်ပြီဖြစ်ကြောင်း၊ ထိုင်ဝမ်ပြောင်းခေါ် သကြားပြောင်းဖူး ၁၀ ဖူးလျှင် ကျပ်၁၃၀၀၊ တရုတ်ပြောင်းဖူး ခြောက်ဖူးပါသုံးတွဲလျှင် ကျပ်၁၀၀၀ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်း-မန္တလေးကားလမ်းတစ်လျှောက် ဖြတ်သန်းသွားလာနေကြသည့် ကိုယ်ပိုင်ကားများ၊ ဆိုင်ကယ်များမှ ရပ်နားဝယ်ယူကြသည့်အတွက် အရောင်းသွက်လျက်ရှိနေကြောင်း၊ အချို့သော ဈေးရောင်းချသူများက ခရီးသွားများ အလွယ်တကူ အသင့်ဝယ်ယူစားသောက်နိုင်ရန် ပြောင်းဖူးများကိုပြုတ်၍ ရောင်းချကြကြောင်း ပြောပြသည်။

နန္ဒာမင်းလွင်

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရာပြည့်ရာကျော် ဆရာတော်ကြီး ဝိဇာတမွေးနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျီရွာအုပ်စု၊ ချောင်းနားရွာအုပ်စု၊ ဇေယျသုခတိုက်ကျောင်း ပရိဝုဏ်အတွင်းရှိ ဇေယျသိဒ္ဓိဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယအနေကဇာတင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၅ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ကျောင်းတိုက်ဆရာတော် ရာပြည့်ရာကျော် ဆရာတော်ဘဒ္ဒန္တဇယန္တ၏ သက်တော် (၁၀၂)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်းတိုက်၌ ကျင်းပရာ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ ဆရာတော်၊ သံဃာတော်များ ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၏ မွေးနေ့အခမ်းအနားတွင် ကြွရောက်တော်မူခဲ့သည့် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော် ဘဒ္ဒန္တဇယန္တသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာ၌ ခမည်းတော် ဦးစာတမ်း၊ မယ်တော် ဒေါ်ငွေကွန့်တို့၏ သားသမီး ခုနစ်ဦးအနက် တတိယမြောက်သား ဖြစ်ပြီး ၁၂၈၃ ခုနှစ် ဆယ်နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ရှင်သာမဏေငယ်၏ လျင်မြန်ဖြတ်လတ်မှု၊ သွက်လက်မှုတို့ကိုအစွဲပြု၍ ရှင်ဇယန္တဟု ဘွဲ့အမည်ပေးတော်မူခဲ့သည်။ **ကျော်သန်း(မော်လမြိုင်)**

မဟာဗန္ဓုလတံတားအဆင်း ယာဉ်ကြောကျပ်မှုနှင့် ယာဉ်တိုက်မှုလျော့နည်းရေး ပြင်ဆင်ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယာဉ်ကြောပိတ်ဆို့မှုများမှာ ရန်ကုန်မြို့တွင်းနေရာဒေသများ သာမကဘဲ ရန်ကုန်မြို့၏ ဆင်ခြေဖုံးမြို့နယ်၊ ရပ်ကွက်များသို့ထွက်သည့်အချို့သော လမ်းမကြီးများတွင်လည်းဖြစ်ပွားလျက်ရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဖြေရှင်း ဆောင်ရွက်နေသည့်လုပ်ငန်းများအနက် ရန်ကုန်မြို့တွင်းမှ ဒေါပုံ၊ သာကေတ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်များသို့ ဆက်သွယ်သွားလာရတွင် အဓိကထွက်ပေါက်ဖြစ်သည့် မဟာဗန္ဓုလတံတား ဒေါပုံဘက်ခြမ်း ယာဉ်ကြောကျပ်မှုနှင့် ယာဉ်တိုက်မှု လျော့နည်းစေရန်အတွက်လည်း အကောင်အထည်ဖော်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ လမ်းတံတားဌာန (ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်)မှ တာဝန်ရှိသူများ၏ ပြောကြားချက် အရသိရသည်။

မဟာဗန္ဓုလတံတား ဒေါပုံဘက်ခြမ်း ယာဉ်ကြောကျပ်မှုနှင့်ယာဉ်တိုက်မှု လျော့နည်းစေရန်အတွက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ယာဉ်တိမ်းမှောက်မှု အများဆုံးဖြစ်သည့် မဟာဗန္ဓုလတံတားအဆင်း “ဂ”ကွေ့အား ပြန်လည်ပြင်ဆင်ရန်အတွက် တံတားအဆင်းရှိ လမ်းလယ်ကျွန်းအား ၁၁ ပေအထိပြန်လည် ဖြတ်တောက်သွားမည်ဖြစ်သည်။ ဆက်လက်၍ လက်ရှိတည်ရှိနေသည့်လမ်းအကျယ်မှာ ဒေါပုံမြို့နယ်ဘက်ခြမ်းတွင် လုံလောက်မှုမရှိသဖြင့် ယခင်သတ်မှတ်ထားသည့် လမ်းနယ်အကုန်အထိ ထပ်မံချဲ့ထွင် တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အပြင် လျှပ်စစ်မီးတိုင်များ ရွှေ့ပြောင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းသားတိုးချဲ့ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွား မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးကော်မတီ အပါအဝင် လျှပ်စစ်ဝန်ကြီးဌာနနှင့် အခြားသော အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သန်လျင်တံတားချဉ်းကပ်လမ်းမှ မဟာဗန္ဓုလတံတားအဆင်းအထိ ဒေါပုံမြို့နှင့် သာကေတမြို့နယ်များကို ဆက်သွယ်ထားသည့် ယမုံနာလမ်းမကြီးနှင့် ရှုခင်းသာမြို့ပတ်လမ်းမကြီး တစ်လျှောက် လမ်းအရှည်ပေပေါင်း ၂၁၃၀၀ ကို လည်းလမ်းအကျယ် ၈၂ ပေ ထုထည် ၁၁ လက်မအထိရှိသည့် ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းမှာလည်း ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းနေရာတွင်အထူးသဖြင့် မဟာဗန္ဓုလတံတားအဆင်းမှာ ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်နေသဖြင့် ဒေါပုံဘက်ခြမ်းအဆင်းမှာ အရှိန်ထိန်း (SLOWDOWN) ခုံးငယ်များ ပြုလုပ်ပေးထားသော်လည်း ယာဉ်တိုက်မှုများ နှင့် ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်ကြောပိတ်ကျပ်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ထို့ကြောင့် အဆိုပါယာဉ် တိုက်မှုများနှင့် ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်ကြောပိတ်ကျပ်မှုများလျော့ နည်းစေရန်အတွက် ဒေါပုံဘက်ခြမ်းတံတားအဆင်းရှိ လမ်းလယ်ကျွန်းကို ၁၁ ပေ ထပ်ချဲ့ ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာန (ဒေါပုံမြို့နယ်)မှ AE ဦးမောင်မောင်သိမ်း၏ ပြောကြားချက်များအရသိရသည်။

အဆိုပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီးစီးပါက ဒေါပုံမြို့နှင့် သာကေတမြို့သို့ ဆက်သွယ်ထားသည့် ယမုံနာလမ်းမကြီးအပါအဝင် ရှုခင်းသာမြို့ပတ်လမ်းမကြီးတစ်လျှောက်တွင်လည်းယာဉ်ကြောကျပ်သည်းမှုများ လျော့နည်းသွားမည်ဖြစ်သကဲ့သို့ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပေါ်နေသည့် မဟာဗန္ဓုလတံတားအဆင်း ဒေါပုံဘက်ခြမ်းတွင်လည်းယာဉ်အန္တရာယ်လျော့နည်းသွားနိုင်မည်ဖြစ်ပြီးယာဉ်ကြောပိတ်ကျပ်မှုများလည်း သိသာစွာလျော့ကျသွားမည်ဖြစ်ကြောင်း သာကေတမြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန(သာကေတမြို့နယ်)မှ AE ဦးလှမြင့်၏ ပြောကြားချက်အရ သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

သာယာဝတီ ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် စခန်းကြီးကျေးရွာအုပ်စု သရက်ကုန်းစာဖြူစုကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးအောင်ကျော်သိုက်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရခြင်း အကြောင်းဆွေးနွေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျေးရွာအုပ်စု နှစ်စုမှ သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၂၀

၂၀၁၃-၂၀၁၄ပညာသင်နှစ် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မြိတ်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပရာ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်က ပြိုင်ပွဲဝင် မောင်မယ်များအား နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ပြိုင်ပွဲကို မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ပြေးခုန်ပစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

နိုင်ထူး







ဖတ်စရာ မှတ်စရာ

ကျေးဇူးတရား

aeZmZmxG

ကျေးဇူးဟူသည် လူတစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု၊ ကောင်းကျိုးဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုရှင်းလင်းထားပေသည်။ မိမိအပေါ်အကျိုးပြုသော ကျေးဇူးရှင်များကို ကျေးဇူးတင်စကား (ထိုသူ၏ကျေးဇူးကိုအောက်မေ့ချီးကျူး) ပြောဆိုရုံမျှမက ကျေးဇူးပြန်ဆပ်မှသာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရာ ရောက်ပေလိမ့်မည်။ လူ့လောကဝန်းကျင်တွင် ကျေးဇူးတရားဟူသည် ကျယ်ပြန့်နက်ရှိုင်းသည့်စကားလုံးဟု ဆိုရမည်ဖြစ်သည်။ နူးညံ့သိမ်မွေ့သည့် သဘောကိုလည်း ဆောင်လေသည်။

လူမျိုးတိုင်း၊ ဘာသာတိုင်းအတွက် ကျေးဇူးတရားဟူသည့်စကားလုံးကို လက်ကိုင်ထားသုံးစွဲကျင့်ဆောင်သင့်ပေသည်။ လူရယ်လို့ ဖြစ်လာလျှင်ပဲ မိဘများ၏ ကျေးဇူးကို ပထမဆုံးရရှိခံစားကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စာသင်ကြားရမည့် အရွယ်ရောက်ပါကလည်း ဆရာသမားများ၏ ကျေးဇူးကို ဆက်လက်ခံစားကြရမည်ဖြစ်သည်။ ဤသည်မှာ လူသားတိုင်းလိုလို လောကသဘာဝအတိုင်း ကျင့်သုံးလက်ခံလာကြရသည့် အရာပင်။ ထိုမှလူမှုဝန်းကျင်သို့ ကျင်လည်လျှောက်လှမ်းကြရာတွင် တစ်ဦးနှင့်တစ်ဦး ကျေးဇူးတရားများ အပြန်အလှန်ထားရှိတင်ကျန်လာကြသည်။ မိမိအပေါ် တင်ကျန်နေသည့် ကျေးဇူးတရားများကို မမေ့မလျော့ဘဲ နှုတ်၏စောင်မခြင်းသာမက အခွင့်ကြုံတိုင်း ဆပ်ကြရမည်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်းကြား ဆက်ဆံသမှုပြုကြရာတွင် ‘ငါသည် သူ့ကို ကူညီရသည်ချည်းများလှသည်၊ သူငါ့ကို ကျေးဇူးဆပ်ရန် အတော်ပင်များချေပြီ’ ဟု တွေတောကြံဆမနေသင့်ပေ။ မိမိကျေးဇူးကို ရေတွက်နေမည့်အစား သူတစ်ပါး၏ကျေးဇူးကို လက်ချိုးရေပြီး ပြန်ဆပ်ခြင်းက ပို၍ကောင်းပေလိမ့်မည်။ သို့မှသာ မိမိအကျိုးကို မမျှော်ကိုးဘဲ ကျေးဇူးဆပ်ရာ ရောက်ပေလိမ့်မည်။ ကျေးဇူးတရားဟူသည့်စကားလုံးသည် မြန်မာမှုနယ်ပယ်တွင် လွန်စွာမှ နူးညံ့သိမ်မွေ့ရုံမျှမက မေတ္တာဓာတ်များ အပြန်အလှန်ပွားများယူခြင်းပင်ဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး လေးစားသမှုပြုရုံမျှမက မေတ္တာဖြင့်ပေးဆပ်ခြင်းပင် ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ပြုမူဆက်ဆံကြရာတွင် ကျေးဇူးတရားကို နှုတ်မှဖွင့်ဟ၍ ဖော်ကျူးသင့်ပါသည်။ ယခုလက်ရှိ လူမှုဝန်းကျင်တွင်လည်း ပါးစပ်ဖျားမှလာသည့် ကျေးဇူးတင်သည့်စကားများကို ဖောဖောသီသီသုံးစွဲနေကြပါသည်။ အမှန်တကယ်တွင် ကျေးဇူးတရားသည် မရှိမဖြစ် လက်ကိုင်ထားသုံးစွဲရမည့် လောကနီတိတရားပင်ဖြစ်ပါသည်။ သို့သော် ရင်ထဲမှလာသည့် မေတ္တာအရင်းခံဖြစ်ဖို့တော့ လိုပါလိမ့်မည်။ ကျေးဇူးတရားကို အမှန်တကယ် သိရှိခံစားမိပါက နှုတ်ဖျားမှထွက်ကျလာသည့် ကျေးဇူးစကားကို ကိုယ်အမူအရာများပါမက စိတ်အတွင်းဝယ် စွဲမြဲမှတ်သား ပြီး ကျေးဇူးဆပ်ခွင့်ကို ရှာကြံဆပ်နိုင်လျှင် ပို၍သာလွန်ပေလိမ့်မည်။

> မိမိကျေးဇူးကိုရေတွက်နေမည့်အစားသူတစ်ပါး၏ကျေးဇူးကို လက်ချိုးရေပြီးပြန်ဆပ်ခြင်းကပို၍ကောင်းလိမ့်မည်

တစ်လုပ်စားဖူးသူ့ကျေးဇူး စကားပုံကဲ့သို့ သူတစ်ပါး၏ ထမင်းကို တစ်လုပ်စာမျှစားမိရုံဖြင့် သူတစ်ပါး၏ကျေးဇူးကို ပြန်လည်ဆပ်သင့်ပေသည်။ တစ်လုပ်စားဖူးသူ့ကျေးဇူးကို သာဓကတစ်ခုအနေဖြင့် ပြောပြရလျှင် ပင်းယဘုရင် ငါးစီးရှင်ကျော်စွာ ပင်လယ်မြို့စားဖြစ်စဉ်တွင် ညီတော်စစ်ကိုင်းမြို့စား အသင်္ခယာစောယွမ်းကို လုပ်ကြံရန် သူရဲကောင်းခင်ညိုကို ခိုင်းစေခဲ့ရာ ခင်ညိုလည်း စစ်ကိုင်းမင်းအား လုပ်ကြံရန် နန်းတွင်းသို့ဝင်စဉ် စစ်ကိုင်းမြို့စား နတ်တင်ထားသည့် ထမင်းနှင့် အမဲသားကို မြင်လျှင်ပဲ ဆာလောင်လှသည့် ဝမ်းတော်အရေးကို အလေးပေးကာ စားသုံးခဲ့လေသည်။ စားပြီးလျှင်ပဲ စစ်ကိုင်းမင်းအား လုပ်ကြံရန် သလွန်ခေါင်းရင်းဘေးရပ်ကာ အသင့်ယူဆောင်လာသည့် ဓားကိုနုတ်၍ ထိုးမည်အပြု ငါ၏ထမင်းရှင်ကို သတ်မိတော့မည်ဟုတွေးတောကာ မသတ်တော့ဘဲအသက်ချမ်းသာရာပေးခဲ့လေသည်။

ဤမျှကြီးကျယ်လှသည့် အရေးကိစ္စကို နတ်တင်ထားသည့်ထမင်းကို စားလိုက်ရရုံဖြင့် ကြီးကျယ်မြင့်မြတ်သည့် ကျေးဇူးတရားကို ဆပ်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မိမိတို့၏ လူမှုဘဝနယ်ပယ်တွင် ဤမျှကြီးကျယ်လှသည့် ကျေးဇူးတရားကို မဆပ်နိုင်သော်မှ မိမိတတ်နိုင်သည့်ဘက်မှ ကျေးဇူးရှင်များကို ကျေးဇူးဆပ်ကြရပေမည်။ ကျေးဇူးရှင်ဟုဆိုရာတွင်လည်း မိမိကို ကူညီသမှုပြုခဲ့ဖူးကြသည့် မိဘ၊ ဆရာသမား၊ မိတ်ဆွေအပေါင်းအသင်းစသည့် ကျေးဇူးရှင်များသာမက မိမိတို့လုပ်ကိုင်နေကြသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ်တွင်ပါ သစ္စာတရားထားကာ အပြန်အလှန်ကျေးဇူးပြုကြရမည်ဖြစ်သည်။

ကျေးဇူးရှိမှ ကျေးစွပ်သည်ဆိုသလို ကျေးဇူးရှင်ကို ကျေးဇူးကန်းသူများလည်း လောကတွင် ဒုနှင့်ဒေးပင်။ ဝက်များအစာစားပြီးသည့်အခါ စားကျင်းများကို ကော်ထုတ်မှောက်လှန်တတ်ကြသကဲ့သို့ ထိုသူများမှာလည်း မိမိ၏ ကျေးဇူးရှင်ကို ကျေးဇူး ဆပ်ရကောင်းမှန်းမသိဘဲ ‘ဝက်စားကျင်းကော်’ကြသည်ဟူ၍ ဥပမာအလင်္ကာအဖြစ် ငယ်ငယ်က ကျောင်းသင်ခန်းစာတွင် သင်ကြားခဲ့ရလေသည်။ ဤကဲ့သို့ဝက်စားကျင်းကော်သူများမဖြစ်စေရန် ကျေးဇူးတရားကို အထူးလေးစားတန်ဖိုးထားကြရမည်ဖြစ်သည်။ ကျေးဇူးရှင်ကို ကျေးဇူးသိတတ်ခြင်းသည် ဘုရားဟောကျမ်းဂန်များနှင့်အညီ စောင့်ထိန်းရာရောက်သကဲ့သို့ ကျေးဇူးရှင်ကို ကျေးမစွပ်ခြင်း၊ ကျေးဇူးရှိက ကျေးဇူးသိတတ်ခြင်းသည် လောကတွင် စောင့်ထိန်းအပ်သည့် မင်္ဂလာတရားတော်လာ ဆုံးမစကားများဖြစ်ပေရာ ကျေးဇူးတရားကို တန်ဖိုးထားလိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့၏ ဘဝ ခရီးလမ်းကို အခက်အခဲမရှိ လျှောက်လှမ်းနိုင်ကြပါစေ။ ။

မိုးကောင်း–ပင်းဘောကျေးရွာ ဓမ္မရာဇိက စေတီတော်မြတ်ကြီး ဓာတ်တော်၊ မွေတော်များ ဌာပနာသွင်းလှူပူဇော်ခြင်း မင်္ဂလာကျင်းပ

မိုးကောင်း ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ ဓမ္မေခကုန်းမြင့်၌ အသစ်တည်ထားကိုးကွယ်ပူဇော်မည့် ဓမ္မရာဇိကစေတီတော်မြတ်ကြီးအား ဓာတ်တော်၊ မွေတော်၊ လက်ဝယ်ရတနာများဌာပနာတော် သွင်းလှူ ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလပြည့်)နေ့ နံနက် ၅ နာရီခွဲက အဆိုပါစေတီရင်ပြင်တော်အပူဇော်ခံမဏ္ဍပ်၌ ကျင်းပရာ ဓာတ်တော်မွေတော်များအား ဗုဒ္ဓဘိသေက မင်္ဂလာအနေကဇာတင် လှူပူဇော်ကြ၍ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်များ၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများကို ပူဇော်ခံမဏ္ဍပ်မှ ဓမ္မရာဇိကစေတီတော်သို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ကြသည်။ ထို့နောက် အလှူရှင်တို့က ဖွဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဓာတ်တော်များ၊ ရွှေ၊ ငွေ ဥစ္စာလက်ဝတ်ရတနာများကို ဌာပနာတော်အတွင်းသို့ သွင်းလှူပူဇော်ကြသည်။

ဓမ္မရာဇိကစေတီတော်ကြီး၏ ဉာဏ်တော်အမြင့် ၁၀၈ ပေ၊ အချင်းပေ ၁၂၀ရှိ မုခ်ဦးလေးခုပါဝင်သည်။ ငွေကျပ် သိန်းပေါင်းနှစ်သောင်းကျော်ခန့် ကုန်ကျမည်ဖြစ်သဖြင့် လှူဒါန်းလိုပါက ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဖုန်း ၀၉-၄၉၂၇၈၄၄၁၇၊ ဦးမောင်ကိုဖုန်း ၀၂-၇၀၄၂၅နှင့် မြစ်ကြီးနားမြို့ ကိုပေါက်(မြတ်မွန်ဆေးဆိုင်) ဖုန်း-၀၉-၂၄၀၁၀၃၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ **ကြည်ကြည်အေး(ဓာတု)**

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် ကုလားပဲစိုက်ပျိုးသူများ အလုပ်အနည်းငယ်ပိုသော်လည်း ဂျုံနှင့် နွေစပါးအတွက် အကျိုးရှိသောမိုးဖြစ်

မုံရွာ ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းမှုသည် နေရာဒေသကျယ်ဝန်းပြီး မိုးရွာချိန်ကြာရှည်သောကြောင့် ဆောင်းသီးနှံစိုက်ပျိုးထားကြသည့် တောင်သူများအနေဖြင့် ရိတ်သိမ်းသီးနှံကများပြီး တချို့ကို သိမ်းပြီးဖြစ်သလို တလင်းသို့ရောက်ရှိနေသော ကုလားပဲများမှာ မိုးရေထိ၍ ပျက်စီးဆုံးရှုံးနိုင်မှုရှိသော်လည်း တောင်သူများအတွက် အလုပ်ပိုသွားစေခဲ့ကြောင်းသိရသည်။ အဆိုပါ မိုးရွာစဉ်ကာလအတွင်း တောင်သူများ အမြန်ဆုံးသိရှိလိုက်နာစေရန်နှင့် နောင်ဆက်လက်၍ မိုးရွာနေမည်ဆိုလျှင် မည့်သို့ဆောင်ရွက်ရမည်များကို ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝင်းထံမှ သိရသည်။

စက်တင်ဘာလမှစတင်စိုက်ပျိုးသော ဆောင်းသီးနှံများကိုဇန်နဝါရီတွင် ရိတ်သိမ်း၍ တလင်းသို့ပို့ဆောင်ကာ နေလှန်း၊ လေသလပ်ထားရှိမှုများပြုလုပ်နေရချိန် အချိန်အခါမဲ့မိုးရွာသွန်းသောကြောင့် တောင်သူများအနေဖြင့် မိုးကာရှိလျှင် မိုးကာနှင့်အုပ်နိုင်သော်လည်း မိုးမိနိုင်သော ကုလားပဲများတွင် သီးလုံးဖောက်ပိုးများကျရောက်နိုင်သည်။ ဆောင်းသီးနှံဖြစ်သည့် ဂျုံစိုက်ပျိုးသူများ အနေဖြင့် အဆိုပါမိုးကြောင့် အစို ဓာတ်ရရှိကာ မျှော်မှန်းထားသည်ထက် အောင်မြင်နိုင်ကြောင်းသိရသည်။

ယခုမိုးကြောင့် လာမည့်နွေစပါးကာလတွင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးဧက ၃၇၁၇၇၀ အတွက် အကျိုးရှိစေမည့် မိုးဖြစ်ကြောင်း၊ နွေစပါးစိုက်မည့်စိုက်ကွင်းများအတွင်း မိုးစပါး ရိတ်သိမ်းပြီးနောက် နေပူ၍ ပတ်ကြားအက်ခါ အဆိုပါ ပတ်ကြားအက်များအတွင်း ပတ်ကြားစေ့အောင် ရေသွင်းရန် လိုအပ်နေသောအချိန်တွင် အချိန်အခါမဲ့ မိုးကြောင့် မြေအစိုဓာတ်ရရှိပြီး နွေစပါးစိုက်ပျိုးမှု အများဆုံးလျာထားသောရွှေဘိုခရိုင်တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေသောကြောင့်ယခုရွာသောချိန်အခါမဲ့ မိုးသည် ကုလားပဲအတွက် အနည်းငယ် အနှောင့်အယှက် ဖြစ်သော်လည်း ဂျုံ နှင့် နွေစပါးအတွက် အကျိုးများစေကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

§ (N.G.E.S)
(English For Speaking, Listening, Reading & Grammar)
(Essay, Letter & Story Writing)
Foundation Course For IELTS
Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK)

လူပျောက်

မြေကွက်ဝယ်လိုသည်
09 31268183
09 31589922

095 095 095

1- Pascal Khoo Thwe
(From the land of green ghost)
2- Wendy Law-Yone
(golden parasol)

[illegible] "အမေဇင်" [illegible] "ခမ္မာဘသာ [illegible]"

[illegible]

၁၃.၃.၂၀၁၄		[illegible]	[illegible]	[illegible]	[illegible]
[illegible]	(၁)	[illegible]	[illegible]	[illegible]	[illegible]
	(၂)	[illegible]	[illegible]	[illegible]	[illegible]
	(၃)	[illegible]	[illegible]	[illegible]	[illegible]
[illegible]	(၁)	[illegible]	[illegible]	[illegible]	[illegible]
	(၂)	[illegible]	[illegible]	[illegible]	[illegible]
	(၃)	[illegible]	[illegible]	[illegible]	[illegible]
[illegible]	(၁)	[illegible]	[illegible]	[illegible]	[illegible]
	(၂)	[illegible]	[illegible]	[illegible]	[illegible]
	(၃)	[illegible]	[illegible]	[illegible]	[illegible]
	(၄)	[illegible]	[illegible]	[illegible]	[illegible]
	(၅)	[illegible]	[illegible]	[illegible]	[illegible]
[illegible]	(၁)	[illegible]	[illegible]	[illegible]	[illegible]
	(၂)	[illegible]	[illegible]	[illegible]	[illegible]
	(၃)	[illegible]	[illegible]	[illegible]	[illegible]
	(၄)	[illegible]	[illegible]	[illegible]	[illegible]
	(၅)	[illegible]	[illegible]	[illegible]	[illegible]

[illegible] "အမေဇင်" [illegible] Amazing Land [illegible]

[illegible]

[illegible]

ရွှေရတုမွေးနေ့ဆုတောင်း

၂၁-၂-၂၀၁၄ရက်တွင် ကျရောက်သော **ကိုသိန်းဝင်း** စိန်ရွှေထွန်း ရွှေပန်းထိမ်၏ နှစ်(၅၀) ပြည့်မွေးနေ့မှစ၍ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းလျက်---

ချစ်ဇနီး-အေးမာမြင့်

အမှန်တရားကို ပေးပါရစေ(သကြ်န်အကြို ဝိပဿနာသင်တန်း)

အို ယောဂီ၊ မြတ်ဗုဒ္ဓ ညွှန်ပြတော်မူသည့် မဟာသတိပဋ္ဌာန်သုတ်တော်လာ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"ဟူသည့် တစ်ကြောင်းတည်းသောလမ်းကို သင်တိတိကျကျသိရှိပြီလား။ သိရှိလိုပါလျှင်-

အို ယောဂီ၊ မွေးဖွားစဉ်က ဘာဝနာပညာ ပါချင်မှပါမည်။ သို့သော် ညံ့သူဟု မဆိုသာ။ သေသွားသော်ကား ဘာဝနာပညာ မပါပြောအံ့၊ လူညံ့စာရင်း ဝင်လိမ့်မည်။ ထို့ကြောင့်ဘာဝနာ ပညာပါလိုပါလျှင်-

အို ယောဂီ၊ သင် သိနေသော အသိသည် သညာသိလော၊ ပညာသိလော၊ "သညာက ပညာ ယောင်ဆောင်သည်"ဟူသော စကားကို သင် ကြားဖူးသည်မဟုတ်လော။ ထို့ကြောင့် ၎င်းသညာသိနှင့် ပညာသိကို ကွဲပြားစွာ သိလိုပါလျှင်-

အိုယောဂီ၊ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ကား နိဗ္ဗာန်၊ လျှောက်ရမည့်လမ်းခရီးကား မဂ်လမ်းခရီး၊ ၎င်းပန်းတိုင်သို့ ရောက်ဖို့ ၎င်းလမ်းခရီးကို လျှောက်ဖို့ဆိုသည်မှာ အသာထားဘိဦး။ လျှောက်ရမည့်လမ်းခရီးကိုပင် သင်မှန်မှန်ကန်ကန်သိရှိပြီလား။ ၎င်းလမ်းခရီးကို မှန်မှန်ကန်ကန် သိရှိလိုပါလျှင် အောက်ပါဌာနသို့ ကြွရောက်ပါရန်- သကျဇာနည်(မြဝတီ)

အချိန်	- မွန်းလွဲ ၂း၀၀နာရီမှ ၃း၃၀နာရီထိ
နေ့ရက်	- ၂၂-၂-၂၀၁၄ရက်မှ ၃၀-၃-၂၀၁၄ရက်ထိ တစ်ပတ်(၂)ရက်(စနေ၊ တနင်္ဂနွေ)
နေရာ	- ကန်ဦးကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၂၉၇၆

ဝယ်လိုသည်

[illegible]

ဖုန်း-[illegible]

မြို့ရွာတစ်ခွင်သာစေချင် မီး တွင်မပေါ့နှင့်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ မေခါဝီလမ်းမကြီး၊ မြေကွက်အမှတ်-၃၈၈၁၂ ဟုခေါ်တွင်သော (အလျား ပေ၂၀×အနံ ပေ၆၀)အကျယ်ရှိ ဒေါ်တင်ကြည်မြေငှားဂရန်အမည်ပေါက်မြေကွက်နှင့် နေအိမ်အကျိုး ခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်တင်ကြည်[၁၂/ဥကမ(နိုင်)၀၀၇၈၈၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းအပြည့် အစုံဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကိုကိုစံ(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)
(က/၄၅၃)၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၆၅၄၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၂၄၉/ခ၊မြေကွက် တည်နေရာအမှတ်(၁၂၄၉/ခ)၊ ထူပါရုံ(၅)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးအေးဖေ)အမည် ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးအေးဖေ(ဖခင်)နှင့်ဒေါ်မြရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ဒေါ်ခင်ခင်စိုး[၁၂/သကတ(နိုင်)၀၃၈၄၀၇]၂။ဦးအေးနိုင်[၁၂/သကတ (နိုင်)၀၉၅၄၈၄]၃။ဒေါ်သောင်းသောင်းအေး[၁၂/သကတ(နိုင်)၁၀၇၈၉၀]၄။ဒေါ်တိုးတိုးလွင်[၁၂/ သကတ(နိုင်)၀၉၄၇၈၀]၅။ဒေါ်မြင့်မြင့်အေး [၁၂/သကတ(နိုင်)၁၀၇၈၉၁]တို့ထံမှ အထွေထွေကိုယ် စားလှယ်လွှဲစာအမှတ် (၁၄၈၆၄/၁၃)နှင့်(၁၄၈၆၅/၁၃)ဖြင့်ရသူ ဒေါ်တင်နု[၁၂/သကတ(နိုင်)၀၃၅၅၈ ၈]မှ သေစာရင်း ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာခိုင်လုံသော အထောက်အထားနှင့်အတူ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏလမ်းဆုံ၊ ရွှေအင်ကြင်းရိပ်မွန် ပေ(၄၀×၆၀) အကျယ် ၅လွှာ၊ Air Con 5လုံးပါ၊ လုံခြုံရေးစနစ်ကောင်း ရေ မီးကောင်း၊ ကားပါကင်အကျယ် အဝန်းကောင်း၊ အရှေ့ဘက်လှည့်၊ လူနေထိုင်ရန်အသင့်ပြင်ဆင်ပြီး နေအိမ်မှ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုဖူးမြော်နိုင်ပါသည်။ ပွဲစားမလို ရောင်းဈေးသိန်း(၃၆၀၀)

ဖုန်း-၀၉-၅၁၃၇၇၃၆၉၊ ၀၉-၇၃၁၂၆၃၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိဈေးများမှ ဆိုင်ခန်းအမည်ပြောင်း ခွင့်အား အောက်ပါအတိုင်းလျှောက်ထားလာ ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက် အထားဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

စဉ်	ဈေးအမည်	ဈေးရုံ အမှတ်	ဆိုင်ခန်း အမှတ်	မူလဆိုင်ခန်းပိုင်ရှင်	လွှဲပြောင်းလက်ခံ မည့်သူအမည်
၁	မြို့မဈေး	၁-ညီ	၃၂	ဒေါ်ခင်ခင်	ဦးဒုန်ပေါက်ချွင်
၂	မြို့မဈေး	G	၇၂	ဦးကျော်ဝင်း	ဦးမျိုးမင်းထွေး
၃	မြို့မဈေး	H	၅၉	ဒေါ်နန်းဒွီး	ဦးလိန်းမာန်
၄	မြို့မဈေး	L	၁၉၉	ဒေါ်တူးတူးမာ	ဒေါ်ဖြူဖြူအေး
၅	စဝ်စံထွန်းဈေး	က/၃	၅	ဒေါ်နန်းခင်ခင်ညွန့်	နန်းဟွမ်နွန်း
၆	စဝ်စံထွန်းဈေး	က/၃	၆	ဒေါ်နန်းခင်ခင်ညွန့်	နန်းဟွမ်နွန်း
၇	စဝ်စံထွန်းဈေး	ဂ/၁၁	၂	ဒေါ်ညို	ဒေါ်သန်းညွန့်အေး
၈	စဝ်စံထွန်းဈေး	ဈေးရုံအောက်	၉	ဒေါ်တင်နိုင်ဦး	ဦးခွန်ကြည်ရအောင်
၉	ကုန်ခြောက်သားငါးဈေး	ညတောင်ခ	၈၇	ဒေါ်နန်းစံဟွမ်	ဒေါ်နီနီဆွေ
၁၀	ကုန်ခြောက်သားငါးဈေး	ညတောင်ခ	၁၀၈	ဒေါ်ခင်ခင်	ဒေါ်သဲအိဖြိုး
၁၁	ကုန်ခြောက်သားငါးဈေး	ညတောင်ခ	၁၀၉	ဒေါ်ခင်ခင်	ဒေါ်သဲအိဖြိုး

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့

American International Institute - AMII မှ ချီးမြှင့်မည့်

" နိုင်ငံတကာအဆင့် စီမံခန့်ခွဲအုပ်ချုပ်မှုပညာရပ်ဆိုင်ရာ သင်တန်းများ "

Become Certified and Jobs Will Seek You.

စီမံခန့်ခွဲအုပ်ချုပ်သူ Manager အဖြစ်လုပ်ကိုင်လိုသူများအတွက်
• Certified Professional Manager "CPM"

ဈေးကွက်ဆိုင်ရာ စီမံခန့်ခွဲသူ Marketing Professional အဖြစ်လုပ်ကိုင်လိုသူများအတွက်
• Certified Marketing Professional "CMP"

ဝန်ထမ်းများဆိုင်ရာ စီမံခန့်ခွဲသူ HR Manager အဖြစ်လုပ်ကိုင်လိုသူများအတွက်
• Certified Human Resources Manager "CHRM"

Ph : 09-250270129

MCC Training Institute (Yangon Campus), (Mandalay Campus) တို့တွင် တက်ရောက်နိုင်ပါသည်။

Junction Square, Building (8), Second Floor, Pyay Road and Kyuntaw Street , Yangon Tel : 01-245762, 249152, 246634, 395512, Tel : 2304156

Yatanarpon Zay Plazar - 78 Street, Between Corner 32 - 34 Road, Chan Aye Tharzan Township, Mandalay Tel :02-77930, 09-91034062, 09-402671562

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း) (ကြည်း-၂၀၇၇၉)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)

အသက်(၄၇)နှစ်

(ဗိုလ်မှူးကြီးစိန်ထွန်း-ငြိမ်း) (သမဝါယမဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး-ငြိမ်း)-ဒေါ်ခင်အေးတင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ စက္ကူ/ဓာတု)တို့၏တစ်ဦးတည်းသောသား ဦးရဲအောင်-ဒေါ်ကြည်ကြည်ငွေတို့၏သားသမက်၊ ဒေါ်မော်မော်(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါက်တာ ဒေါ်ချိုချို(U.S.A)တို့၏မောင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ (ဝန်ထမ်းကြီးရပ်ကွက်)၊ ဗိုလ်ရန်နိုင်(၁)လမ်းနေ ဒေါ်သန္တာထူး၏ခင်ပွန်း၊ မမြတ်နိုးထွန်း၊ မအင်ကြင်းထူးတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း)သည် ၁၂-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ကြည် (၁၀၂)နှစ်၊ သထုံ

သူငယ်ချင်း ဒေါက်တာ မြင့်မြင့်ကြီး၏မိခင် ဒေါ်ခင်ကြည်သည် ၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ ခုနှစ်ဝင် ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ

ဒုတိယဗိုလ်မှူးကြီးသန်းဆွေ (ငြိမ်း)
လူမှုထူးချွန် (တတိယအဆင့်) O.T.S (30)
အသက် (၇၈) နှစ်

နေပြည်တော် ၊ ပျဉ်းမနားမြို့ ၊ ရွှေလီ (၇) လမ်း ၊ အမှတ် ၆/၄၉ နေ ဒုတိယဗိုလ်မှူးကြီးသန်းဆွေ (ငြိမ်း) သည် ၁၅-၂-၂၀၁၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း ။

O.T.S (30) သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)

သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်

အချိန်ပိုင်းပါမောက္ခ သမိုင်းဌာန ရန်ကုန်တက္ကသိုလ်

အသက်(၈၃)နှစ်

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစိုးမြင့်၏ချစ်လှစွာသောဇနီး၊ ပါမောက္ခသမိုင်းဌာန မန္တလေးတက္ကသိုလ် ဒေါ်အုံးကြည်(ငြိမ်း) အသက်(၈၃)နှစ်သည် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် နေအိမ်၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါသည်။

တပည့်များ

ဒေါက်တာမျိုးမျိုးစု(ပါမောက္ခဌာနမှူး)၊
ဒေါက်တာ မြင့်မြင့်ဆွေ၊ ဒေါက်တာ ဆွေဆွေဝင်း၊ ဒေါ်ငွေငွေဝင်း၊
ဒေါက်တာတင်မိုးနွယ်ဝင်း၊ ဦးထွန်းထွန်းလွင်၊ ဦးထွန်းထွန်းဝင်း၊ ဒေါက်တာမြင့်မြင့်သန်း
ပြည်တက္ကသိုလ် သမိုင်းဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်အေး (၆၆)နှစ်

ကျောက်ပန်းတောင်း

ယခင် ထ/၃ မြိတ်မှ ဆရာမ ဒေါ်အေးအေးကလေး၏ခင်ပွန်း ဦးတင်အေးသည် ၁၂-၂-၂၀၁၄(ပြည်ထောင်စုနေ့)တွင် ကွယ်လွန်ပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ယခင် ထ/၃၊ မြိတ်မှသူငယ်ချင်း ဆရာမများ
ဒေါ်ကြည်ကြည်၊ ဒေါ်လှကြည်၊ ဒေါ်အင်မီ၊ ဒေါ်ခင်စောမူ၊
ဒေါ်ရှုကြည်၊ ဒေါ်ရီရီငွေ၊ ဒေါ်ရီရီဝင်း၊ ဒေါ်ကြင်ဟုန်၊
ဒေါ်ကြင်စီ၊ ဒေါ်မီမီစိုး၊ ဒေါ်တင်တင်သန်း

ဝမ်းနည်းကြေကွဲခြင်း

ကော့ကရိတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အထက်ရွာနေ ဒေါ်ခင်သန်းမြင့်(ခ)ဒေါ်မြင့်၏ခင်ပွန်း၊ ဦးကိုကိုငွေ-ဒေါ်မိမိသန်း (ဆရာငွေ တိုက်ပုံ၊ သိမ်ကြီးဈေး ‘ဂ’ ရုံ)၏ဖခင် ဦးသာချို အသက်(၆၃)နှစ်သည် ၁၅-၂-၂၀၁၄ ရက်(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဈေးသာယာရေးအဖွဲ့
သိမ်ကြီးဈေး ‘ဂ’ ရုံ

ခြံအမြန်ရောင်းမည်

တိုက်ကြီးမြို့အဝင် ပြည်လမ်းမပေါ်
ပေ(၆၅ × ၂၅၀) (ကီလိုမာလကာခြံ)
(ပွဲစားမလို) ညှိနှိုင်းဈေး
Ph:09-420125141

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်၃၃၈၊ မြေကွက်တည်နေရာအမှတ်(၃၃၈)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးမြ၊ဒေါ်ကြည်ကြည်ဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြ(ဇနီး) ဒေါ်အုန်း (သမီး)ဒေါ်စောညွန့် (သားမက်)ဦးသန်းတို့အသီးသီး ကွယ်လွန်သဖြင့် ဦးမြ၏အစအား ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း၊၁၂/ဥကတ(နိုင်)၀၄၄၃၉၄|က တစ်ဦးတည်းသော မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၂၈၂(၂၂-၁၀-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးကျော်သူ|၁၀/မလမ(နိုင်)၁၁၅၆၁၅|မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၃-၁၃၂၅(၃၀-၁၀-၂၀၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ်-၂၀၉၊ မြေကွက်တည်နေရာအမှတ်(၂၀၉)၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးညွန့်နိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးကျော်နိုင်မှ ဒေါပုံမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှု(၉/၂၀၁၃)ဖြင့် ဦးညွန့်နိုင်နှင့် ဒေါ်နီနီမာတို့အား မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး ၂-၈-၂၀၁၃ ရက်စွဲပါ စီရင်ချက်အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ဇာရီမှုအမှတ်-၁၃/၂၀၁၃ အမိန့်နှင့်ဂရန်မူရင်းတင်ပြပြီး တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ညွန့်(ခ)ဦးဂျော်နီ

အသက်(၆၆)နှစ်

Director (MPI Co.,Ltd)

Myanmar Plastic Industry Co.,Ltd ၏ Director ဦးကျော်ညွန့်(ခ)ဦးဂျော်နီသည် ၁၄-၂-၂၀၁၄ ရက်(သောကြာနေ့)တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

Myanmar Plastic Industry Co.,Ltd ဝန်ထမ်းများ
Miss Tea Trading Co.,Ltd. ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးငွေအောင်(မန္တလေး)

အသက်(၈၉)နှစ်

တစ်လပြည့်အလှူဖိတ်ကြားလွှာ

ကျေးဇူးရှင်ဖခင်ကြီး ဦးငွေအောင်၏ တစ်လပြည့်အလှူကို ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည်ဖြစ်ပါ၍ ဖခင်ကြီး ဦးငွေအောင်၏ဓမ္မမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များ မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၂-၂-၂၀၁၄ ရက်(စနေနေ့)
အချိန်	-	နံနက် ၉း၀၀ နာရီ
နေရာ	-	ကျေးလက်ဦးစီးဓမ္မာရုံ၊ (ပခုက္ကူဓမ္မာရုံအနီး) အာဇာနည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သား မောင်သန်းငွေအောင်-မနှင်းနှင်းအေး
မိသားစု

မှတ်ချက် - ဖခင်ကြီး ဦးငွေအောင်၏ ရှားပါးတရားတိတ်ခွေများ၊ (CD,DVD,MP3)များကို စနစ်တကျ မှတ်တမ်းတင်ရန် စုဆောင်းလျက်ရှိပါသဖြင့် လက်ဝယ်ရှိသူတပည့်များ၊ ဓမ္မမိတ်ဆွေများသည် နီးစပ်ရာ ရန်ကုန်/မန္တလေးအသင်းသို့ ခေတ္တငှားရမ်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကောင်းမြတ်(ခ)ဗိုလ်ကောင်းစစ်ဝန်

DSA အမှတ်စဉ်(၅၄)

အသက်(၂၃)နှစ်

ဦးဇော်ဝင်း-ဒေါ်ခင်လေးဥမ္မာတို့၏ချစ်လှစွာသော တူငယ်လေးသည် ၁၇-၂-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ ဗိုလ်ကောင်းမြတ်(ခ)ဗိုလ်ကောင်းစစ်ဝန် ကောင်းရာဘုံဘဝရောက်ရှိပါစေ။

KMN Construction နှင့်
PJ သောက်ရေသန့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကောင်းမြတ်(ခ)ဗိုလ်ကောင်းစစ်ဝန်

DSA အမှတ်စဉ်(၅၄)

သားလေးမိသားစုနှင့် ခွဲခွာသွားတာ ဖြေမဆည်နိုင်အောင် လွမ်းဆွတ်သတိရနေပါတယ်။ သားလေးကောင်းရာ ဘုံဘဝရောက်ရှိပါစေ။ သားလေးအတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပါတယ်။ သာဓုခေါ်နိုင်ပါစေ။

ဦးဇော်ဝင်း-ဒေါ်ခင်လေးဥမ္မာ
ညီမလေး-ခင်မဟာနွယ်(YIS)

ကျေးဇူးတင်ရှိပါကြောင်း

ဖခင်ကြီးဦးစိုးတင့် အသက်(၆၃)နှစ်၊ လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)အား အဘက်ဘက်မှ ဂရုတစိုက်ကြည့်ရှုကုသပေးခဲ့သော မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊ ခွဲစိတ်ဆောင်(၃)၊ ပါမောက္ခဌာနမှူး Dr.ဦးသန်းလွင်နှင့်တကွ ပါမောက္ခ Dr.ဒေါ်ကြည်ကြည်ညွန့် (အသည်းရောဂါဌာန)၊ ခွဲစိတ်ဆောင်(၃)၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်းများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဇနီး-ဒေါ်မြသန်းစိန်
သား-မောင်သက်ပိုင်ထွန်း-မဖြိုးဝေလှိုင်
သမီး-Dr.ခန့်ကြည်သာ

မြတ်မြင့်မိုရ်မှငှားမည်

ယောမင်းကြီးလမ်း	(13' x 48') HK	7 သိန်း
ရတနာမြိုင်ကွန်ဒို	(17' x 60')Lift	8 သိန်း
ယောမင်းကြီးလမ်း	(24' x 45')Full Furnt:	$1200
သုခလမ်း	(30' x 70')2RC	12 သိန်း
ရွှေဂုံတိုင်	(30' x 55') Full Furnt:	15 သိန်း
ပညာ့ဝတီကွန်ဒို	(1650sqft) Full Furnt:	$3000
ဦးဝိစာရ(ဒဂုံ)	(2800 sqft) Full Furnt:	30 သိန်း

Ph:09-73211124, 428032807, 250061159

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၀)၊ ကြယ်ဖြူကန်အရှေ့ကွင်းအတွင်းရှိ ပေ(၁၉၉×၂၆၅)မြေမှာ ဗိုလ်မှူးကြီးလှမြင့်ကြည်း(၁၃၈၉၃)ထံမှ ဦးမျိုးအောင်[၁၂/မဂတ(နိုင်)၀၀၆၉၉၂]က ဝယ်ယူပြီးနောက် ဦးမျိုးအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီဟန်[၉/မနမ(နိုင်)၁၁၅၀၁၇]က ၁-၅-၁၁ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီဟန်က မြေခွန်တော် အမည်ပေါက် စည်းကြပ်ခွင့်ပြုရန် ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့် သက်ဆိုင်ရာသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင် B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၆၄)၊ နိုတြီပဗ္ဗလစ်
အမှတ်-၅၆၃၊ အခန်း(၂၀၃)၊ ဒုထပ်၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၁၃၆၄

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းထိုက် (၄၅)နှစ်

ဂျေ(၇၁)၊ နှင်းဆီကုန်းလမ်း၊ FMI City လှိုင်သာယာနေ ဒေါ်နှင်းနှင်းဦး၏ခင်ပွန်း ဦးသန်းထိုက် အသက်(၄၅)နှစ်သည် ၁၈-၂-၂၀၁၄ ရက် (အင်္ဂါနေ့) ည ၈ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ဖေတင် မိသားစု
ထူးကျော်ရောင်းဝယ်ရေး
တောင်ကုတ်မြို့

ကန့်ကွက်နိုင်ပါသည်။

[illegible]

● သင့်သွေးဖြင့်အသက်ကယ်ပါ ●

ကျေးဇူးအထူးတင်ရှိခြင်း
ဒေါက်တာမောင်မောင်ကြီး

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀-၁-၂၀၁၄ရက် ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားခဲ့သော ပါမောက္ခ ဒေါက်တာမောင်မောင်ကြီးအား ပြုစုကုသပေးခဲ့သော ဆရာဝန်ကြီးများနှင့် သူနာပြု ဆရာ၊ ဆရာမများ၊ ဆရာ၏နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ရက်လည်ဆွမ်းကျွေး၊ ရည်စူးကုသိုလ်ကောင်းမှုများတွင် အစစအရာရာ ဝိုင်းဝန်း ကူညီပေးကြသော သတ္တဗေဒ ကျောင်းသူ/သားဟောင်းများအသင်းမှ ဆရာကြီး၊ ဆရာမကြီးများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တက္ကသိုလ် အသီးသီးရှိ သတ္တဗေဒဌာနမှ ဆရာ၊ ဆရာမများနှင့် တပည့်များ၊ ရပ်ဝေးမှ ဖုန်းဖြင့်လည်းကောင်း၊ လှူဒါန်းမှုဖြင့်လည်းကောင်း ဖေးမကူညီသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူဇနီး ဒေါ်သက်သက်ညွန့် မိသားစုနှင့်
ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)

သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်
(အချိန်ပိုင်းပါမောက္ခ၊သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)
အသက်(၈၃)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာ ဦးစိုးမြင့်၏ချစ်လှစွာသောဇနီး ပါမောက္ခဒေါ်အုံးကြည်(ငြိမ်း)သည် ၁၇-၂-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန် သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရ ပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်း နှင့် ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ကသာခရိုင်အသင်း(ရန်ကုန်)
ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ကန်တော့ခံဘိုးဘွား
ဒေါ်ငွေကြွယ်(သံပုရာချောင်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်အောက်(၃)လမ်း၊ အမှတ် (၅၀၉)နေ (ဒုအရာခံဗိုလ်အောင်ရ)၏ဇနီး၊ ဒေါ်ခင်သက်၊ ဒေါ်သန်းသန်းအေး၊ ဦးကျော်ကျော်ဦး၊ ဦးကျော်ကျော်လတ်-ဒေါ်အေးအေးဝင်း တို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဗန်းမော်အသင်း(ရန်ကုန်)
ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မေကြည်(ဗန်းမော်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမ ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၁)၊ လေးလွှာနေ ဦးကိုမြင့် (လ/ထ တိုင်း ဦးစီးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်ဝေဦး၊ ဦးမြတ်ကိုကို (ဦးစီးအရာရှိ-ငြိမ်း၊ အကောက်ခွန်)-ဒေါ်ဥမ္မာခင်(S.A.T-ငြိမ်း)၊ ဦးအေးကိုကို (အကောက်ခွန်မှူး-ငြိမ်း)-ဒေါ်သန္တာထိုက်၊ (ဦးအောင်ကိုကို)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဗန်းမော်အသင်း (ရန်ကုန်)အသင်းဝင် ဒေါ်ခင်မေကြည် သည် ၁၉-၂-၂၀၁၄ရက် နံနက် ၄ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ ဆောင်နိုင်ရန် အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဒေါ်သန်းသန်းငွေ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၃)၊ (C.7) မြေနုလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမြင့်လွင်)၏ဇနီး၊ ကိုထွန်းထွန်းဝင်း-Dr. ယုယုအေး(ပင်လုံဆေးရုံ)၊ ကိုမြင့်သိန်းထွန်း-မနွယ်နွယ်ဝင်း၊ ကိုညီညီမောင် (Ever Up Human Resources Institute)-မစန္ဒာလင်း၊ ကိုလမင်းကိုကို-မခင်သန္တာလင်း(စိုးစိုး)၊ ကိုအောင်မင်းထွန်းတို့၏မွေးသမိခင်၊ မောင်ဇင်မင်းသူရ ကိုကို၊ မခွန်းနေခြည်လင်း၊ မောင်မင်းနန္ဒ သူရိန်ထွန်း၊ မောင်ဝဿန်ထွန်းတို့၏ အဘွား ဒေါ်သန်းသန်းငွေသည် ၂၀-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၅း၄၅ နာရီတွင် ရွှေပုပ္ပားအထူးကုဆေး ခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၄ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ကန် ဒါယိကာမကြီး
ဒေါ်ဝင်းဝင်းကြိုင်(မြောင်းမြ)
အသက်(၆၆)နှစ်

မြောင်းမြမြို့၊ အောင်ဆန်းလမ်း၊ အမှတ်(၂၀၂)၊ ရွှေလမင်းသက်န်းတိုက်နေ ဦးသန်းလှ(ခ)ဦးသန်းနိုင်၏ဇနီး၊ ဗိုလ်မှူးကျော်နိုင်ဦး-ဒေါ်ဆွေဆွေတင့်၊ ဗိုလ်ကြီးကြည်ဖေလင်း-ဒေါ်မေသွဲ့နှင်း၊ ဒေါ်ဆုမွန်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ဝင်းဝင်းကြိုင်သည် ၂၀-၂-၂၀၁၄ ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၂-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရွှေဒါးကုန်းသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်စန်းစန်းနု(ခ)မလေး
(B.Sc, Chem;)
ကျောင်းဆရာမ(ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းမောင်-ဒေါ်ခင်တင့်)တို့၏သမီးကြီး၊ (ဦးဖေသန်း-ဒေါ်လှယဉ်)တို့၏သမီးချွေးမ၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်၊ ဒေါ်အေးအေးမူ(ခ) မော်လီအေး(ဟသ်ာတ)၊ ဒေါ်အေးအေးဖြူ ဦးစိန်မြင့်တို့၏ညီမ/အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၉)နေ ရဲမှူးမောင်မောင်ညီ(ကရင်ပြည်နယ်ရဲတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဦးဖြိုးသူကိုကို [Chief Officer (F.G)]၏ ချစ်လှစွာသော မိခင်သည် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၃း၂၈ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၂၂-၂-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးမော်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်အမှတ်(၇၅/A)၊ ပထမထပ်နေ (ဦးခင်မောင်)-ဒေါ်ခင်လှတို့၏ သမီးကြီး၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အမှတ်(၈)၊ စိတ္တသုခ ရပ်နေ ဒေါ်ကြည်ခင်၏ သမီးချွေးမ၊ ဦးစည်သူဝင်း(ခေတ္တ-ဂျပန်)၏ချစ်လှစွာသောဇနီး၊ မဖြူသီရိနွယ်၊ မောင်မင်းခန့်သူ(ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ (ကိုငွေအောင်)-နန့်သန်းအေးတို့၏ညီမ၊ ကိုစိုးလွင်အောင်-မမေစိုးမြင့်၊ ကိုခင်အောင်-မသန္တာအေး၊ ကိုမောင်မောင်ထွေး-မကေသီတင်ရှိန်တို့၏အစ်မ၊ တူငါးယောက်တို့၏အဒေါ် ဒေါ်အေးအေးမော်သည် ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျုံကျောင်ရင်(ခ)ဒေါ်ကျောင်ရင်
အသက်(၉၆)နှစ်
သဘာဝမိသားစု၊ သိမ်ဇရပ်

ရန်ကုန်မြို့နေ ဦးရှောင်-ဒေါ်စောမြိုင်၊ သထုံမြို့နေ ဦးလုံ-ဒေါ်ကျင်ညွန့်၊ ရန်ကုန်မြို့နေ ဦးခင်မောင်လတ်-ဒေါ်ညိုတို့၏ညီမ၊ သိမ်ဇရပ်မြို့၊ ဆရာစံလမ်းနေ (ဦးလွှေ့မိုး)၊ ဒေါ်စွေ့မျှင် (ဒေါ်ရွှေမြင့် သဘာဝအထည်ဆိုင်)၊ ဦးစွေ့ချောင်-ဒေါ်ခင်ဦး (သဘာဝစိုက်ပျိုးရေးဆိုင်)၊ ဒေါ်စွေ့ကျင် (သဘာဝအထည်ဆိုင်)၊ ဒေါ်စွေ့ညွန့် (သဘာဝအလှကုန်နှင့်စတိုး)၊ ဦးမြင့်စိုး-ဒေါ်စွေ့ရီ (ရွှေဟင်္သာလျှပ်စစ်ပစ္စည်းဆိုင်)၊ ဒေါ်စွေ့ဝင်း၊ ဦးစွေ့ထင်-ဒေါ်သင်းသင်းမူ (သဘာဝစတိုး)တို့၏မွေးသမိခင်၊ ဒေါက်တာအောင်ပိုင်ဖြိုး၊ မယုဝါအောင်၊ မောင်အောင်မြတ်သူ၊ မအေးမြတ်သူ၊ မောင်ရဲထက်အောင်၊ မဆုစန္ဒီသင်း၊ မောင်ကျော်ထင်လင်း၊ မအိမ့်ရွှေစင်မျှ၊ မြစ်နှစ်ယောက်တို့၏အဘွား၊ [ရှုမြောက်ကြောင်(ခ)ဦးမြဆောင်]၏ ဇနီးသည် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသဖြင့် ၂၂-၂-၂၀၁ ၄ရက်တွင် သိမ်ဇရပ်မြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
ဦးအေးမြင့် (၇၆)နှစ်
(ကောင်းမွန် ပုသိမ်ဟာလဝါ)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရကအ (၄) နယ်မြေ၊ အမှတ် (၆၀)၊ ဥမ္မာဒန္တီလမ်းနေ (ဦးပန်းငွေ-ဒေါ်သိန်းကျင်)တို့၏သား၊ (ဦးသောင်းဟန်-ဒေါ်သိန်းနု)တို့၏တူသား၊ ဦးတင်ငွေ-ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းရီ၊ ဒေါ်ညိုဝင်းတို့၏ အစ်ကို၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးမောင်ညွန့်-ဒေါ်မြင့်မြင့်ရီ၊ (ကိုယဉ်ထွေး)-မအေးအေးသက်၊ ကိုယဉ်အေး၊ ကိုသက်နိုင်-မမိုးမိုးအေး၊ မနှင်းနှင်းအေး၊ ကိုကျော်ကျော်အောင်-မသင်းသင်းအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်၏အဘိုး ဦးအေးမြင့်(ကောင်းမွန် ပုသိမ်ဟာလဝါ) သည် ၁၈-၂-၂၀၁၄(အင်္ဂါနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ သစ်ရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဘုရားရဟန်းသိမ်ကျောင်းဒါယကာ
ဦးဇော်ဝင်း (၆၆)နှစ်

လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၂) လမ်း၊ အမှတ်(၁၁၃/၁၁၅)၊ ငါးလွှာနေ (ဦးအောင်သိန်း-ဒေါ်မြ)တို့၏ သား၊ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ မခိုင်ဇင်ဝင်း-ကိုကြည်လင်း၊ မဇင်မင်းထက်တို့၏ ဖခင်၊ မောင်ကြယ်စင်ဟိဏ်း၏အဘိုး၊ Dr. ဒေါ်မြင့်မြင့်မူ-Dr. ဦးတင်ထွန်း၊ ဒေါ်အေးအေးမြင့်-ဦးကြည်ဝင်း၊ (ဦးစိုးမြင့်)-ဒေါ်မြင့်မြင့်အေး၊ ဦးစိန်ဝင်း-ဒေါ်တင်အုန်းမြင့်၊ ဒေါ်နုနုရီ-ဦးကျော်မြင့်၊ ဒေါ်နုနုအေး-ဦးတိတ်အိန်တို့၏ ညီ/မောင်၊ Dr. ဒေါ်မာလာသိန်း-Dr. ဦးတင်လှိုင်၊ ဦးထွန်းအေး-Dr.ဒေါ်မြမြ၊ ဦးပါ-ဒေါ်ဘေဘီညွန့်တို့၏အစ်ကို ဦးဇော်ဝင်းသည် ၁၉-၂-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက် မှ ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်စန်း (၆၄)နှစ်
အလက-၁၊ လမ်းမတော်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လှော်ကားလမ်း၊ (၅၇)ရပ်ကွက်၊ အမှတ်(၁၅၇၆)နေ (ဦးခန့်ကြီး-ဒေါ်လှခင်)တို့၏သမီးကြီး၊ (ဒေါ်ခင်သန်း)၏ အစ်မ၊ ဦးချစ်ခိုင်၏ဇနီး၊ မောင်ထွန်းထွန်းဦး၊ မဇာဇာလှိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၁-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြင့် (၈၅)နှစ်
ကြည့်မြင်တိုင်(ထီးတန်း)

ရန်ကုန်မြို့နေ (ဦးစံအောင်-ဒေါ်ဖွားရှန်)တို့၏သမီး၊ (ဦးအုန်းကြိုင်-ဒေါ်စန်းရီ)၊ (ဦးစံဝင်း-ဒေါ်တင်လှ)တို့၏ ညီမ၊ (ဦးအောင်ညွန့်-ဒေါ်တင်ရွှေ)၊ (ဦးကျော်သင်း)-ဒေါ်သန်းသန်းတို့အစ်မ ဒေါ်မြင့်သည် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ [အမှတ်(၈၅)၊ အုန်းပင်လမ်း(အထက်)၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးချစ်မြိုင် (၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၀၆)နေ (ဦးအောင်ရင်-ဒေါ်ဖူး)တို့၏သား၊ (ဦးကျော်လှိုင်)-ဒေါ်ခင်မြင့်၊ ဦးကျော်မြိုင်-(ဒေါ်သန်းသန်း)တို့၏ညီ/မောင်၊ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ဦးအောင်မင်း-ဒေါ်သိန်းသိန်းလွင်၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းစိန်၊ ဦးလှမင်း-ဒေါ်ခင်ချိုဝင်း၊ မသူဇာမြိုင်၊ မဇင်ဇင်မြိုင်တို့၏မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး သည် ၂၀-၂-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ကွယ်လွန်သွား ပါသဖြင့် ၂၂-၂-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးသာအေး(ပျော်ဘွယ်)
အသက်(၇၃)နှစ်

ပျော်ဘွယ်မြို့၊ မြေနီကုန်းကျေးရွာနေ (ဦးဖိုးအောင်-ဒေါ်လှခင်)တို့၏သား၊ (ဦးလှသောင်-ဒေါ်စော)တို့၏သားသမက်၊ ကိုသန်းဝင်း-မကြည်မြင့်၊ မစန်းစန်းဝင်း၊ ကိုသိန်းနိုင်ဦး (ကိုယ်ပွားသတင်းစာတိုက်-မန္တလေး)၊ မောင်ဝင်းခိုင်တို့၏ဖခင်၊ မောင်ပြည့်ဖြိုးအောင်၏အဘိုး၊ ဒေါ်သန်းနု၏ခင်ပွန်းသည် ၁၈-၂-၂၀၁၄(အင်္ဂါနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ပျော်ဘွယ်မြို့ မြေနီကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဇော်လင်း(ခ)ဦးဂျော်နီ အသက်(၆၀)
အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ၊ လျှပ်စစ်ကျွမ်းကျင်(၁)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်မောင်-ဒေါ်တင်တင်အေး)တို့၏ တတိယမြောက်သား၊ သုဝဏ္ဏနေ (ဦးဇော်တင့်-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဇော်၏ချစ်လှစွာသောခင်ပွန်း၊ ကိုပြည့်ဖြိုးဇော် (Super Coffeemix)-မမေသက်ဇွန် (Dora Photo Studio)တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၁၉-၂-၂၀၁၄ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ထွန်းဦး [B.A(History)] (၄၁)နှစ်
CDC-36460, Chief Officer(F.G)
MV. Ocean Elite, Skyline Shipmanagement Co., Ltd.

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးကံထွန်း-ဒေါ်အေးမြင့်တို့၏သား၊ ဦးစိုးလှ-ဒေါ်ခင်ဝင်းမြင့် (Thacos Maritime Co., Ltd.)တို့၏သားသမက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၀)၊ ဒုတိယထပ်(လယ်)နေ ဒေါ်ချိုနွယ်စိုး(ဒါရိုက်တာ၊ ကမ္ဘာစိုးဝန်ဆောင်မှုကုမ္ပဏီလီမိတက်)၏ခင်ပွန်း၊ မမွန်မြတ်သူ (Galaxy International School)၏ဖခင်သည် ၁၇-၂-၂၀၁၄ရက် ဒေသစံတော်ချိန် ဝ၉း၁၀နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဆိပ်ကမ်း၌ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ်-၇၅၇၊ ယမနေ(၆)လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ(၆)လမ်း၊ အမှတ်(၇၅၇)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ကန် ဒါယိကာမကြီး
ဒေါ်ဝင်းဝင်းကြိုင်(မြောင်းမြ)
အသက်(၆၆)နှစ်

မြောင်းမြမြို့နေ (ဦးကျင်းကြိုင်)-ဒေါ်ဘိလင်တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ ဦးကြည်မင်း-ဒေါ်ခင်စန်းဝင်း၊ (ဦးကြည်မြင့်)-ဒေါ်သင်းသင်းခိုင်၊ ပျဉ်းမနားမြို့နေ ဦးမြင့်ဝင်း-ဒေါ်သင်းသင်းကြိုင်၊ ရန်ကုန်မြို့နေ ဦးကြည်လွင်-ဒေါ်ယဉ်ယဉ်ချစ်၊ ဦးကြည်စိုး-ဒေါ်တင်တင်ချိုတို့၏ အစ်မကြီးသည် ၂၀-၂-၂၀၁၄ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရွှေဒါးကုန်း သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ ကျန်ရစ်သူမိသားစု

မြို့မကျောင်းသား
ကျောင်းသူဟောင်းများအသင်း
ဦးကျော်ကျော်ထူး (၅၇)နှစ်
မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၁၉/၂၈)နေ (ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း-ငြိမ်း)-ဒေါ်မြမြသန်းတို့၏သား၊ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း၏ စည်းရုံးရေးနှင့်ပြန်ကြားရေးမှူး ဦးကျော်ကျော်ဦး၏ညီသည် ၂၀-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါ သည်။ အလုပ်အမှုဆောင်အဖွဲ့

ဦးကျော်ကျော်ထူး
အသက် (၅၇)နှစ်
B.Sc(Maths)
မြို့မကျောင်းသားဟောင်း
အသင်းဝင်အမှတ် (၁၉၈၂)

ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ (ဌာနအုပ် ဦးစံဖြိုး-ဒေါ်အေး)၊ (အစိုးရဝတ်လုံတော်ရရှေ့နေကြီး ဦးဘိုးစော-ဒေါ်ကြည်)၊ [ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း(ငြိမ်း)]-ဒေါ်မြမြသန်းတို့၏ သားလတ်၊ ဦးကျော်ကျော်ဦး၏ ညီ၊ ဦးရဲထွဋ်၊ ဒေါ်မို့မို့အေး၊ ဦးအောင်သူရ-ဒေါ်အေးအေးခိုင်၊ ဦးလင်း-ဒေါ်ချယ်ရီမေတို့၏အစ်ကို၊ ကောင်းစိုးလင်း(R.V School)၊ ဟိန်းထက်အောင် (Grade-III-G၊ အထက-၁၊ ဒဂုံ)၊ ကျော်ထက်အောင် (Baby Home pre School) တို့၏ ဘကြီးသည် ၂၀-၂-၂၀၁၄ရက် နံနက် ၆း၁၅နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၆)၊ ပိန္နဲကုန်းလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ဗဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တစန္ဒမဟာထေရ်
သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်
(မြို့နယ်ဩဝါဒါစရိယ)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မဲဇာဒေသ၊ မန်ကျည်းပင်ကျေးရွာ စန္ဒာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ မြို့နယ် ဩဝါဒါစရိယ လဋ္ဌီပေတလ သီလဝန္တ+သိက္ခာကာမ+ဂရုဓမ္မဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တစန္ဒမဟာထေရ် ဆရာတော်ကြီးသည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁၄ရက်) နံနက် ၂း၂၀နာရီတွင် ဗဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်လာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃-၄-၅ရက်) မတ် ၃၊ ၄၊ ၅ ရက်များတွင် အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း တို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် စျာပနကျင်းပရေးကော်မတီ

ဗဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တဒီပမဟာထေရ်
သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သင်းမကျေးရွာ ရွာဦးကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဒီပမဟာထေရ်သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်) ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၅း၄၀နာရီ တွင် ဗဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမျာအား အကြောင်းကြားအပ်ပါသည်။ (စျာပနရက်ကို ထပ်မံကြေညာပါမည်။)

သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမျာ

ဗဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစန္ဒာသီရိ
သိက္ခာတော်(၂၄)ဝါ၊ သက်တော်(၄၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အင်းတိုင်ရွာနေ ဦးကြည်ဝင်း-ဒေါ်ခက်ရွှေတို့၏သား၊ ရွှေနယ်ရိုးတောရ ဆရာတော် ဦးစန္ဒာသီရိသည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက်) ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့၌ ဗဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့် ကျော် ၅ရက်) ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရွှေနွယ်ရိုးတောရ ကျောင်း၌ စံကျောင်းချ၍ (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၈ရက်) ၇-၄-၂၀၁၄ ရက်တွင် အထက်ပါကျောင်း၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပပူဇော်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်း ကြားသိစေအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေကြွယ်(သံပုရာချောင်း) (၉၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ သံပုရာချောင်းကျေးရွာနေ (ဦးဘစိန်-ဒေါ်စိန်နု၊ ဒေါ်အုံးသင်)တို့၏ သမီး၊ (ဒုအရာခံဗိုလ်အောင်ရ)၏ဇနီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်အောက်(၃)လမ်း၊ အမှတ် (၅၀၉)နေ ဒေါ်ခင်သက်(အမက-၄၂၊ သာကေတ)၊ ဒေါ်သန်းသန်းအေး(အမက-၆၊ သာကေတ)၊ ဦးကျော်ကျော်ဦး၊ ဦးကျော်ကျော်လတ်(ယာဉ်ရောင်းဝယ်ရေးစခန်း)-ဒေါ်အေးအေးဝင်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်အောင်ခန့်ကျော်၊ မောင်အောင်ထက်အောင်တို့၏အဘွားသည် ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအေးမြင့် (၇၆)နှစ်
(ကောင်းမွန် ပုသိမ်ဟာလဝါ)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရကအ(၄)နယ်မြေ၊ အမှတ် (၆၀)၊ ဥမ္မာဒန္တီလမ်းနေ (ဦးပန်းငွေ-ဒေါ်သိန်းကျင်)တို့၏သား၊ (ဦးသောင်းဟန်-ဒေါ်သိန်းနု)တို့၏တူသား၊ ဦးတင်ငွေ-ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းရီ၊ ဒေါ်ညိုဝင်းတို့၏ အစ်ကို၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးမောင်ညွန့်-ဒေါ်မြင့်မြင့်ရီ (ကိုယဉ်ထွေး)-မအေးအေးသက်၊ ကိုယဉ်အေး၊ ကိုသက်နိုင်-မမိုးမိုးအေး၊ မနှင်းနှင်းအေး၊ ကိုကျော်ကျော်အောင်-မသင်းသင်းအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်၏အဘိုး ဦးအေးမြင့် (ကောင်းမွန် ပုသိမ်ဟာလဝါ)သည် ၁၈-၂-၂၀၁၄ (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ သစ်ရောင်းချောင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး
ဦးမြင့်စိန်(ခ)ဦးစိန်မြင့်(ခရမ်း) (၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ဘုရားကြီးလမ်းနေ (ဦးမြသောင်း-ဒေါ်စိန်ထွေး)တို့၏သားကြီး၊ ခရမ်းမြို့၊ ပြည်တော်သာလမ်းနေ (ဦးတင်မောင်-ဒေါ်ကျင်နု)တို့၏သားသမက်၊ (ဗိုလ်ကြီးသိန်းထွန်းဦး)-ဒေါ်စန်းရီ၏ ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်အေးမြိုင်၊ ဦးသန်းလွင်-ဒေါ်ဆွေဆွေနှင်း၊ ဦးထွန်းလွင်၊ ဦးဇော်မင်း-ဒေါ်ခင်ရီ၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်သီတာလွင်၊ ကိုကျော်မိုးတို့၏ အစ်ကိုကြီး၊ ကိုကောင်းမြတ်တင်စိုး-မနှင်းအိဖြူ(ရွှေပြည့်စုံ-ရွှေဆိုင်)၊ ဗိုလ်ကြီးပြည့် ဖြိုးကျော်(ငြိမ်း)၊ ကိုအောင်သက်ဇော်-မစုမွန်ရီ၊ ဒေါက်တာစည်သူရ၊ ဒေါက်တာအောင်ခန့်သူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ခရမ်းမြို့၊ ဘုရားကြီးလမ်းနေ ဒေါ်စိန်ရီ (ရွှေပြည့်စုံ ပရိဘောဂ)၏ခင်ပွန်း သည် ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

စွန့်လွှတ်မြေများအား သက်ဆိုင်သူများ၏လက်ဝယ်သို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းနိုင်ရေးဆောင်ရွက်ဆဲဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လယ်ယာမြေများနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)(၂)(၃)အပေါ် **အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးမှုများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာဖြင့် မိုးသီးနှံစိုက်ပျိုးနိုင်ရန် ၂၀၁၄ ခုနှစ် ဇွန်လနောက်ဆုံးထားဆောင်ရွက်ပေးရေးနှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် ၂၀၁၄ ခုနှစ် စက်တင်ဘာလနောက်ဆုံးထား၍ တိကျစွာဆောင်ရွက်ပေးရေး** အဆိုကို ကော်မရှင်ကိုယ်စား မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က တင်သွင်းခဲ့ရာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)ကို ၂၀၁၃ ခုနှစ် မတ် ၁ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါကြောင်း၊ အစီရင်ခံစာအပိုင်း(၁)တွင် ပါဝင်သည့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် သက်ဆိုင်သော တိုင်ကြားစာ (၅၆၅)စောင်ပါ မြေယာကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာနက စတင်စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသည့် (၂၁၉၂)မှုကို လက်ခံရရှိခြင်းမရှိဘဲ (၅၆၅)မှုသာ လက်ခံရရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်အပေါ် နိုင်ငံတော်သမ္မတရုံးက ၂၀၁၃ ခုနှစ်၊ မေလ (၂၈)ရက်စွဲပါ စာအမှတ်၊ ၅၇၈(၃၇)/၁၂/သမ္မတရုံးဖြင့် တပ်မတော်က တပ်တည်ဆောက်ရန် တပ်ပိုင်အဖြစ်သိမ်းဆည်းထားသည့်မြေများကို အရပ်သားများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းလုံးဝမပြုလုပ်ရန်၊ တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်နှင့်လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာ တိုင်းထွာတွက်ချက်ရယူဆောင်ရွက်သွားရန်၊ နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် လည်းကောင်း၊ လွှတ်တော်အသီးသီးတွင်လည်းကောင်း သိမ်းဆည်းခံထားရသည့်မြေများ ပြန်လည်ရရှိရေးနှင့်ပတ်သက်ပြီးနည်းမျိုးစုံဖြင့် တောင်းဆိုမှုများအပေါ် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်သည့် မြေဧရိယာအကျယ်အဝန်းကိုသာ ရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၂) (၆၃)မှုကို ၂၀၁၃ ခုနှစ်၊ မတ်(၁၂)ရက်တွင် လည်းကောင်း၊ အစီရင်ခံစာအပိုင်း (၃) (၁၁၇)မှုကို ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၂ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခဲ့သဖြင့် ယခင်တင်သွင်းခဲ့သည့် အစီရင်ခံစာအပိုင်း (၁)အပါအဝင် အစီရင်ခံစာအပိုင်း(၃)ခုအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ **စာမျက်နှာ ၇ ကော်လံ ၁ သို့**●

သန်းခေါင်စာရင်းအထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်း ရောင်းချမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သန်းခေါင်စာရင်းကောက်ယူမှုအား ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူလူထု အသုံးပြုနိုင်ရန်အတွက် သန်းခေါင်စာရင်းအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ တန် ငါးမျိုးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘို့တစ်လုံးကုလားအုတ် သားငယ်တစ်ကောင် ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် မွေးဖွား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

